http://www.dhammadownload.com

သတိပဋ္ဌာန်ကျောင်းတိုက်

လွယ်ကူလေ့လာ

# အသုံးချ အဘိဓမ္မာ

(ပထမတွဲ)

(စိတ်+စေတသိက်+ပကိဏ်း+ဝီထိ+ဝီထိမုတ်)

အရှင်ဣန္ဒိယ(ချင်းမိုးဝေ)

သာသနာ ၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

လွယ်ကူလေ့လာ

# အသုံးချ အဘိဓမ္မာ

## လေ့လာသင်ယူရခြင်းအကျိုး

- အခွံကို နွာ၍ အသားကို စားသကဲ့သို့၊ ပညတ်ကို ခွာ၍ ပရမတ်ကို သိနိုင်မည်။
- လောကသစ္စာ ခရောင်းလမ်းကို ဖြတ်သန်း၍ ဓမ္မသစ္စာ ပန်းခင်းလမ်းသို့ လျှောက်လှမ်းနိုင်မည်။
- မမြင်မစမ်း အန္ဓပုထုဇဉ် သူကန်းဘဝပျောက်၍ ရုပ်နာမ်သိမြင် ကလျာဏပုထုဇဉ်ဘဝ ရောက်မည်။
- သင်သာသင် မပြင်၍မလှ "သညာသိ"ဘဝမှ သင်လည်းသင် ပြင်လည်းပြင်၍ လှသော "ပညာသိ"ဘဝသို့ ရောက်ရှိမည်။

http://www.dhammadownload.com

လွယ်ကူလေ့လာ

# အသုံးချအဘိဓမ္မာ

(ပထမတွဲ)

(စိတ်+စေတသိက်+ပကိဏ်း+ဝီထိ+ဝီထိမုတ်)

## အရှင်ကုဏ္ဍိယ(သျှင်မိုးဝေ)

(၃၆)နှစ်မြောက်၊ မွေးနေ့အထိမ်းအမှတ်စာအုပ်။

သာသနာ ၂၅၅၅၊ ကောဇာ- ၁၃၇၃၊ ခရစ်-၂၀၁၁။

http://www.dhammadownload.com

"ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"


## ပုံနှိပ်မှတ်တမ်း

♦♦♦

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)ဖြင့်
ထုတ်ဝေခွင့်ပြု၍
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
အမှတ်(၁၈၄၊ဘီ)(၃၁)လမ်း
ဦးဇော်မြင့်ဝင်း
ကာလာဇုံပုံနှိပ်တိုက်မှ
ပုံနှိပ်ထုတ်ဝေသည်။
ပထမကြိမ်၊၂၀၁၂၊ဇန်နဝါရီလ။
အုပ်ရေ(၁၀၀၀)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပရမတ်တရားနှင့်ပညတ်အကြောင်း | ၁ |
| | (၁)စိတ်ပိုင်း | |
| ၂။ | စိတ်(၈၉/၁၂၁)ပါးနှင့် ဖြစ်ရာဘုံများ | ၅ |
| ၃။ | ကာမာဝစရစိတ်(၅၄)မျိုးဖြစ်ပုံ | ၆ |
| ၄။ | အကုသိုလ်စိတ်(၁၂)မျိုးဖြစ်ပုံ | ၆ |
| ၅။ | လောဘမူလစိတ်(၈)မျိုး | ၇ |
| ၆။ | ဒေါသမူလစိတ်(၂)မျိုး | ၉ |
| ၇။ | မောဟမူလစိတ်(၂)မျိုး | ၁၀ |
| ၈။ | အကုသိုလ်စိတ်(၁၂)ပါးသရုပ်ခွဲ | ၁၁ |
| ၉။ | အဟိတ်စိတ်(၁၈)ပါးဖြစ်ပုံ | ၁၄ |
| ၁၀။ | အကုသလဝိပါက်စိတ်(၇)ပါးဖြစ်ပုံ | ။ |
| ၁၁။ | ကုသလဝိပါက်စိတ်(၈)ပါးဖြစ်ပုံ | ၁၅ |
| ၁၂။ | သောဘနစိတ်(၅၉/၉၁)ပါးဖြစ်ပုံ | ၁၉ |
| ၁၃။ | ကာမသောဘနစိတ်(၂၄)ပါးဖြစ်ပုံ | ။ |
| ၁၄။ | မဟာကုသိုလ်စိတ်(၈)ပါးဖြစ်ပုံ | ။ |
| ၁၅။ | မဟာဝိပါက်စိတ်(၈)ပါးဖြစ်ပုံ | ၂၀ |
| ၁၆။ | မဟာကြိယာစိတ်(၈)ပါးဖြစ်ပုံ | ၂၁ |
| ၁၇။ | ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပုံ | ၂၅ |
| ၁၈။ | ဈာန်အင်္ဂါနှင့်၊ဈာန်၊ဈာန်စိတ် | ။ |
| ၁၉။ | အရူပါဝစရစိတ်(၁၂)ပါးဖြစ်ပုံ | ၂၈ |
| ၂၀။ | အရူပကုသိုလ်စိတ်(၄)မျိုးဖြစ်ပုံ | ၂၈ |

http://www.dhammadownload.com


၂၁။ ဈာန်(၄)ပါးနှင့် အာရုံ(၄)မျိုးတွဲစပ်ပုံ ၂၈
၂၂။ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးဖြစ်ပုံ ၃၁
၂၃။ မဂ်စိတ်(၄)မျိုး၊ ဖိုလ်စိတ်(၄)မျိုးဖြစ်ပုံ ၃၁
၂၄။ လောကုတ္တရာစိတ်အကျယ်(၄၀)ဖြစ်ပုံ ၃၃
၂၅။ စိတ်(၈၉)ပါး သရုပ်ခွဲဇယား ၃၅

## (၂)စေတသိက်ပိုင်း

၂၆။ စေတသိက်၏လက္ခဏာ(၄)မျိုး ၃၇
၂၇။ စေတသိက်(၅၂)ပါးအချုပ် ။
၂၈။ အညသမာန်းစေတသိက်(၁၃)ပါးအချုပ် ၃၈
၂၉။ သဗ္ဗစိတ္တသာဓာရဏ(၇)ပါးဖြစ်ပုံ ၃၈
၃၀။ ပကိဏ်းစေတသိက်(၆)ပါးဖြစ်ပုံ ၃၉
၃၁။ အကုသိုလ်စိတ်(၁၄)ပါးဖြစ်ပုံ ၄၀
၃၂။ သောဘနစေတသိက်(၂၅)ပါးဖြစ်ပုံ ၄၄
၃၃။ သောဘနသာဓာရဏစေတသိက်(၁၉)ပါးဖြစ်ပုံ ၄၄
၃၄။ စုံတွဲစေတသိက်(၁၂)လုံး ၄၆
၃၅။ ဝိရတီစေတသိက်(၃)ပါးဖြစ်ပုံ ၄၇
၃၆။ အပ္ပမညာစေတသိက်(၂)ပါးဖြစ်ပုံ ၄၈
၃၇။ ပညိန္ဒြေစေတသိက်(၁)ပါးဖြစ်ပုံ ၄၉
၃၈။ သမ္ပယောဂနည်း ၅၀
၃၉။ သမ္ပယောဂနည်းအကျဉ်း(၄)နည်းအကျယ်(၁၆)နည်း ။
၄၀။ ပကိဏ်းစေတသိက်၌ စိတ်ယှဉ်ပုံ(၆)နည်း ၅၁
၄၁။ အကုသိုလ်စေတသိက်၌ စိတ်ယှဉ်ပုံ(၅)နည်း ၅၃
၄၂။ သောဘနစေတသိက်၌ စိတ်ယှဉ်ပုံ(၄)နည်း ၅၄
၄၃။ နိယတနှင့်အနိယတအခွဲ ၅၅
၄၄။ သင်္ဂဟနည်း- ၅၆
၄၅။ သင်္ဂဟနည်းအကျဉ်း(၅)နည်း၊အကျယ်(၃၃)နည်း ။

http://www.dhammadownload.com



၄၆။ အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ(၇)နည်း ။
၄၇။ အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ(၄)နည်း ၅၇
၄၈။ ကာမသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ(၁၂)နည်း ၅၈
၄၉။ မဟဂ္ဂုတ်စိတ်၌ စေတသိက်ယှဉ်ပုံ(၅)နည်း ၅၉
၅၀။ လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ(၅)နည်း ၆၀

## (၃)ပကိဏ်းပိုင်း

၅၁။ နာမ်တေပညာသတရား ၆၂
၅၂။ ပကိဏ်းသင်္ဂဟ(၆)မျိုး ။
၅၃။ ၁-ဝေဒနာသင်္ဂဟ ၆၃
၅၄။ ဣန္ဒြေအားဖြင့် ဝေဒနာ(၅)မျိုး ။
၅၅။ ဝေဒနာ(၅)မျိုးနှင့် ယှဉ်ရာစိတ်များ ။
၅၆။ ၂-ဟေတုသင်္ဂဟ ၆၄
၅၇။ ဟိတ်တရား(၆)ပါး ။
၅၈။ ဟိတ်နှင့်ယှဉ်သောစိတ်များ ၆၅
၅၉။ သဟိတ်စိတ်(၇၁)ပါးနှင့် ယှဉ်ရာဟိတ်များ ။
၆၀။ ၃-ကိစ္စသင်္ဂဟ ၆၆
၆၁။ စိတ်တို့၏လုပ်ငန်းကိစ္စ(၁၄)မျိုး ။
၆၂။ လုပ်ငန်းကိစ္စဆောင်ရွက်သည့်စိတ်များ ။
၆၃။ ၄-ဒွါရသင်္ဂဟ ၆၈
၆၄။ ဒွါရ(၆)ပါး ။
၆၅။ ဒွါရ၌ ဖြစ်သောစိတ်များ ၆၉
၆၆။ ၅-အာရမ္မဏသင်္ဂဟ ၇၀
၆၇။ အာရုံ(၆)ပါး ။
၆၈။ အာရုံ(၆)ပါးတို့ကို အာရုံပြုသောစိတ်များ ။
၆၉။ ကာလ(၃)ပါးနှင့် ကာလဝိမုတ်တရားများ ၇၁
၇၀။ ၆-ဝတ္ထုသင်္ဂဟ ၇၂

http://www.dhammadownload.com


၇၁။ ဝတ္ထု(၆)ပါး ၇၃
၇၂။ ဝတ္ထုနှင့် မှီသောစိတ်များ ။
၇၃။ ဝိညာဏဓာတ်(၇)မျိုး သိပုံအထူး ။
၇၄။ ဘုံအလိုက် ရသောဝတ္ထုများ ၇၄
၇၅။ မှီ၍ မမှီ၍ ဖြစ်သောစိတ်များ ၇၄

## (၄)ဝီထိပိုင်း

၇၆။ ဝီထိစဉ်တစ်ခုဌ်ပါသော ဆက္ကတရား(၆)မျိုး ၇၆
၇၇။ စိတ်သက်တို၍ ရုပ်သက်ရှည်ခြင်း ၇၇
၇၈။ ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ ။
၇၉။ ဝီထိစိတ်(၆)မျိုး၏ အကြောင်းများ ၇၈
၈၀။ ဝီထိစိတ်အစဉ်တစ်ခု၏ ဖြစ်ကြောင်းပုံစံ ။
၈၁။ ဝီထိစိတ်တို့အတွက် အာရုံထင်ပုံ(၆)မျိုး ။
၈၂။ ပဉ္စဒွါရဝီထိ(၇၅)မျိုးအကြောင်း ၇၉
၈၃။ အတိမဟန္တာရုံစက္ခုဒွါရဝီထိ(၁)မျိုးဖြစ်စဉ် ဆိုရိုး ။
၈၄။ သရက်သီးကြွေပုံဥပမာနှင့် နှိုင်းယှဉ်ခြင်း ၈၀
၈၅။ ကာမဇော(၂၉)ပါးတို့ ဇောချင်တိုင်း မဇောနိုင် ၈၁
၈၆။ မဟန္တာရုံစက္ခုဒွါရဝီထိ(၂)မျိုးဖြစ်စဉ် ဆိုရိုး ၈၂
၈၇။ ပရိတ္တာရုံစက္ခုဒွါရဝီထိ(၆)မျိုးဖြစ်စဉ် ဆိုရိုး ။
၈၈။ အပရိတ္တာရုံစက္ခုဒွါရဝီထိ(၆)မျိုးဖြစ်စဉ် ဆိုရိုး ၈၃
၈၉။ မနောဒွါရ-ကာမဇောအပိုင်း ၈၅
၉၀။ ဝိဘူတာရုံ ကာမဇောစိတ်ဝီထိဖြစ်ပုံ ။
၉၁။ အဝိဘူတာရုံ ကာမဇောစိတ်ဝီထိဖြစ်ပုံ ၈၆
၉၂။ ပဉ္စဒွါရဝီထိသို့ နောက်လိုက်ဝီထိ ဖြစ်ပုံများ ၈၇
၉၃။ နွားဟူသောအသံကြား၍ ဝီထိစိတ်ဖြစ်ပုံ ။
၉၄။ မနောဒွါရ-အပ္ပနာဇောအပိုင်း ၉၈
၉၅။ ရူပအပ္ပနာဇောဈာန်ဝီထိဖြစ်ပုံဆိုရိုး ။

http://www.dhammadownload.com


၉၆။ တဒါရုံကျပုံအကြောင်း ၉၀
၉၇။ အာရုံ(၃)မျိုးတို့၌ တဒါရုံဝိပါက်စိတ်ဖြစ်ပုံများ ။
၉၈။ ဝိပါက်လည်းအမှန် ဇောလည်းအမှန်ဖြစ်ပုံ ၉၁
၉၉။ ဝိပါက်အမှန်ဖြစ်သော်လည်း ဇောအပြန်ဖြစ်ပုံ ။
၁၀၀။ ဇောနောက်၌ တဒါရုံကျပုံများ ၉၂
၁၀၁။ တဒါရုံကျနိုင်သည့်အင်္ဂါ(၃)ပါး ။
၁၀၂။ အာဂန္တုကဘဝင်စိတ်ဖြစ်ပုံ ၉၃
၁၀၃။ ဇောစောပုံများအကြောင်း ၉၄
၁၀၄။ ပုဂ္ဂိုလ်အမျိုးအစားနှင့် ရသောစိတ်များအကြောင်း ၉၆
၁၀၅။ ပုဂ္ဂိုလ်(၁၂)ယောက်တို့၌ ဖြစ်နိုင်သောစိတ်များ ၉၇
၁၀၆။ ဘုံများနှင့် ရသောစိတ်များ ၉၉

## (၅)ဝိထိမုတ်ပိုင်း

၁၀၇။ စတုက္ကတရား(၄)မျိုး ၁၀၁
၁၀၈။ ဘုံ(၄)မျိုးနှင့် (၃၁)ဘုံအကြောင်း ၁၀၂
၁၀၉။ ဘုံ(၄)မျိုးနှင့် ဖြစ်ရာပုဂ္ဂိုလ်များ ။
၁၁၀။ ကမ္ဘာ့ပထဝီတည်နေပုံအကျဉ်း ၁၀၃
၁၁၁။ ကျွန်းကြီး(၄)ကျွန်းနှင့် အသက်တမ်းများ ၁၀၄
၁၁၂။ ပုဂ္ဂိုလ်(၁၂)ယောက်နှင့် ဖြစ်ရာဘုံများ ၁၀၅
၁၁၃။ ပဋိသန္ဓေ(၄)မျိုးအကြောင်း ၁၀၆
၁၁၄။ နတ်တို့၏သက်တမ်း ၁၀၇
၁၁၅။ ရူပ/အရူပဗြဟ္မာတို့၏အသက်တမ်းများ ၁၀၈
၁၁၆။ ကပ်(၃)မျိုးနှင့် မဟာကပ်ကမ္ဘာတွက်ပုံ ၁၀၉
၁၁၇။ တစ်ဘဝတွင် တူမြဲတရား(၃)ပါး ။
၁၁၈။ ကံ(၄)မျိုး (၄)လီအကြောင်း ၁၁၀
၁၁၉။ ကိစ္စကံ(၄)ပါး ။
၁၂၀။ ပါကဒါနပရိယာယကံ(၄)ပါး ၁၁၁

http://www.dhammadownload.com


၁၂၁။ ပါကကာလကံ(၄)ပါး ၁၁၃
၁၂၂။ ပါကဌာနကံ(၄)ပါး ၁၁၅
၁၂၃။ အကုသိုလ်ကံ(၃)မျိုးနှင့် (၁၀)ပါး ၁၁၆
၁၂၄။ ကာမကုသိုလ်ကံ(၃)မျိုးနှင့် (၁၀)မျိုး ၁၂၀
၁၂၅။ ပုညကြိယာဝတ္ထု(၁၀)ပါး ၁၂၁
၁၂၆။ ဒါနကုသိုလ်(၁)ခု၏ စေတနာ(၃)မျိုး ၁၂၂
၁၂၇။ ရူပကုသိုလ်ကံ(၅)ပါး ၁၂၃
၁၂၈။ အရူပကုသိုလ်ကံ(၅)ပါး ။
၁၂၉။ ကာမကံ(၂၀)၏အကျိုးတရားများ ၁၂၄
၁၃၀။ စေတနာ(၄)မျိုးနှင့် အကျိုးပေးအထူး ။
၁၃၁။ ရူပကုသိုလ်ကံအကျိုးပေးပုံများ ၁၂၅
၁၃၂။ အရူပကုသိုလ်ကံအကျိုးပေးပုံ ။
၁၃၃။ သေခြင်း(၄)မျိုးအကြောင်း ၁၂၇
၁၃၄။ သေခြင်း(၄)မျိုး၏ဥပမာ ။
၁၃၅။ ကာလမရဏနှင့် အကာလမရဏ ။
၁၃၆။ ဥပစ္ဆေဒကမရဏ၏သဘော ။
၁၃၇။ သေခါနီးထင်လာမည့်အာရုံ(၃)မျိုး ၁၂၈
၁၃၈။ မရဏာသန္နဝီထိ(၄)မျိုး ၁၂၉
၁၃၉။ ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းပုံဝီထိ ။
၁၄၀။ စုတိစိတ်ဖြစ်ပေါ်ပုံ ၁၃၀
၁၄၁။ ပဋိသန္ဓေစိတ်ဖြစ်ပုံ ။
၁၄၂။ ပဋိသန္ဓေစိတ်၏အာရုံ ။
၁၄၃။ သေပြီးနောက် ရောက်ရမည့်ဘုံဘဝများ ။
၁၄၄။ သံသရာလည်ပုံနှင့် ပြတ်ပုံ ။

မာတိကာပြီး၏။

http://www.dhammadownload.com

# ပရမတ်တရားနှင့် ပညတ်အကြောင်း

(မဖောက်မပြန်သော သဘောမှန်တရားများ)

## ပရမတ်နှင့်ပညတ်သဘော

၁။ သဘာဝဓမ္မအားဖြင့် မဖေါက်မပြန်သော သဘောမှန်တရားများကို 'ပရမတ်'ဟု ခေါ်၏။ ပရမတ်တရားတို့သည် သဘောအားဖြင့် ထင်ရှားရှိသော အရှိတရား အမှန်ဖြစ်သောကြောင့် သဘာဝသစ္စာ ထိုက်၏။

၂။သဘာဝဓမ္မအားဖြင့် ဖောက်ပြန်သော အပြောမှန်တရားများကို 'ပညတ်' ဟုခေါ်၏။ ပညတ်တရားတို့သည် သဘောအားဖြင့် ထင်ရှားမရှိသော မရှိတရား ဖြစ်သော်လည်း လောကသမ္မုတိအားဖြင့်အမှန်ဖြစ်သောကြောင့် သမ္မုတိသစ္စာသာ ထိုက်၏။

ဥပမာ- ရုပ်နာမ်ခန္ဓာတို့သည် သဘာဝဓမ္မအားဖြင့် ရှိ၏။ ယောကျ်ား၊မိန်းမ စသည်တို့သည် လောကဓမ္မအားဖြင့်သာ ရှိ၏။ သဘာဝဓမ္မအားဖြင့်ကား မရှိ။ လင်္ကာ။ သဘောအမှန်၊ မဖေါက်ပြန်၊ မှန်ကန်တည့်မတ်၊ ပရမတ်။

## သမ္မုတိသစ္စာနှင့်တန်ဖိုး

အမှန်တရားဟုခေါ်သော သစ္စာတို့သည် (၁)သမ္မုတိသစ္စာ၊ (၂)ပရမတ္ထသစ္စာ ဟု အကျဉ်း(၂)မျိုး ဖြစ်၏။

ပုဂ္ဂိုလ်၊သတ္တဝါ၊ဗြဟ္မာ၊လူ၊နတ်၊ခွေး၊ကြောင်၊ငှက်၊တော၊တောင်၊ သမုဒ္ဒရာ စသော ပညတ်တရားစုသည် သဘောအားဖြင့် ထင်ရှားမရှိသော်လည်း အဟုတ်အမှန် အတိုင်း ပရမတ္ထသစ္စာကို မသိနိုင်သူတို့အတွက် ခေါ်ဝေါ်ပြောဆို သမုတ်ခြင်းပြုသဖြင့် ဝစီသစ္စာ၊ဝိရတီသစ္စာတို့၏ တည်ရာဖြစ်သောကြောင့် 'သမ္မုတိသစ္စာ' မည်၏။

ထိုသမ္မုတိသစ္စာ၌ တည်လျက် ကောင်းစွာ အသုံးချနိုင်သည်ရှိသော် လူ၊နတ်၊ ဗြဟ္မာစည်းစိမ်ချမ်းသာတို့ကို ရရှိနိုင်ကုန်၏။ ကောင်းစွာ အသုံးမချနိုင်သူတို့မှာ အပါယ်စသောဆင်းရဲသို့ ရောက်ရှိနိုင်ကုန်၏။

http://www.dhammadownload.com



ဥပမာ- အလောင်းတော်မြတ်ကြီးများသည် သမ္မုတိသစ္စာ၌တည်လျက်ပင် ဗောဓိဉာဏ်ရောက်ကြောင်း ဒါန၊သီလစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူကုန်၏။ မိစ္ဆာအယူရှိသူများသည် မိဘမရှိ၊သံဃာမရှိ၊ အလှူခံ ပုဂ္ဂိုလ်မရှိ၊ သတ်သူမရှိစသည်ဖြင့် ယူမှား၍ ဖောက်ပြားစွာကျင့်သဖြင့် အပါယ်သို့ လားရကုန်၏။

ထိုသမ္မုတိသစ္စာသည် ပရမတ္ထသစ္စာနှင့် နှိုင်းစာခဲ့သော် အမှန်အဖြစ်သို့ မရောက်ဘဲ မှောက်မှားသောတရားအစုသာ ဖြစ်ရကုန်၏။ သမ္မုတိသစ္စာသည် သဘောအားဖြင့် ထင်ရှားမရှိသဖြင့် ယထာဘူတဉာဏ် မရှိသူတို့သန္တာန်၌သာ အမှန်တရားအဖြစ် ရပ်တည်နိုင်ခွင့် ရှိလေသည်။

ယထာဘူတဉာဏ်ရှိသူတို့သန္တာန်၌ကား သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူအမျိုးမျိုး၏ တည်မှီရာဖြစ်၍ သံသရာဝဋ္ဋဒုက္ခမှ လွတ်ကင်းခွင့်ကို မပေးနိုင်သဖြင့် အပြစ်များသည့် မှောက်မှားသောတရားအစုသာ ဖြစ်ရလေသည်။

### ပရမတ္ထသစ္စာနှင့် တန်ဖိုး

ပရမတ္ထသစ္စာသည်လည်း (၁)သဘာဝသစ္စာ၊ (၂)အရိယသစ္စာဟု (၂)မျိုးရှိ၏။ ဓမ္မသင်္ဂဏီ၊ဝိဘင်းစသော အဘိဓမ္မာဒေသနာ၌ ဝေဖန်ဟော ကြားတော်မူအပ်သော ကုသိုလ်၊အကုသိုလ်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာစသော တရားစုသည် သဘာဝသစ္စာ မည်၏။

ကုသိုလ်စသောတရားစုတို့သည် အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း၊ သုခဝေဒနာသည်လည်း ချမ်းသာစွာခံစားရခြင်းစသည်ဖြင့် ပင်ကိုယ်သဘောအားဖြင့် ထင်ရှားရှိသော အမှန်တရားဖြစ်သောကြောင့် 'သဘာဝသစ္စာ' ဟု ခေါ်သည်။

ထိုသဘာဝသစ္စာသည် ပင်ကိုယ်သဘောအားဖြင့် ထင်ရှားရှိသောတရားမှန်သော်လည်း အရိယသစ္စာနှင့် နှိုင်းစာခဲ့သော် အချို့အမှန်အစစ် မဟုတ်ပြန်လေကုန်၊ သဘာဝသစ္စာသည် အရိယသစ္စဉာဏ်ကို မျက်မှောက် မပြုနိုင်သေးသူ ပုထုဇဉ်တို့သန္တာန်၌သာ ကုသိုလ်တရားတို့ကြောင့် လူ့နတ်၊ဗြဟ္မာ၊မဂ်၊ဖိုလ်၊နိဗ္ဗာန်တို့ကို ရရှိအောင် အသုံးချနိုင်သဖြင့် မချွတ်ယွင်းသော အမှန်အစစ် ဖြစ်၏။

အရိယသစ္စဉာဏ်ကို မျက်မှောက်ပြုသော အရိယာပုဂ္ဂိုလ်တို့သန္တာန်၌ကား သုခဝေဒနာ၏ ချမ်းသာခံစားမှု၊ ဒုက္ခဝေဒနာ၏ဆင်းရဲခံစားမှုစသည်တို့သည် 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ' နှင့်အညီ အနိစ္စ၊ဒုက္ခ၊အနတ္တသဘောကို မလွန်ဆန်နိုင်သောကြောင့် စင်စစ်ဆင်းရဲကုန်၏ဟု အရိယသစ္စာဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်လေ၏။

http://www.dhammadownload.com


**အရိယသစ္စာနှင့်တန်ဖိုး**

အရိယသစ္စာတို့သည် (၁)ဒုက္ခ အရိယသစ္စာ၊ (၂)ဒုက္ခသမုဒယ အရိယသစ္စာ၊ (၃)ဒုက္ခနိရောဓ အရိယသစ္စာ၊ (၄)ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟု (၄) မျိုးရှိ၏။

(၁)ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရားတို့သည် ဒုက္ခသဘော အစစ်အမှန်ဖြစ်၏။

(၂)တဏှာသည် ဒုက္ခ၏ဖြစ်ကြောင်းသဘော အစစ်အမှန်ဖြစ်၏။

(၃)နိဗ္ဗာန်သည် ဒုက္ခချုပ်ငြိမ်းမှုသဘော အစစ်အမှန်ဖြစ်၏။

(၄)မဂ္ဂင်(၈)ပါးတို့သည် နိဗ္ဗာန်ရောက်ကြောင်းသဘော အစစ်အမှန်ဖြစ်၏။

ထိုအရိယသစ္စာတို့ကို မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုခြင်းကြောင့် ဝဋ်ဒုက္ခ ခပ်သိမ်းတို့ ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာန်ဓာတ်သဘောသို့ ရောက်ရှိ၏။

♦ ♦ ♦

**ပရမတ်တရား(၄)ပါး**

၁။**စိတ်**- အာရုံကို သိမှုသဘော။

၂။**စေတသိက်**- စိတ်၌မှီ၍ စိတ်ကို ချယ်လှယ်သိမှုသဘော။

၃။**ရုပ်**-အအေး,အပူစသည်တို့ကြောင့် ဖေါက်ပြန်တတ်မှုသဘော။

၄။**နိဗ္ဗာန်**-အငြိမ်းဓာတ်သဘော

ထိုပရမတ်(၄)ပါးမှ လွဲလျှင် မိန်းမ,ယောကျ်ား, ပုဂ္ဂိုလ်,နာမည်စသည် အားလုံးတို့သည် ဥပါဒါပညတ်၊ သမူဟပညတ်၊ သဏ္ဌာနပညတ်၊ သန္တတိပညတ် စသည်တို့ဖြင့် မှည့်ခေါ်ဝေါ်ခြင်းအကျိုးငှါရာ ပညတ်ထားရုံမျှသာတည်း။

**လင်္ကာ**။ စိတ်,စေတသိက်၊ ရုပ်,နိဗ္ဗာန်အား၊ ခွဲ၍ထား၊ လေးပါးပရမတ်။

**(၁)အာရုံသိမှုသဘော စိတ်ပရမတ်**

၁။ စိတ်သည် အာရုံကိုသိမှု သာမညသဘောအားဖြင့် (၁)မျိုးတည်း သာ ဖြစ်၏။ သို့သော် အထူးထူးအပြားပြား ဝိသေသအားဖြင့် အကျဉ်း(၈၉)ပါး၊ အကျယ် (၁၂၁)ပါး ရှိ၏။

ဥပမာ- အပြစ်ကင်းသော သိမှုသဘော-ကုသိုလ်စိတ်။ အပြစ်ရှိသော သိမှု

http://www.dhammadownload.com


သဘော အကုသိုလ်စိတ်။ မြင်သိမှုသဘော စက္ခုဝိညာဏ်စိတ်စသည် အမျိုးမျိုးကွဲပြားသော်လည်း အာရုံကိုသိမှုသဘော (၁)မျိုးသည်ကား စိတ်သာတည်း။

## (၂)စိတ်၌ယှဉ်ဖြစ်မှုသဘော စေတသိက်ပရမတ်

၂။ စိတ်က အာရုံသိမှုပြုသည့်အခါ စိတ်နှင့် လိုက်ပါယှဉ်တွဲကာ အာရုံသိမှုသဘော စေတသိက်တရားများမှာ (၅၂)ပါးအထိ ရှိ၏။

ဥပမာ- စိတ်က စားစရာအာရုံကို သိရုံမျှပြု၏။ လောဘစေတသိက်က စားလိုနေမှုပြု၏။ ဒေါသစေတသိက်က မစားလိုနေမှုပြု၏။

## (၃)ဖောက်ပြန်မှုသဘော ရုပ်ပရမတ်

စိတ်စေတသိက်တို့သည် အထည်ကိုယ်ဒြပ် ထင်ရှားမရှိရကား အထည်ဒြပ် ထင်ရှားရှိသော ရုပ်ပရမတ်တို့၌ မှီ၍ ဖြစ်ကြရ၏။ ထိုရုပ်ပရမတ်ဟူသည်မှာ အအေး၊ အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်မှုသဘော(၂၈)ပါးဖြစ်၏။

ဥပမာ- ပထဝီ-ခက်မာမှုသဘောသည် အအေးကြောင့်လည်းကောင်း၊ အပူကြောင့်လည်းကောင်း အမျိုးမျိုးပြောင်းလဲကာ ဖြစ်နေမှုအားဖြင့် ဖောက်ပြန်၏။

## (၄)အငြိမ်းဓာတ်သဘော နိဗ္ဗာန်ပရမတ်

အဖြစ်အပျက်သဘောတရားတို့၏ ချုပ်ခြင်းကြောင့် မဖြစ်၊မပျက်သဖြင့် အေးငြိမ်းခြင်းသဘောကို နိဗ္ဗာန်ဟု ခေါ်၏။ ကိလေသာဟူသော အပူဓာတ်ကင်းပြတ်ခြင်းကြောင့် အပူမရှိမှုသည် အေးငြိမ်းခြင်း ဖြစ်၏။

ဥပမာ- လောင်စာနှင့်ဆီ ပေါင်းဆုံခွင့်ရသော် မီးဖြစ်ပေါ်သကဲ့သို့၊ ရုပ်နာမ်ဟူသောလောင်စာနှင့် ကိလေသာဟူသောဆီတို့ ပေါင်းဆုံခွင့်ရသော် မီးတောက်ဟူသော အပူဓာတ်သည် ဖြစ်၏။ ထိုအပူဓာတ် ချုပ်ပြတ်ငြိမ်းမှုသည်ပင် နိဗ္ဗာန်တည်း။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



# (၁)စိတ်ပိုင်း

## (အာရုံသိမှုသဘောများ)

### စိတ်၏သဘော

'စိတ်'ဟူသည် သာမညအားဖြင့် အာရုံကို သိနိုင်မှုသဘော (၁)မျိုးတည်းသာ ဖြစ်၏။ အထူးအားဖြင့် အာရုံကို ခွဲခြားလျက် သိမှုသဘောစွမ်းအား အကျဉ်း(၈၉)မျိုး၊ အကျယ်(၁၂၁)မျိုး ရှိ၏။

စိတ်(၈၉/၁၂၁)ပါးနှင့် ဖြစ်ရာဘုံများ

| သိမှုသာမည(၁) | | | သိမှုအထူး(၈၉/၁၂၁) | |
|---|---|---|---|---|
| ဘုံ(၄)မျိုး | ကာမ(၁၁)ဘုံ | ရူပ(၁၆)ဘုံ | အရူပ(၄)ဘုံ | လောကုတ္တရာ(၈/၄၀)ဘုံ |
| စိတ်(၄)မျိုး | ကာမာဝစရစိတ် | ရူပါဝစရစိတ် | အရူပါဝစရစိတ် | လောကုတ္တရာစိတ် |
| စိတ်ပေါင်း | (၅၄)စိတ် | (၁၅)စိတ် | (၁၂)စိတ် | အကျဉ်း(၈)ကျယ်(၄၀) |

### လက်တွေ့အသုံးချပုံ

အာရုံတစ်မျိုးမျိုးကို ကြံဆ၍ သိနေမှုသဘော စွမ်းအားသည် 'စိတ်' ဖြစ်၏။ အပြစ်ကင်းသောအာရုံ၌ သိမှုသဘောသည် ကုသိုလ်စိတ် ဖြစ်၏။ အပြစ်မကင်းသော အာရုံ၌ သိမှုသဘောသည် အကုသိုလ်စိတ် ဖြစ်၏။

ဥပမာ- TV ကြည့်နေစဉ် အကြောင်းအရာမျိုးစုံကို သိနေမှုသည် ဖြစ်၏။ မည်သည့် အာရုံကိုမဆို သိနေမှုသဘောမျှသည် စိတ် ဖြစ်၏။ မြင်မှုကိုလည်း သိ၏။ ကြားမှုစသည်ကိုလည်း သိ၏။ စားမှုစသည်ကိုလည်း သိ၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ကာမာဝစရစိတ်(၅၄)မျိုးဖြစ်ပုံ

| | |
|---|---|
| အကုသိုလ်စိတ်(၁၂) | လောဘ၊ဒေါသ၊မောဟအပြစ်ဟိတ်များ အမြစ်တွယ်သဖြင့် အပြစ်ရှိစိတ်များ |
| အဟိတ်စိတ်(၁၈) | လောဘစသောဟိတ်တို့မပါသဖြင့် အမြစ်မဲ့စိတ်များ |
| ကာမသောဘနစိတ်(၂၄) | အလောဘ၊အဒေါသ၊အမောဟအကောင်းဟိတ်များ အမြစ်တွယ်နေသဖြင့် အပြစ်ကင်းစိတ်များ |

### ကာမာဝစရ၏သဘော

**ကာမ**-လိုချင်နှစ်သက်မှု ကာမတဏှာ၏၊ **အဝစရ**-အာရုံပြုသည့်သဘောဖြင့် ဖြစ်ရာကျင်လည်ရာ စိတ်တို့ကို "**ကာမာဝစရစိတ်**"(ကာမစိတ်)ဟု ခေါ်သည်။

**ဥပမာ**- စား၊ဝတ်၊နေမှုတို့ကို လိုချင်နှစ်သက်စိတ်ကြောင့်သာ ပြုကြ၏။ ကုသိုလ်၊အကုသိုလ်အလုပ်တို့ကိုလည်း လိုချင်နှစ်သက်စိတ်ကြောင့်သာ ပြုကြ၏။

## အကုသိုလ်စိတ်(၁၂)မျိုးဖြစ်ပုံ

| | | |
|---|---|---|
| **လောဘမူလစိတ်(၈)**<br>လိုချင်မှုသဘောအရင်းခံစိတ် | **ဒေါသမူလစိတ်(၂)**<br>စိတ်ဆိုးမှုသဘောအရင်းခံ | **မောဟမူလစိတ်(၂)**<br>တွေဝေမှုသဘောအရင်းခံ |

### အကုသိုလ်၏သဘော

မိတ်ဆွေ၏ဆန့်ကျင်ဘက်သည် ရန်သူဖြစ်သကဲ့သို့၊ ကုသိုလ်၏ဆန့်ကျင်ဘက် သဘောစွမ်းအားများကို '**အကုသိုလ်**' ခေါ်၏။ အပြစ်ရှိသောကြောင့် '**သာဝဇ္ဇ**'တရားမျိုး ဖြစ်၏။ ကိုယ်စိတ်ဆင်းရဲခြင်းစသော ဆိုးကျိုးဒုက္ခတို့ကို ရရှိစေသောကြောင့် '**ဒုက္ခဝိပါက**'တရား ဖြစ်၏။

ဥပမာ-လောဘအရင်းခံစိတ်ကြောင့် ပြုသောအမှု၊ ဒေါသအရင်းခံစိတ်ကြောင့် ပြု သောအမှု၊ မောဟအရင်းခံစိတ်ကြောင့် ပြုသောအမှုတို့သည် အပြစ်ရှိသောကြောင့် အကုသိုလ်စိတ် ဖြစ်၏။ ဆိုးကျိုးတို့ကိုသာ ဖြစ်ပေါ်စေ၏။

**မှတ်ချက်။** "မူလ"၌ လကိုဖြုတ်၍ လောဘမူစိတ်၊ဒေါသမူစိတ်ဟု အလွယ်ဆိုပါလေ။

http://www.dhammadownload.com



**စိတ်တို့၌'မူလ'ရှိနေပုံ**

သစ်ပင်၌ အမြစ်တွယ်နေဘိသကဲ့သို့ အကုသိုလ်စိတ်တို့၌ လောဘ၊ဒေါသ၊ မောဟ၊ ကုသိုလ်စိတ်တို့၌ အလောဘ၊အဒေါသ၊အမောဟတို့ အရင်းခံလျက် ဖြစ်၏။

၁။မြင်ချင်စိတ်ကြောင့် ကြည့်မှု၊ ကြားချင်စိတ်ကြောင့် နားထောင်မှု၊ စားချင်စိတ်ကြောင့်စားမှုတို့၌ လိုချင်နှစ်သက်မှု'လောဘ'အရင်းခံသဖြင့် **"လောဘမူလရှိသော စိတ်"** ခေါ်၏။

၂။မမြင်ချင်စိတ်ကြောင့် မကြည့်မှု၊ မကြားချင်စိတ်ကြောင့် နားမထောင်မှု၊ မစားချင်စိတ်ကြောင့် မစားမှုတို့၌ စိတ်ပျက်စိတ်ဆိုးခြင်း 'ဒေါသ'အရင်းခံသဖြင့် **"ဒေါသမူလရှိသောစိတ်"** ခေါ်ရ၏။

၃။မြင်မှု၊ကြားမှုစသည်တို့၌ သဘောအမှန်ကို မသိမှု၊အမှားကို သိနေမှုတို့သည်ပင် မောဟအရင်းခံနေသဖြင့် **'မောဟမူလရှိသောစိတ်'** ခေါ်ရ၏။

ထိုလောဘ၊ဒေါသ၊မောဟတို့သည် အကုသိုလ်စိတ်တို့၏ အမြစ်အရင်းများဖြစ်သောကြောင့် **"အကုသိုလ်မူလတရား"**ဟု ခေါ်၏။

## လောဘမူလစိတ်(၈)မျိုး

| (က)ဝေဒနာ | (ခ)သမ္ပယုတ် | (ဂ)သင်္ခါရ |
|---|---|---|
| (၁)သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ်(၁)ပါး |
| (၂)သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | သသင်္ခါရိကစိတ်(၁)ပါး |
| (၃)သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ်(၁)ပါး |
| (၄)သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | သသင်္ခါရိကစိတ်(၁)ပါး |
| (၅-၈)ဥပေက္ခာသဟဂုတ် | (ဒိဋ္ဌိသံ/ဝိပ်) | (အသင်္ခါ/သသင်္ခါ(၄)ပါး |

(က)**သောမနဿသဟဂုတ်**-ဝမ်းသာရွှင်ပြမှုနှင့်တကွ၊ **ဥပေက္ခာသဟဂုတ်**-ဝမ်းမသာ၊ဝမ်းမနည်းမှုနှင့်တကွ။ (ခ)**ဒိဋ္ဌိဂတသမ္ပယုတ်**-အယူမှားဒိဋ္ဌိနှင့် ယှဉ်လျက်၊ **ဒိဋ္ဌိဂတဝိပ္ပယုတ်**-အယူမှားဒိဋ္ဌိနှင့် မယှဉ်လျက်။ (ဂ)**အသင်္ခါရိက**- တိုက်တွန်းမှုမပါဘဲ၊ **သသင်္ခါရိက**-တိုက်တွန်းမှုပါ၍၊ ဖြစ်သော လိုခြင်းမှုသဘောအရင်းခံ စိတ်(၈)မျိုးဖြစ်၏။

♦ ♦ ♦

http://www.dhammadownload.com



## လက်တွေ့အသုံးချပုံ

မြင်၊ကြား၊နံ၊စား၊ထိတွေ့စသော အာရုံတစ်မျိုးမျိုးကို တွယ်တာစိတ်ဖြင့် ကြံသိနေသောအခါတို့၌ လောဘမူလစိတ်(၈)မျိုးတွင် တစ်မျိုးမျိုး ဖြစ်ပေါ်နေ၏။

(က)ဝမ်းသာရွှင်ပြစွာ TVကြည့်နေသူအား **'သောမနဿသဟဂုတ်'** ဖြစ်၏။ (ခ)အပြစ်ရှိမှန်းမသိသဖြင့်လည်း **'ဒိဋ္ဌိဂတသမ္ပယုတ်'** ဖြစ်၏။ (ဂ)သူတစ်ပါးတိုက်တွန်းမှုကြောင့်မဟုတ်ဘဲ ကိုယ်နှစ်သက်လို့ကြည့်နေသဖြင့် **'အသင်္ခါရိက'** ဖြစ်၏။

ထို(၃)မျိုးကို ပေါင်း၍ **'သောမနဿသဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, အသင်္ခါရိက လောဘမူလစိတ်'** ဖြစ်၍ TV ကြည့်နေမှု မည်၏။

ထို့အတူ သီချင်းနားထောင်သူ၊ ဈေးဝယ်ထွက်သူ၊ အလှပြင်နေသူ၊ ထမင်းစားနေသူ၊ ကားစီးနေသူစသည်တို့အား အကုသိုလ် **'လောဘမူလစိတ်'** တို့ ဖြစ်၏။

### ဓမ္မဝိဋ္ဌာန်များ

၁။ သူတစ်ပါးပစ္စည်းကို ခိုးယူလျှင်အပြစ်မရှိဟု ယူဆလျက်၊ ဝမ်းသားရွှင်ပြစွာ မည်သူမျှမတိုက်တွန်းဘဲ အလစ်သုတ်နေသူသန္တာန်၌ ဖြစ်သောအကုသိုလ်စိတ်မှာ-

သောမနဿသဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-အသင်္ခါရိက(ပထမ)လောဘမူစိတ်။

၂။ 'ရက်ရာဇာနေ့မှာ လာဘ်ရမည်'ဟု ဗေဒင်ဆရာပြောစကားကို အားရဝမ်းသာယုံလျက် စိတ်အားထက်သန်နေသူ၌ ဖြစ်သောစိတ်မှာ-သောမနဿသဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက-(ဒုတိယမြောက်)လောဘမူစိတ်။

၃။ အပြစ်ရှိမှန်းသိပါလျက် သူတစ်ပါးပစ္စည်းကို လိမ်ညာလှည့်စား၍ ဝမ်းသာပျော်ရွှင်စွာ စီးပွားရှာနေသူသန္တာန်၌ ဖြစ်သောစိတ်မှာ-သောမနဿသဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက (တတိယမြောက်)လောဘမူစိတ်။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ဒေါသမူလစိတ်(၂)မျိုး

| (က)ဝေဒနာ | (ခ)သမ္ပယုတ် | (ဂ)သင်္ခါရ |
|---|---|---|
| (၁)ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | အသင်္ခါရိကစိတ်(၁)ပါး |
| (၂)ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | သသင်္ခါရိကစိတ်(၁)ပါး |

(က)စိတ်ပျက်စိတ်ဆိုးမှုနှင့်တကွ '**ဒေါမနဿသဟဂုတ်**'၊ (ခ)ထိပါးနိုပ်စက်မှုနှင့်ယှဉ်လျက် '**ပဋိဃသမ္ပယုတ်**'၊ (ဂ)တိုက်တွန်းမှုမပါဘဲ '**အသင်္ခါရိက**'၊ တိုက်တွန်းမှုပါလျက် '**သသင်္ခါရိက**'၊ စိတ်ပျက်၊စိတ်ဆိုး ဒေါသမူလစိတ်(၂)မျိုး ဖြစ်၏။

♦ ♦ ♦

## လက်တွေ့အသုံးချပုံ

မကောင်းသောအာရုံဆိုး 'အနိဋ္ဌာရုံတစ်မျိုးမျိုးကို တွေ့ကြုံရသည့်အခါ စိတ်ပျက်၊စိတ်ဆိုးမှုတို့သည် ဒေါသမူစိတ်တို့တည်း။ စိတ်ဆင်းရဲမှုကို ခံစားနေရမှုသည် '**ဒေါမနဿဝေဒနာ**' ဖြစ်၏။ ထိပါးနိုပ်စက်မှုနှင့် ယှဉ်နေမှုသည် '**ပဋိဃသမ္ပယုတ်**' ဖြစ်၏။

သူတစ်ပါးကြောင့်မဟုတ်ဘဲ ပင်ကိုယ်အာရုံကို ကိုယ်မကြိုက်မနှစ်သက်၍ စိတ်ဆိုးမှုဖြစ်ရသကဲ့သို့၊ တစ်စုံတစ်ယောက်၏ ပြောဆို၊ပြုလုပ်မှုကြောင့် ကိုယ်မကြိုက်သောအာရုံနှင့်ကြုံရကာ စိတ်ပျက်စိတ်ဆိုးမှုလည်းရှိ၍ ဒေါသ(၂)မျိုး ကွဲသည်။

## ဓမ္မစိဋ္ဌာန်များ

၁။ ဘယ်သူသေသေ ငတေမာပြီးရောစိတ်ဖြင့် ငှက်များကို အပျော်တမ်းပစ်သတ်နေသူသန္တာန်၌ဖြစ်သောစိတ်မှာ-ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-အသင်္ခါရိကစိတ်။

၂။ သူငယ်ချင်းဖြစ်သူနှင့်ဖုန်းပြောပြီး စိတ်ဆိုး၊စိတ်ထိခိုက်နေသူ၌ ဖြစ်သောစိတ်မှာ-ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-သသင်္ခါရိကစိတ်။

၃။ မိမိမုန်းတီးနေသူကို တွေ့မြင်လိုက်ရသဖြင့် စိတ်ဆင်းရဲဖြစ်နေသူသန္တာန်၌ ဖြစ်သောစိတ်မှာ- ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-သသင်္ခါရိကစိတ်။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## မောဟမူလစိတ်(၂)မျိုး

| (က)ဝေဒနာ | (ခ)သမ္ပယုတ် |
|---|---|
| (၁)ဥပေက္ခာသဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ်စိတ်(၁)ပါး |
| (၂)ဥပေက္ခာသဟဂုတ် | ဥဒ္ဓစ္စသမ္ပယုတ်စိတ်(၁)ပါး |

(က) ဝမ်းမသာ၊ဝမ်းမနည်းခံစားမှုနှင့်တကွ-'**ဥပေက္ခာသဟဂုတ်**'၊ (ခ)ရတနာမြတ်သုံးပါးစသည်၌ ယုံမှားခြင်း-'**ဝိစိကိစ္ဆာသမ္ပယုတ်**'၊ (ခ)အာရုံတို့၌ ပျံ့လွင့်ခြင်း-'**ဥဒ္ဓစ္စသမ္ပယုတ်**'တို့ဖြင့် တွေဝေမှု'**မောဟမူစိတ်**' (၂)မျိုး ဖြစ်၏။

မှတ်ချက်။ ဤစိတ်၌ တိုက်တွန်းမှု၊မတိုက်တွန်းမှုဟု မကွဲပြား၍ 'သင်္ခါရဝိမုတ်စိတ်'ခေါ်၏။

### မောဟမူလရှိနေပုံ

သစ်တစ်ပင်သည် အမြစ်ရှိနေမှုကြောင့် ကြီးထွားရှင်သန်သကဲ့သို့ ထို့အတူသတ္တဝါတို့သန္တာန်၌ အာရုံ၏သဘောအမှန်ကို မသိနိုင်အောင် စိတ်၌ အမှောင်ကျမှုသဘောသည်ပင် မောဟအမြစ်တွယ်နေမှု 'မောဟမူလ' ဖြစ်၏။

### အကုသိုလ်စိတ်၌ ဟိတ်ခွဲပုံ

လောဘမူစိတ်(၈)ခု၌ မောဟနှင့်လောဘ၊ ဒေါသမူစိတ်(၂)ခု၌ မောဟနှင့်ဒေါသဟု ဟိတ်(၂)ပါးစီယှဉ်မှုကြောင့် '**ဒွိဟိတ်စိတ်**'ဟု ခေါ်၏။

မောဟမူစိတ်(၂)ခုသည် မောဟဟိတ်(၁)ပါးသာ ယှဉ်မှုကြောင့် '**ဧကဟိတ်စိတ်**'ဟု ခေါ်၏။

♦♦♦

### လက်တွေ့အသုံးချပုံ

ဘုရား၊တရား၊သံဃာ၊ကံကံ၏အကျိုးစသည်တို့၌ အမှန်အတိုင်း မသိမှု-ယုံမှားသံသယသည်ပင် '**ဝိစိကိစ္ဆာသမ္ပယုတ်စိတ်**' ဖြစ်၏။ ဟိုအာရုံလိုလို ဒီအာရုံလိုလိုဖြစ်နေမှုသည်ပင် '**ဥဒ္ဓစ္စသမ္ပယုတ်စိတ်**' ဖြစ်၏။

http://www.dhammadownload.com



အမှန်အတိုင်း မသိနိုင်မှု(သို့မဟုတ်)အမှားကိုသာ သိနေမှုသည် ""မောဟ"" ဖြစ်၏။ ထိုမောဟအရင်းခံသော ယုံမှားသံသယစိတ်၊ ပျံ့လွင့်စိတ်တို့ကြောင့် လောဘမူစိတ်နှင့် ဒေါသမူစိတ်တို့လည်း ဖြစ်လာရ၏။

ထို့ကြောင့် အကုသိုလ်စိတ်(၁၂)ပါးလုံး၏ အရင်းအမြစ်သဖွယ်ဖြစ်သော ယုံမှားသံသယစိတ်၊ ပျံ့လွင့်စိတ်တို့မဖြစ်အောင် အမှန်မသိမှု 'မောဟဓာတ်'သဘောကို အမှန်သိမှုအမောဟ(ပညာ)ဖြင့်သာ ပယ်ရှားနိုင်၏။ အာရုံမှန် တစ်ခုတည်း၌သာ တည်တံ့ နေနိုင်မှုသမာဓိဖြင့်လည်း တည်ဆောက်ယူရ၏။

## ဓမ္မဝိဓာန်များ

၁။ မိမိကိုယ်ကို ငါ၊သူတစ်ပါး၊ယောကျ်ားမိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါကောင် ထင်မြင်နေသူ၌ ဖြစ်သောအကုသိုလ်သဘောမှာ- မောဟလွှမ်းခြုံထားခံရမှုကြောင့် ဖြစ်၏။

၂။ ကုသိုလ်အာရုံတစ်မျိုးမျိုး၌ စိတ်မတည်ရှိဘဲ ဟိုတွေး၊ဒီကြံ စိတ်လွင့်ပျံ့နေမှုသဘောတရားများမှာ-မောဟအရင်းခံသည့် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ဖြစ်၏။

♦ ♦ ♦ ♦ ♦

## အကုသိုလ်စိတ်(၁၂)ပါး သရုပ်ခွဲ

| မူလဘေဒ | လောဘမူစိတ်(၈) | ဒေါသမူစိတ်(၂) | မောဟမူစိတ်(၂) |
|---|---|---|---|
| ဝေဒနာ | သော(၄) ဥ(၄) | ဒေါ(၂) | ဥ(၂) |
| သမ္ပယောဂ | သံ(၄)ဝိပ်(၄) | သံ(၂) | သံ(၂) |
| သင်္ခါရ | အသင်္ခါ(၄)သသင်္ခါ(၄) | အ(၁)သ(၁) | ဝိမုတ်(၂) |
| ဟိတ် | ဒွိဟိတ်(၈) | ဒွိဟိတ်(၂) | ဧကဟိတ်(၂) |

### သောမနဿဝေဒနာဖြစ်ကြောင်းများ

၁။ သဘာဝဣဋ္ဌာရုံ၊ပြုပြင်ဖန်တီးအပ်သောဣဋ္ဌာရုံ အာရုံကောင်းကြုံရမှု၊

၂။ သောမနဿဝေဒနာဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်မှု၊

၃။ မနက်နဲသောသဘောရှိမှု-

ထိုအကြောင်း(၃)ပါး တစ်ပါးပါးရှိသူအား သောမနဿဝေဒနာနှင့်ယှဉ်သော လောဘမူစိတ် ဖြစ်၏။

http://www.dhammadownload.com


### ဒေါမနဿ,ပဋိဃဖြစ်ကြောင်းများ

၁။ အာရုံဆိုး အနိဋ္ဌာရုံနှင့်ကြုံရခြင်း၊

၂။ ရန်ငြိုးဖွဲ့ကြောင်း 'အာဃာတဝတ္ထု-၉-ပါး' ဖြစ်ခြင်း

ဤအကြောင်း(၂)ပါး တစ်ပါးပါးရှိသူအား ဒေါမနဿဝေဒနာနှင့်ယှဉ်သော ထိပါးနှိပ်စက်ခြင်းရှိသော ဒေါသမူစိတ် ဖြစ်လေ၏။

### အာဃာတဝတ္ထု(၉)ပါး

မိမိ၏အကျိုးမဲ့ကို ပြုဖူးသူ,ပြုဆဲသူ,ပြုလာမည့်သူ(၃)ယောက်၊ မိမိချစ်သူ၏ အကျိုးမဲ့ကို ပြုဖူးသူ,ပြုဆဲသူ,ပြုလာမည့်သူ(၃)ယောက်၊ မိမိမုန်းသူ၏ အကျိုးရှိရာကို ပြုဖူးသူ,ပြုဆဲသူ,ပြုလာမည့်သူ(၃)ယောက်အားဖြင့် (၉)ယောက်တို့သည် ရန်ငြိုးဖွဲ့ကြောင်း **'အာဃာတဝတ္ထု-၉-ပါး'** မည်၏။

### ဥပေက္ခာဝေဒနာဖြစ်ကြောင်းများ

၁။ မကောင်း,မဆိုး အလယ်အလတ်ဖြစ်သော ဣဋ္ဌမဇ္ဈတ္တာရုံနှင့် ကြုံရခြင်း

၂။ ဥပေက္ခာဝေဒနာဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊

၃။ နက်နဲသောသဘော ရှိနေခြင်း

ဤအကြောင်း(၃)ပါး တစ်ပါးပါးရှိသူအား ဥပေက္ခာဝေဒနာနှင့်ယှဉ်သော လောဘမူစိတ် ဖြစ်နိုင်လေ၏။

### ဒိဋ္ဌိဖြစ်ကြောင်း(၂)ပါး

၁။ အယူမှားသော'မိစ္ဆာဒိဋ္ဌိ'သမားကို မှီဝဲပေါင်းသင်းခြင်း၊

၂။ မိမိက သဿတအယူ၊ ဥစ္ဆေဒအယူရှိနေခြင်း။

ဤ(၂)ပါး တစ်ပါးပါးရှိသူအား မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော လောဘမူစိတ် ဖြစ်၏။

မှတ်ချက်။ လောကကို အတ္တဟု ယူဆလျက် မြဲ၏ဟု ယူမှားလျှင်'သဿတ'ဒိဋ္ဌိ ဖြစ်၏၊ ပြတ်၏ဟု အယူမှားလျှင် 'ဥစ္ဆေဒ'ဒိဋ္ဌိ ဖြစ်၏။

http://www.dhammadownload.com



## အသင်္ခါရိကဖြစ်ကြောင်း(၅)ပါး

၁။ သင့်လျော်သော ရာသီဥတု, ၂။သင့်လျော်သောအစားအစာ၊ ၃။သင့်လျော်သောနေရာဌာန၊ ၄။ သင့်လျော်သော မိတ်ဆွေကောင်း၊ ၅။ကျန်းမာရေးကောင်းခြင်း၊ ဤအကြောင်း(၅)မျိုးတို့ရှိသူအား သူတစ်ပါးတိုက်တွန်းမှု မပါဘဲ မိမိဘာသာပြုသော **'အသင်္ခါရိက'** လောဘမူစိတ် ဖြစ်လေ၏။

## အကုသိုလ်စိတ်ဖြစ်ကြောင်း

အကုသိုလ်သည် 'အပြစ်ရှိခြင်း'၊ 'မကောင်းကျိုးပေးခြင်း' အမှတ်လက္ခဏာ ရှိ၏။ ကုသိုလ်၏ဆန့်ကျင်ဘက်အဖြစ်, အကျိုးမဲ့ပျက်စီးစေခြင်းကိစ္စကို လုပ်ဆောင်၏။ သတ္တဝါတို့ကို ပူပန်စေတတ်, နှိပ်စက်တတ်သောတရားဟု ဉာဏ်ဖြင့် ထင်မြင်နိုင်၏။

ဥပမာ–လောဘ၏ အပြစ်ရှိ ခြင်းသဘောသည် အလောဘ၏အပြစ်ကင်းခြင်းသဘောနှင့် ဆန့်ကျင်၏။ ဒေါသသည် ပူလောင်၏။ မေတ္တာသည် အေးမြ၏။

အကုသိုလ်တရား(၁၂)ပါးတို့သည် မသင့်သောနှလုံးသွင်းမှု **'အယောနိသောမနသိကာရ'** နှင့် သင့်လျော်ရာမှာ မနေခြင်းစသော**ဝိပ္ပတ္တိစက်**(၄)ပါးတို့ကြောင့် ဖြစ်၏။

ဥပမာ– သူယုတ်မာနှင့် ပေါင်းသင်းမှုကြောင့်လည်း အကုသိုလ်စိတ် ဖြစ်၏။ သူတော်ကောင်းတရားမှ ကင်းဝေးသောကြောင့်လည်း အာရုံကြုံရသည့်အခါ အကုသိုလ်စိတ်သာ ဖြစ်၏။ သင့်လျော်စွာ နှလုံးမသွင်းခြင်းကြောင့်လည်း အကုသိုလ်စိတ်တို့ ဖြစ်လေ၏။

အကုသိုလ်စိတ်ပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## အဟိတ်စိတ်(၁၈)ပါး ဖြစ်ပုံ

(ဟိတ်မရှိသောစိတ်များ)

| အကုသလဝိပါက်စိတ်(၇) | ကုသလဝိပါက်စိတ်(၈) | ကြိယာစိတ်(၃) |
|---|---|---|
| အကုသိုလ်အကျိုးစိတ် | ကုသိုလ်အကျိုးစိတ် | ပြုကာမျှဖြစ်သောစိတ် |

### အဟိတ်စိတ်၏သဘော

အမြစ်သဖွယ် ကျေးဇူးပြုတတ်သော လောဘစသော အကြောင်းတရားတို့ကို **'ဟိတ်'**ဟု ခေါ်၏။ ထိုလောဘစသော ယှဉ်ဖက်ဟိတ်တို့ မရှိသောစိတ်များကို **'အဟိတ်စိတ်'**ဟု ခေါ်၏။ အဟိတ်စိတ်(၁၈)ပါးမှတစ်ပါး ကျန်စိတ်(၇၁)ပါးတို့ကို **'သဟိတ်စိတ်'** ခေါ်၏။ (အဟိတ်-၁၈+သဟိတ်-၇၁+စိတ်-၈၉-)

## အကုသလဝိပါက်စိတ်(၇)ပါးဖြစ်ပုံ

(အကုသိုလ်ကံတို့၏အကျိုးစိတ်များ)

| စက် | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ် | အကုသလဝိပါက်စိတ်(၁) |
|---|---|---|---|
| သော | ။ | သောတဝိညာဏ် | ။ |
| ဃာ | ။ | ဃာနဝိညာဏ် | ။ |
| ဇိ | ။ | ဇိဝှါဝိညာဏ် | ။ |
| ကာ | ဒုက္ခသဟဂုတ် | ကာယဝိညာဏ် | ။ |
| သံ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုင်း | ။ |
| တီ | ဥပေက္ခာသဟဂုတ် | သန္တီရဏ | ။ |

**လင်္ကာ**။ စက်,သော,ဃာ,ဇိ၊ ကာ,ကိုမှီ၊ ငါးလီဝိညာဏ်မှတ်။
သံ,သန် နှစ်ခု၊ လောင်းပြန်မှု၊ အကုဝိပါက်သတ်။

(က)ဝမ်းမသာ၊ ဝမ်းမနည်းခံစားမှုနှင့်တကွ **'ဥပေက္ခာသဟဂုတ်'**၊ (ခ)မကောင်းသောအဆင်းရူပါရုံကို မြင်သိမှု **'စက္ခုဝိညာဏ်'**၊ (ဂ)အကုသလဝိပါက်စိတ်(၁)ပါး။ မကောင်းသောအသံသဒ္ဒါရုံကို ကြားသိမှု-**သောတဝိညာဏ်**၊ အနံ့ဂန္ဓာရုံကို နံသိမှု **ဃာနဝိညာဏ်**၊ မကောင်းသောအရသာ ရသာရုံကို စားသိမှု **ဇိဝှါဝိညာဏ်**၊ ကိုယ်ဆင်းရဲမှုနှင့်တကွ**'ဒုက္ခသဟဂုတ်'**၊ အတွေ့ဖောဋ္ဌဗ္ဗာရုံကို ထိသိမှု

http://www.dhammadownload.com



ကာယဝိညာဏ်၊ ထိုအာရုံငါးမျိုးတို့ကို လက်ခံမှုသိမှု-သမ္ပဋိစ္ဆိုင်း၊ စုံစမ်းသိမှု-သန္တီရဏအားဖြင့် (၇)ပါး ဖြစ်၏။

## လက်တွေ့အသုံးချပုံ

အကုသိုလ်စေတနာကံဖြင့် အပြုဆိုး,အပြောဆိုး,အကြံဆိုး တစ်မျိုးမျိုးကို အားထုတ်မှုကြောင့် မမြင်ချင်သောအမြင်ဆိုးကို မြင်ရမှုသည် 'အကုသလဝိပါက် စက္ခုဝိညာဏ်' ဖြစ်၏။ မကြားချင်သော အသံတို့ကို ကြားရမှုသည် 'အကုသလ ဝိပါက် သောတဝိညာဏ်' ဖြစ်၏။ (ပ) ကိုယ်ဆင်းရဲမှုနှင့်တကွ အတွေ့အထိဆိုးတို့ကို ထိတွေ့ ရမှုသည် 'အကုသလဝိပါက်ကာယဝိညာဏ်' ဖြစ်၏။

ဥပမာ- ပါဏာတိပါတအကုသိုလ်စေတနာကို အားထုတ်ခဲ့သူအား မိမိ မမြင်ချင်သော အနိဋ္ဌာရုံတို့ကို မြင်တွေ့နေရမှုသည် **အကုသလဝိပါက်-'ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်'**ဖြစ်၏။ မတွေ့ကြုံလိုသော်လည်း ကိုယ်ဆင်းရဲမှု တို့ကို ရရှိခံစားနေရမှုသည်**'ဒုက္ခသဟဂုတ်-ကာယဝိညာဏ်'** ဖြစ်၏။ အကုသိုလ်၏ အကျိုးဝိပါက်တို့ မည်၏။

### ကုသလဝိပါက်စိတ်(၈)ပါးဖြစ်ပုံ

(ကုသိုလ်ကံတို့၏အကျိုးစိတ်များ)

| | | | |
|---|---|---|---|
| စက် | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ် | ကုသလဝိပါက်စိတ်(၁) |
| သော | ။ | သောတဝိညာဏ် | ။ |
| ဃာ | ။ | ဃာနဝိညာဏ် | ။ |
| ဇိ | ။ | ဇိဝှါဝိညာဏ် | ။ |
| ကာ | သုခသဟဂုတ် | ကာယဝိညာဏ် | ။ |
| သံ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုင်း | ။ |
| တီ | ဥပေက္ခာသဟဂုတ် | သန္တီရဏ | ။ |
| တီ | သောမနဿသဟဂုတ် | သန္တီရဏ | ။ |

(က)ဝမ်းမသာ၊ဝမ်းမနည်းခံစားမှုနှင့်တကွ **'ဥပေက္ခာသဟဂုတ်'**၊(ခ) ကောင်း သော အဆင်းရူပါရုံကို မြင်သိမှု**'စက္ခုဝိညာဏ်'**၊(ဂ)ကုသလဝိပါက်စိတ်(၁)ပါး။

(က)ကိုယ်ချမ်းသာမှုနှင့်တကွ**'သုခသဟဂုတ်'**၊(ခ)ကောင်းသောကိုယ်

http://www.dhammadownload.com


အတွေ့ကိုထိသိမှု '**ကာယဝိညာဏ်**'၊(ဂ)ကုသလဝိပါက်စိတ်(၁)ပါး စသည်ဖြင့် သိပါ။

## လက်တွေ့အသုံးချပုံ

ကုသိုလ်စေတနာကံဖြစ်သော အပြု၊အပြော၊အကြံကောင်းတို့ကို အားထုတ်မှုကြောင့် အမြင်ကောင်း၊အကြားကောင်း၊ အတွေ့ထိကောင်းစသည်ကို ကြုံတွေ့ရခြင်းသည် 'ကုသလဝိပါက် စက္ခုဝိညာဏ်'စသည်တို့ ဖြစ်ပေါ်ခြင်း မည်၏။

ဥပမာ-ဒါနစေတနာဖြင့် ပြုလုပ်လှူဒါန်းခဲ့သူအား အာရုံကောင်းဣဋ္ဌာရုံတို့ကို မြင်တွေ့ရမှုသည် **ကုသလဝိပါက်- 'ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်'** ဖြစ်၏။ ကြားရမှုသည် **ကုသလဝိပါက်- 'ဥပေက္ခာသဟဂုတ် သောတဝိညာဏ်'** ဖြစ်၏။ ချမ်းသာကို တွေ့ကြုံခံစားရမှုသည် **ကုသလဝိပါက်- 'သုခသဟဂုတ်-ကာယဝိညာဏ်'** ဖြစ်၏။

### အဟိတ်-ကြိယာစိတ်(၃)ပါးဖြစ်ပုံ

| ဝေဒနာ | စိတ်အမည် | ကြိယာ(၃) |
|---|---|---|
| ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်း | ကြိယာစိတ်(၁) |
| ဥပေက္ခာသဟဂုတ် | မနောဒွါရာဝဇ္ဇန်း | ။ |
| သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ် | ။ |

၁။ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်ဟူသော ငါးဒွါရ၌ ဆင်ခြင်သောစိတ်ကို 'ပဉ္စဒွါရာဝဇ္ဇန်း'ဟု ခေါ်၏။

၂။ စိတ်ဒွါရ၌ ဆင်ခြင်သောစိတ်ကို 'မနောဒွါရာဝဇ္ဇန်း'ဟု ခေါ်၏။

၃။ ဘုရားရဟန္တာတို့၏ ပြုံးရယ်ကာမျှဖြစ်သောစိတ်ကို 'ဟသိတုပ္ပါဒ်'ဟုခေါ်၏။

ထိုစိတ်(၃)မျိုးတို့သည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဖြစ်၊ ပြုကာမျှသဘောသတ္တိရှိသောကြောင့် 'ကြိယာ'ဟု ခေါ်၏။

## လက်တွေ့အသုံးချပုံ

မြင်၊ကြား၊နံ၊စား၊ထိတွေ့သမျှသော အာရုံငါးပါးကို 'ပဉ္စဒွါရာဝဇ္ဇန်း'စိတ်က ဆင်ခြင်၏။ စိတ်ထဲ၌ တွေးကြံသမျှသော ဓမ္မာရုံကို 'မနောဒွါရာဝဇ္ဇန်း'စိတ်က

http://www.dhammadownload.com


ဆင်ခြင် ၏။ ထိုဆင်ခြင်ရုံမျှ စိတ်(၂)မျိုးကို '**အာဝဇ္ဇန်းဒွေ**'ဟု ခေါ်၏။

ဝေဒနာသည် ဥပေက္ခာ ဖြစ်၏။ စွမ်းအင်သတ္တိကား ကုသိုလ်၊အကုသိုလ် ကံလည်း မဟုတ်။ ကံ၏အကျိုးလည်း မဟုတ်။ ပြုကာမတ္တသဘော ကြိယာ ဖြစ်၏။

ပုထုဇဉ်တို့သန္တာန်၌ 'ဝိထိပဋိပါဒက မနသိကာရ'ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် 'ဇဝနပဋိပါဒက မနသိကာရ'ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်တို့သည် ကြိယာစိတ်တို့ ပင်တည်း။ ဘုရားရဟန္တာတို့၌ကား သောမနဿဝေဒနာနှင့်ယှဉ်သည့် '**ဟသိတုပ္ပါဒ်**' ကြိယာစိတ်ဖြင့်သာ ပြုံးရယ်မှုကို ပြုတော်မူကုန်၏။

♦ ♦ ♦

## အဟိတ်စိတ်(၁၈)၌ ဒွေ(၉)ဒွေ

အဆင်းအာရုံကို မြင်ရာ၌ အမြင်ကောင်း၊အမြင်ဆိုးအားလျော်စွာ ကုသလဝိပါက်စက္ခုဝိညာဏ်စိတ်၊ အကုသလဝိပါက်စက္ခုဝိညာဏ်စိတ်ဟု ကံအကျိုး(၂)မျိုးရှိသောကြောင့် '**စက္ခုဝိညာဏ်ဒွေ**'၊ ထို့အတူ '**သောတဝိညာဏ်ဒွေ၊ ဃာန ဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ**' ဟု ဒွေပဉ္စဝိညာဏ်(၁၀)၊ သို့ မဟုတ် ဒွေ(၅)ဒွေ ဖြစ်၏။

ထိုပဉ္စဝိညာဏ်က ယူအပ်ပြီးအာရုံငါးမျိုးကို ခံယူတတ်သောစိတ်(၂)မျိုးကို '**သမ္ပဋိစ္ဆိုင်းဒွေ**'၊ စုံစမ်းစိတ်(၃)မျိုးရှိရာတွင် '**ဥပေက္ခာသန္တီရဏ ဒွေ**'၊ '**အာဝဇ္ဇန်း ဒွေ**'၊ '**သောမနဿ(သန္တီရဏ+ဟသိတုပ္ပါဒ်)ဒွေ**' အားဖြင့် ဒွေ(၉)ဒွေစိတ်ဟု ခေါ်၏။

## မနောဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌော

အဟိတ်စိတ်တို့တွင် မနောဒွါရ၌ ထင်မြင်လာသော ဓမ္မာရုံကို ဆင်ခြင်စိတ်ကို မနောဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်၏။ ထိုမနောဒွါရာဝဇ္ဇန်းကိုပင် ပဉ္စဒွါရဝိထိ၌ စိတ်ဖြစ်ရာ၌ ပဉ္စာရုံကို မှတ်သားဆုံးဖြတ်တတ်သောကြောင့် 'ဝုဋ္ဌော'စိတ်ဟုလည်း ခေါ်၏။

ထို့ပြင် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ဤမနောဒွါရာဝဇ္ဇန်းက ယူအပ်သောအာရုံကိုသာ ယူသဖြင့် ဤစိတ်ကို ဆင်ပြောင်ကြီးနှင့်တူသော မဟာဂဇစိတ် ဟုလည်း ခေါ်သည်။ စိတ်ပိုင်း၌ အရာကျယ်လှသော စိတ်ပင် ဖြစ်၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## အဟိတ်စိတ်၌ယှဉ်တွဲလေ့လာရန်
## ပဉ္စဒွါရ၌ စိတ်ဖြစ်စဉ် အကျဉ်း

| “တိ, နု, ဒ, | ပ, စ, သံ, တိ, ဝု, ဇဇဇဇဇဇဈ ဒါဒါ” |
|---|---|
| ၁၁၁, ၃၁၁, ၁၁၁, | ၁၁၁, ၁၁၁, ၁၁၁, ၁၁၁, ၃၁၁, ၂ ၁၁၁ ၁၁၁ |

ထိုပဉ္စဒွါရ မြင်သိစိတ်ဖြစ်စဉ်တစ်ခုတွင် တီ၊နု၊ဒဟူသော ဘဝင် (၃)ကြိမ်မှစ၍ ပ(ပဉ္စဒွါရာဝဇ္ဇန်း)၊စ(စက္ခုဝိညာဏ်)၊ သံ(သမ္ပဋိစ္ဆိုင်း) တီ၊(သန္တီရဏ)၊ ဝု(ဝုဋ္ဌော) ဇ(ဇော-၇-ကြိမ်)၊ ဒါ(တဒါရုံ-၂-ကြိမ်)အားဖြင့် စိတ်(၁၇)မျိုး ပါဝင်၏။

**ဝီထိလင်္ကာ**။ ဘဝင်၊ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင်လက်ခံတုံ။
စုံစမ်း၊ဆုံးဖြတ်၊ ဇောခုနစ်ချက်၊ နှစ်ရပ်တဒါရုံ။

## မနောဒွါရ၌ စိတ်ဖြစ်စဉ် ဝီထိအကျဉ်း

| “နု, ဒ, | မ, ဇဇဇဇဇဇဈ ဒါဒါ” |
|---|---|
| ၃၁၁, ၁၁၁, | ၁၁၁, ၂ ၁၁၁ ၁၁၁ |

**ဝီထိလင်္ကာ**။ ဆင်ခြင်ပြီးခါ၊ ဇော-တဒါ၊ မှန်စွာစိတ်ဖြစ်ပုံ။

## အဟိတ်စိတ်(၁၈)ပါးကို ဇာတိဘေဒစသည်ခွဲပုံ

| ဇာတိဘေဒ | ဝေဒနာဘေဒ | သဘာဂဘေဒ |
|---|---|---|
| အကု-ဝိပါက်(၇) | သောမနဿ(၂) | ဒွေပဉ္စဝိညာဏ်(၁၀) |
| ကု-ဝိပါက်(၈) | ဥပေက္ခာ(၁၄) | သမ္ပဋိစ္ဆိုင်း(၂) |
| ကြိယာ(၃) | သုခသဟဂုတ်(၁) | သန္တီရဏ(၃) |
| | ဒုက္ခသဟဂုတ်(၁) | အာဝဇ္ဇန်း(၂) |
| | | ဟသိတုပ္ပါဒ်(၁) |

## အသောဘနစိတ်(၃၀)

အကုသိုလ်စိတ်(၁၂)ပါး၊အဟိတ်စိတ်(၁၈)ပါးဟူသော စိတ်(၃၀)တို့ကို မတင့်တယ်သောကြောင့် ‘**အသောဘနစိတ်**’ဟု ခေါ်၏။ အကုသိုလ်စိတ်တို့သည် လောဘစသောအပြစ်ရှိသော ဟိတ်နှင့် ယှဉ်၏။ အဟိတ်စိတ်တို့သည် အလောဘစသော အပြစ်မရှိသောဟိတ်နှင့် မယှဉ်သောကြောင့် မတင့်တယ်။

http://www.dhammadownload.com



## သောဘနစိတ်(၅၉/၉၁)ပါး ဖြစ်ပုံ

အသောဘနစိတ်(၃၀)မှတစ်ပါးသော အကျဉ်း(၅၉)ပါး၊ အကျယ် (၉၁)ပါး သောစိတ်တို့သည် အလောဘစသော အပြစ်မရှိသောဟိတ်တို့နှင့် ယှဉ်သဖြင့် တင့်တယ်သောကြောင့် 'သောဘန'စိတ်ဟု ခေါ်၏။

| | | | |
|---|---|---|---|
| ကာမသောဘန စိတ်(၂၄)ပါး၊ | ရူပသောဘန စိတ်(၁၅)ပါး၊ | အရူပသောဘန စိတ်(၁၂)ပါး၊ | လောကုတ္တရာသောဘန စိတ်(၈/၄၀)ပါး |

## ကာမသောဘနစိတ်(၂၄)ပါး

(ကာမတဏှာ၏ကျက်စားရာ တင့်တယ်သောစိတ်များ)

| | | |
|---|---|---|
| မဟာကုသိုလ်စိတ်(၈) များသောကာမကုသိုလ် | မဟာဝိပါက်စိတ်(၈) များသောကာမဝိပါက် | မဟာကြိယာစိတ်(၈) များသောပြုကာမှု |

## မဟာကုသိုလ်စိတ်(၈)ပါးဖြစ်ပုံ

(လောဘစသော အပြစ်ကင်းစိတ်များ)

| (က)ဝေဒနာ | (ခ)သမ္ပယုတ် | (ဂ)သင်္ခါရ |
|---|---|---|
| (၁)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက-မဟာကုသိုလ်စိတ်(၁) |
| (၂)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိက ။ |
| (၃)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက ။ |
| (၄)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက ။ |
| (၅-၈)ဥပေက္ခာသဟဂုတ် | (သံ/ဝိပ်) | (အသင်္ခါ/သသင်္ခါ) ။ |

**(၁)သောမနဿသဟဂုတ်**-ဝမ်းသာရွှင်ပြမှုနှင့်တကွ၊ **ဉာဏသမ္ပယုတ်**-အသိအမြင်မှန် သမ္မာဒိဋ္ဌိနှင့်ယှဉ်လျက်၊ **အသင်္ခါရိက**-တိုက်တွန်းမှုမပါဘဲဖြစ်သော မဟာကုသိုလ်စိတ်(၁)မျိုး။ (၈)**ဥပေက္ခာသဟဂုတ်**-ဝမ်းမသာဝမ်းမနည်းမှုနှင့်တကွ၊ **ဉာဏဝိပ္ပယုတ်**-အသိအမြင်မှန် သမ္မာဒိဋ္ဌိနှင့်မယှဉ်လျက်၊ **သသင်္ခါရိက**-တိုက်တွန်းမှုပါ၍ဖြစ်သော မဟာကုသိုလ် စိတ်(၁)မျိုးစသည်ဖြင့် သိပါ။

http://www.dhammadownload.com


## လက်တွေ့အသုံးချပုံ

လောဘ၊ဒေါသ၊မောဟတို့ကြောင့်ဖြစ်သော စိတ်တို့သည် အပြစ်ရှိသောကြောင့် အကုသိုလ်စိတ် မည်၏။ အလောဘ၊အဒေါသ၊အမောဟတို့ကြောင့်ဖြစ်သော စိတ်တို့သည် အပြစ်မရှိသောကြောင့် **'ကုသိုလ်စိတ်'** မည်၏။ များသောအရေအတွက်ရှိ၍ မဟာတပ်ကာ **'မဟာကုသိုလ်စိတ်'**ဟု ဆိုသည်။

ပုထုဇဉ်၊သောတာပန်စသည်တို့ပြုသော ဒါနမှု၊ သီလမှု၊ ဝေယျာဝစ္စမှု၊ တရားစာသင်ယူမှု၊ သမထ၊ဝိပဿနာမှုစသည်တို့သည် ဤမဟာကုသိုလ်စိတ်တို့ပင်တည်း။

အပြစ်မရှိသော မဟာကုသိုလ်စိတ်တစ်ပါးပါးဖြင့် ပြုလုပ်၊ပြောဆို၊ကြံစည်ရာ၌ ဝမ်းသာရွှင်ပြမှုဖြစ်ပါက**'သောမနဿသဟဂုတ်'**၊ ကံကံ၏အကျိုးစသည်ကို အမှန်သိမှု သမ္မာဒိဋ္ဌိဖြင့်ယှဉ်ပါက**'ဉာဏသမ္ပယုတ်'**၊ သူတစ်ပါးတိုက်တွန်းမှုမပါဘဲ ပြုပါက **'အသင်္ခါရိက'**ဟု၊ **''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမ မဟာကုသိုလ်စိတ်''**(၁)ပါးစသည်ဖြစ်ပုံကို သိအောင်ပြုပါလေ။

ဥပမာ-မွေးနေ့အလှူပြုရာ၌ ဒါနစေတနာဖြင့် ပြုလုပ်လှူဒါန်းသောအခါ ဝမ်း သာရွှင်ပြမဖြစ်က**'ဥပေက္ခာသဟဂုတ်'**၊ ဉာဏ်မယှဉ်သဖြင့် **'ဉာဏဝိပ္ပယုတ်'**၊ သူတစ်ပါး တိုက်တွန်းသဖြင့်ပြုလုပ်ပါက **'သသင်္ခါရိက'**ဖြစ်သဖြင့် ကုသိုလ်အား အနည်းဆုံးသော 'အဋ္ဌမမြောက် မဟာကုသိုလ်စိတ်' ဖြစ်ပေသည်။

## မဟာဝိပါက်စိတ်(၈)ပါးဖြစ်ပုံ

(မဟာကုသိုလ်၏အကျိုးပေးစိတ်များ)

| (က)ဝေဒနာ | (ခ)သမ္ပယုတ် | (ဂ)သင်္ခါရ |
|---|---|---|
| (၁)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက-မဟာဝိပါက်စိတ်(၁) |
| (၂)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိက ॥ |
| (၃)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက ॥ |
| (၄)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက ॥ |
| (၅-၈)ဥပေက္ခာသဟဂုတ် | (သံ/ဝိပ်) | (အသင်္ခါ/သသင်္ခါ) ॥ |

http://www.dhammadownload.com



## လက်တွေ့အသုံးချပုံ

မဟာဝိပါက်စိတ်တို့သည် မဟာကုသိုလ်ဟူသောကံစွမ်းအင်ကြောင့် ဖြစ်ပေါ်လာရသော အကျိုးစွမ်းအားတို့ ဖြစ်၏။ မှန်ထဲက ပုံရိပ်ပမာ ကံသတ္တိမဲ့၏။ ကာမဘုံသားနတ်လူများတို့အား ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်အမည်၊ ပဝတ္တိအခါ ဘဝင်၊ စုတိ၊ တဒါရုံအမည်တို့ဖြင့် ပဋိသန္ဓေအကျိုး၊ပဝတ္တိအကျိုး နှစ်မျိုးလုံး ကိုယ်စားပြု၏။

လူနတ်သတ္တဝါတို့သည် ဤမဟာဝိပါက်စိတ်(၈)ပါး တစ်ပါးပါးဖြင့် ပဋိသန္ဓေတည်နေရ၏။ မဟာကုသိုလ်ကံအစွမ်းကြောင့်သာ ဖြစ်ရ၏။ ပဋိသန္ဓေနောင် ထိုမဟာဝိပါက်စိတ်ဖြင့်ပင် စုတိစိတ်တိုင်အောင် ဘဝင်(ဘဝမပြတ်အောင်ဆက်ပေးသော) စိတ်အမည်ဖြင့် ဝီထိစိတ်အစဉ်မဖြစ်သ၍ ဆက်ကာဆက်ကာ ဖြစ်နေကြရ၏။

ထိုတွင် ဉာဏသမ္ပယုတ်မဟာဝိပါက်စိတ်(၄)ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊အဒေါသ၊အမောဟ(ဉာဏ်)ဟူသော ကုသိုလ်ဟိတ်(၃)ပါး ပါဝင်သဖြင့် 'တိဟိတ်ပုဂ္ဂိုလ်'ဟုလည်းကောင်း၊ ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ်(၄)ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊ အဒေါသဟူသော ကုသိုလ်ဟိတ်(၂) ပါးပါဝင်သဖြင့် 'ဒွိဟိတ်ပုဂ္ဂိုလ်'ဟုလည်းကောင်း ခေါ်ဆိုသတ်မှတ်ရ၏။ ဘုရားအလောင်းတို့သည် ထိုတိဟိတ်ပဋိသန္ဓေ(၄)ပါးတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေနေ၏။

## မဟာကြိယာစိတ်(၈)ပါးဖြစ်ပုံ

(ဘုရားရဟန္တာတို့သန္တာန်၌ဖြစ်သော ပြုကာမျှသဘောစိတ်များ)

| (က)ဝေဒနာ | (ခ)သမ္ပယုတ် | (ဂ)သင်္ခါရ | |
|---|---|---|---|
| (၁)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက-မဟာကြိယာစိတ်(၁) | |
| (၂)သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိက | ။ |
| (၃)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | ။ |
| (၄)သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက | ။ |
| (၅-၈)ဥပေက္ခာသဟဂုတ် | (သံ/ဝိပ်) | (အသင်္ခါ/သသင်္ခါ) | ။ |

မှတ်ချက်။ ဤစိတ်တို့သည် ပုထုဇဉ်သေက္ခတို့၌မဖြစ်။ ဘုရားရဟန္တာတို့အားသာ ဖြစ်၏။

http://www.dhammadownload.com



## လက်တွေ့အသုံးချပုံ

မဟာကြိယာစိတ်တို့သည် အလောဘ၊အဒေါသ၊အမောဟ ဟိတ် (၃)ပါးလုံး ယှဉ်သော်လည်း ကုသိုလ်ကံလည်းမဟုတ်၊ အကုသိုလ်ကံလည်းမဖြစ်၊ကံ၏ အကျိုးလည်းမမည်သော ပြုကာမတ္တသဘောစွမ်းအင်တို့ ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့ သန္တာန်၌ မဖြစ်။ ဘုရားရဟန္တာတို့သည် ကုသိုလ်ပြုမှု၊ တရားဟောမှုစသည်တို့၌ ဤစိတ်တို့ဖြစ်၏။ ကံစွမ်းအင်သတ္တိကားမပါ၊ ပြုသင့်ပြုထိုက်သဖြင့် ဖြစ်သော စိတ်တို့သာ မည်ပေ၏။

မှတ်ချက်။ပုထုဇဉ်,သေက္ခတို့သန္တာန်၌ကား အာဝဇ္ဇန်းဒွေဟူသော အဟိတ်ကြိယာ(၂)ပါးသာ ဖြစ်နိုင်၏။ ဘုရားရဟန္တာတို့ကား အဟိတ်ကြိယာ၊ သဟိတ်ကြိယာ(၂)မျိုးလုံးပင် ဖြစ်နိုင်၏။

♦♦♦

## နောက်ဆက်တွဲယှဉ်တွဲလေ့လာရန်

### ကာမသောဘနစိတ်(၂၄)ပါး သရုပ်များ

| မူလဘေဒ | မဟာကုသိုလ်စိတ်(၈) | မဟာဝိပါက်(၈) | မဟာကြိယာ(၈) |
|---|---|---|---|
| ဝေဒနာ | သော(၄) ဥ(၄) | သော(၄) ဥ(၄) | သော(၄) ဥ(၄) |
| သမ္ပယောဂ | ဉာသံ(၄)ဉာဝိပ်(၄) | ဉာသံ(၄)ဉာဝိပ်(၄) | ဉာသံ(၄)ဉာဝိပ်(၄) |
| သင်္ခါရ | အသင်္ခါ(၄)သသင်္ခါ(၄) | အ(၄)သ(၄) | အ(၄)သ(၄) |
| ဟိတ် | တိဟိတ်(၄)ဒွိဟိတ်(၄) | တိ(၄)ဒွိ(၄) | တိ(၄)ဒွိ(၄) |

## ကုသိုလ်၏သဘော

ကုသလ-ပုဒ်သည် အနာရောဂါကင်းခြင်း၊ အပြစ်မရှိခြင်း၊ လိမ္မာခြင်း၊ ကောင်းကျိုးပေးခြင်းဟူသော အဓိပ္ပါယ်(၄)ချက်ကို ဟော၏။ ထို့ကြောင့် ကုသိုလ်ဟူသည် အနာကင်း၍၊ အပြစ်မရှိ၊ လိမ္မာ၍၊ ကောင်းကျိုးပေးသောသဘော ဖြစ်၏။

ထိုကုသိုလ်ဖြစ်ဖို့ရန်မှာ 'ယောနိသော မနသိကာရ'သည် မူလအကြောင်းရင်း ဖြစ်၏။ သင့်လျော်ရာ၌ နေထိုင်ခြင်း၊ သူတော်ကောင်းနှင့်ပေါင်းခြင်း၊ ရှေးဘုန်းကံရှိခြင်း၊ မိမိကိုယ်ကို ကောင်းစွာပြုပြင်ခြင်းဟူသော သမ္ပတ္တိစက်(၄)ပါးတို့သည်

http://www.dhammadownload.com


အရံအကြောင်းများ ဖြစ်၏။

အကုသိုလ်တရားတို့သည် ဆုတ်နစ်မှုသဘောရှိ၏။ ကုသိုလ်တရားတို့ကား တိုးပွားမှုသဘောရှိ၏။ အကုသိုလ်တရားတို့သည် ပယ်အပ်သော 'ပဟာတဗ္ဗဓမ္မ' မည်၏။ ကုသိုလ်တရားတို့ကား အသေးအမွှားဒါနပင်ဖြစ်စေကာမူ အနာကို ပျောက်ကင်းစေသောဆေးကဲ့သို့ ဆိုင်ရာအကုသိုလ်ကို ပယ်နိုင်စွမ်းရှိ၍ ပယ်တတ်သော **'ပဟာယကဓမ္မ'** မည်၏။

**ကုသိုလ်သောမနဿဖြစ်ကြောင်းများ**

၁။ ရတနာသုံးပါး၌ယုံကြည်မှုသဒ္ဓါအားကြီးမားခြင်း

၂။ အကြောင်းအကျိုးနှိုင်းချိန်နိုင်သည့်ပညာအားပြည့်စုံခြင်း

၃။လှူဖွယ်ဝတ္ထု,အလှူခံပုဂ္ဂိုလ်တို့ ပြည့်စုံခြင်း။

**ကုသိုလ်ဉာဏသမ္ပယုတ်ဖြစ်ကြောင်းများ**

၁။ ဉာဏ်ပညာပြည့်စုံကြောင်းကံကို ဆည်းပူးခဲ့ခြင်း

၂။ အမျက်ဒေါသနည်းပါးခြင်း။

၃။ သဒ္ဓါစသောဣန္ဒြေတို့ရင့်ကျက်ခြင်း

၄။ စိတ်သည် ကိလေသာတို့မှ ကင်းဝေးခြင်းဟူသော အကြောင်းတို့ကြောင့် မဟာကုသိုလ်ဉာဏ သမ္ပယုတ် ဖြစ်လေ၏။ (ဋီကာကျော်)

**တစ်နည်း ဉာဏ်ဖြစ်ကြောင်းများ**

၁။ ပညာရှိတို့ထံ နည်းခံသင်ယူမေးမြန်းခြင်း၊

၂။ ကိုယ်လက်အင်္ဂါအတွင်းအပအသုံးအဆောင်များ စင်ကြယ်ခြင်း၊

၃။ သဒ္ဓါစသောဣန္ဒြေတို့ မျှတခြင်း၊

၄။ ပညာမဲ့သူကို ရှောင်ကြဉ်ခြင်း၊

၅။ နက်နဲသော တရားကျမ်းစာတို့ကို လေ့လာဆင်ခြင်ခြင်း၊

၆။ ဉာဏ်ပညာဖြစ်ပေါ်လာနိုင်ရန် စိတ်ဆန္ဒညွတ်ကိုင်းခြင်း။

http://www.dhammadownload.com


## ကုသိုလ်အသင်္ခါရိကဖြစ်ကြောင်းများ

၁။ သင့်လျော်သောနေရာစသည်တို့၌နေရသဖြင့် ကိုယ်စိတ်ခန့်ကျန်းခြင်း၊
၂။ ရှေးဘဝ၌ ကုသိုလ်အလေ့အထ ဝါသနာပါခဲ့ခြင်းတို့ကြောင့် မဟာကုသိုလ်အသင်္ခါရိကစိတ် ဖြစ်၏။

## ကာမစိတ်ပေါင်း(၅၄)ပါး သရုပ်များ

| မူလဘေဒ | ဇာတိဘေဒ | ဝေဒနာဘေဒ | သမ္ပယောဂ | သင်္ခါရ | ဟေတုဘေဒ |
|---|---|---|---|---|---|
| အကုစိတ်(၁၂) | အကုသိုလ်(၁၂) | သု/ဒု(၂) | သမ္ပယုတ်(၂၀) | အသင်္ခါ(၁၇) | အဟိတ်(၁၈) |
| အဟိတ်စိတ်(၁၈) | ကုသိုလ်(၈) | သော(၁၈) | ဝိပ္ပယုတ်(၁၆) | သသင်္ခါ(၁၇) | ဧကဟိတ်(၂) |
| ကာမသော(၂၄) | ဝိပါက်(၂၃) | ဒေါ(၂) | အဟိတ်(၁၈) | မောဟမူ(၂) | ဒွိဟိတ်(၂၂) |
| | ကြိယာ(၁၁) | ဥ(၃၂) | | အဟိတ်(၁၈) | တိဟိတ်(၁၂) |

စုစုပေါင်း ကာမစိတ်(၅၄)ပါး

## မေးခွန်းများ

၁။ ကာမဘုံသား လူသားတစ်ယောက်သန္တာန် ဖြစ်လေ့ရှိသောစိတ်တို့ကို အပြစ်နဲ့စိတ်၊ အပြစ်မဲ့စိတ်၊ တင့်တယ်စိတ်ခွဲခြားပုံတို့မှာ- အကုသိုလ်စိတ်၊အဟိတ်စိတ်၊သောဘနစိတ်။
၂။ မိမိအသိစိတ်ဖြင့် ဝမ်းသာရွှင်ပြစွာဖြင့် ဘုရားဆွမ်းကပ်လှူနေသူ၌ ဖြစ်ပေါ်နေသော စိတ်မှာ- သောမနဿသဟဂုတ်-ဉာဏသမ္ပယုတ်-အသင်္ခါရိက မဟာကုသိုလ်စိတ်။
၃။မိဘများခေါ်လာသဖြင့် မိဘများနှင့်အတူ ပျော်ရွှင်စွာ သင်တန်းတက်လာသော ကလေးသူငယ်သန္တာန်၌ဖြစ်နိုင်သောစိတ်မှာ-သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိက မဟာကုသိုလ်စိတ်။
၄။ပုထုဇဉ်လူသားတစ်ယောက်၌ ဖြစ်သောကြိယာမှာ-ပဥ္စဒွါရာဝဇ္ဇန်း+ မနောဒွါရာဝဇ္ဇန်း။
၅။ကာမစိတ်(၅၄)ပါးတို့တွင် အကြောင်းစိတ်၊ အကျိုးစိတ်၊ အကြောင်းအကျိုးလွတ်စိတ်တို့မှာ- အကုသိုလ်(၁၂)၊မဟာကုသိုလ်(၈)၊ဝိပါက်စိတ်(၂၃)ကြိယာစိတ်(၁၁)ပါး။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပုံ

(ရူပတဈာန်၏ဖြစ်ရာစိတ်များ)

| ရူပကုသိုလ်စိတ်(၅) | ရူပဝိပါက်စိတ်(၅) | ရူပကြိယာစိတ်(၅) |
|---|---|---|
| ရုပ်ကိုမှီ၍ဖြစ်သောကုသိုလ် | ကုသိုလ်၏အကျိုးစိတ် | ပြုကာမျှသဘောစိတ် |

### ရူပါဝစရ၏သဘော

ရူပ-ရုပ်၌နှစ်သက်မှု-ရူပတဈာန်၏။ အဝစရ-အာရုံပြုသည့်သဘောဖြင့် ဖြစ်ရာကျင်လည်ရာ စိတ်တို့ကို "**ရူပါဝစရစိတ်**"ဟု ခေါ်၏။

ဤစိတ်တို့သည် ရူပဗြဟ္မာဘုံ၌ များသောအားဖြင့် ဖြစ်သော်လည်း ရူပကုသိုလ်၊ ရူပကြိယာတို့သည် လူ့ဘုံ၌လည်း ဖြစ်ကြသည်။

သမထဘာဝနာကို ဈာန်ရအောင် အားထုတ်သော ပုထုဇဉ်နှင့်သေက္ခတို့အား ရူပကုသိုလ်စိတ်နှင့်၊ ရဟန္တာတို့အား ရူပကြိယာစိတ်တို့ ဖြစ်၏။ ရူပဝိပါက်စိတ်သည်ကား ရူပဗြဟ္မာတို့၏ ပဋိသန္ဓေအခိုက်၌ ဖြစ်၏။

### ရူပကုသိုလ်စိတ်(၅)မျိုးဖြစ်ပုံ

| | | |
|---|---|---|
| ၁။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော | ပဌမဈာန်ကုသိုလ်စိတ်(၁)ပါး၊ |
| ၂။ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော | ဒုတိယဈာန်ကုသိုလ်စိတ်(၁)ပါး၊ |
| ၃။ပီတိ၊သုခ၊ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ(၃)ပါးနှင့်ပြည့်စုံသော | တတိယဈာန် ကုသိုလ်စိတ်(၁)ပါး၊ |
| ၄။သုခ၊ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ(၂)ပါးနှင့်ပြည့်စုံသော | စတုတ္ထဈာန်ကုသိုလ်စိတ် (၁)ပါး |
| ၅။ဥပေက္ခာ၊ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ(၂)ပါးနှင့်ပြည့်စုံသော | ပဉ္စမဈာန်ကုသိုလ်စိတ်(၁)ပါး |

မှတ်ချက်။ ကုသိုလ်အစားပြောင်း၍ ဝိပါက်နှင့်ကြိယာလည်း (၅)ပါးစီ အတူတူဖြစ်၏။

### ဈာန်အင်္ဂါနှင့် ဈာန် ဈာန်စိတ်

၁။ ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ (ဥပေက္ခာ) ဧကဂ္ဂတာဟူသော အင်္ဂါတစ်ပါးစီတို့သည် 'ဈာန်+အင်္ဂါ' မည်၏။

http://www.dhammadownload.com


၂။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ (ဥပေက္ခာ)ကေဂ္ဂတာ အင်္ဂါ(၅)ခုအပေါင်းကို 'ဈာန်'ဟု ခေါ်သည်။

ထိုအင်္ဂါ(၅)ပါးတို့သည် ကသိဏ်းအာရုံစသည်တို့ကို ကပ်၍(စူးစိုက်) ရှုတတ်ခြင်း၊ ဆန့်ကျင်ဘက်နီဝရဏတို့ကို လောင်ကျွမ်းတတ်ခြင်းတို့ကြောင့် 'ဈာန်' မည်၏။

ဥပမာ-ရထား၏ဝန်ရိုး၊ဘီး၊ထမ်းပိုးစသည်တို့၏ အစုအပေါင်းကိုသာ ရထားဟု ခေါ်သကဲ့သို့ ဖြစ်၏။

၃။ထိုဈာန်တို့နှင့် ယှဉ်သောစိတ်တို့ကိုကား 'ဈာန်စိတ်'ဟု ခေါ်သည်။

## ဈာန်အင်္ဂါ(၅)ပါး

(၁)ဝိတက်-ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့ ပို့တင်ပေးမှုသဘော။

(၂)ဝိစာရ- အာရုံကို အဖန်ဖန်သုံးသပ်မှုသဘော။

(၃)ပီတိ- အာရုံကို နှစ်သက်ကျေနပ်နေမှုသဘော။

(၄)သုခ-ယှဉ်ဖက်စိတ်စေတသိက်တို့ကို ချမ်းသာစေတတ်မှုသဘော။

(ဥပေက္ခာ) ချမ်းသာဆင်းရဲမဖက် အလယ်အလတ်ခံစားမှုသဘော။

(၅)ကေဂ္ဂတာ-တစ်ခုတည်းသောအာရုံ၌ စိုက်ဝင်တည်ငြိမ်နေမှုသဘော။

မှတ်ချက်။ ဤဈာန်အင်္ဂါ(၅)ပါးတို့သည် စိတ်နှင့်စေတသိက်တို့အား ဘာဝနာအာရုံ၌ သက်ဝင် နစ်မြုပ်နေစေရန် ဆောင်ရွက်ပေးကြပေ၏။

## ပထမဈာန်စသည်ဖြစ်ပုံ

ဘာဝနာ၏အာရုံတစ်မျိုးမျိုးသို့ ဝိတက်က တင်ပေး၍ ဝိစာရက အဖန်ဖန် အထပ်ထပ် သုံးသပ်၏။ ထိုအာရုံ၌ပင် ပီတိက နှစ်သက်ကျေနပ်၏။ သုခက ကိုယ်နှင့်စိတ်ကို ချမ်းမြစေ၏။ ကေဂ္ဂတာခေါ် သမာဓိက ထိုအာရုံနှင့် တစ်သားတည် ကျအောင် တည်တံ့နေစေမှုသည် ဈာန်အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော 'ပထမဈာန်စိတ် ဖြစ်သည်။

ထိုအာရုံ၌ အလေ့အကျင့်များလာသော် ဝိတက်မပါဘဲလည်း ဈာန်သို့ တက် ရောက်နိုင်တော့၏။ ထိုဈာန်ကို 'ဒုတိယဈာန်'ဟု ခေါ်၏။ ဝိစာရကိုပါ ပယ်ခွာ

http://www.dhammadownload.com



ပီတိ၊သုခ၊ဧကဂ္ဂတာတို့ဖြင့်နေမှုသည် 'တတိယဈာန်' ဖြစ်၏။ ပီတိကိုပါ ပယ်ခွာ၍ သုခ၊ဧကဂ္ဂတာ(၂)ပါးဖြင့်နေမှုသည် 'စတုတ္ထဈာန်'ဖြစ်၏။ ထိုသုခ ဝေဒနာထက် ပိုမိုသိမ်မွေ့သော ဥပေက္ခာဝေဒနာ၊ ဧကဂ္ဂတာ(၂)ပါးဖြင့် နေမှုသည် 'ပဉ္စမဈာန်' ဖြစ်ပေသည်။

## လက်တွေ့အသုံးချပုံ

ဝိတက်စသောငါးပါးတို့သည် အသီးသီးမိမိကိစ္စကို ဆောင်ရွက်ကြသော်လည်း ပဓာနအားဖြင့် အာရုံ၌ စိတ်၏ မတုန်မလှုပ် စိုက်စိုက်စူးစူး၊ အထူးမြဲမြဲစွာ သက်ဝင်ခြင်း ကိစ္စတစ်ခုကိုသာ ပြီးစီးစေ၏။

ကမ္မဋ္ဌာန်းအာရုံတစ်ခုခု၌ 'ပထဝီ၊ပထဝီ'ဟုလည်းကောင်း၊ 'ထွက်လေ၊ ဝင်လေ'ဟုလည်းကောင်း ကြံစည်မှုဝိတက်၊ သုံးသပ်မှုဝိစာရ၊ နှစ်သက်မှုပီတိ၊ ချမ်းမြေ့မှုသုခ၊တည်ကြည်မှုသမာဓိတို့သည် ရူပါဝစရကုသိုလ် ပထမဈာန်စိတ် ဖြစ်၏။

ကမ္မဋ္ဌာန်းတစ်ခုခုကို စတင်ပွားများအားထုတ်နေခိုက် ဈာန်စိတ်မဖြစ်မီ၌ ဆင်ခြင်နှလုံးသွင်းချိန်မှ ပဋိဘာဂနိမိတ်ထင်ချိန်တို့၌ဖြစ်သော 'ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ'တို့သည် မဟာကုသိုလ်စိတ်တို့သာတည်း။ ပဋိဘာဂထင်ချိန်မှစ၍ 'နီဝရဏတို့လည်း ကင်းကွာ၊ သမာဓိလည်းရ'လာ၏။

ထိုဈာန်စိတ်၏ အနီး၌ဖြစ်သောကြောင့် ထိုသမာဓိကို'ဥပစာရသမာဓိ'ခေါ်၏။ ထိုအခါ ဝိပဿနာသို့ ကူးပြောင်းတက်လှမ်း၍ အားထုတ်နိုင်ပြီ ဖြစ်၏။

ဤလူ့ဘဝ၌ ပထမဈာန်ကုသိုလ်စိတ်ရသူအား ထိုဈာန်စိတ်မပျက်ဘဲ သေလွန်သော် ပထမဈာန်ဝိပါက်စိတ်ဖြင့် ပထမဈာန်ရူပဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေဖြစ်၏။ အခြားဝိပါက်စိတ်တို့လည်း အလားတူပင် ဖြစ်သည်။ ကြိယာစိတ်တို့မှာ ရဟန္တာတို့၌ ဖြစ်၏။

### ရူပစိတ်(၁၅)ပါးသရုပ်ခွဲပုံ

| မူလဘေဒ | ရူပကုသိုလ်စိတ်(၅) | ရူပဝိပါက်(၅) | ရူပကြိယာ(၅) |
|---|---|---|---|
| ဝေဒနာ | သော(၄) ဥ(၁) | သော(၄) ဥ(၁) | သော(၄) ဥ(၁) |
| ဟိတ် | တိဟိတ်(၅) | တိဟိတ်(၅) | တိဟိတ်(၅) |

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## အရူပါဝစရစိတ်(၁၂)ပါးဖြစ်ပုံ

(အရူပတဏှာ၏ဖြစ်ရာစိတ်များ)

| အရူပကုသိုလ်စိတ်(၄) | အရူပဝိပါက်စိတ်(၄) | အရူပကြိယာစိတ်(၄) |
|---|---|---|
| ရုပ်ကိုမှီ၍ဖြစ်သောကုသိုလ် | ကုသိုလ်၏အကျိုးစိတ် | ပြုကာမျှသာသောစိတ် |

**အရူပါဝစရ၏သဘော**

**အရူပ**-နာမ်၌နှစ်သက်မှု အရူပတဏှာ၏။ **အဝစရ**-အာရုံပြုသည့်သဘောဖြင့် ဖြစ်ရာကျင်လည်ရာ စိတ်တို့ကို "**အရူပါဝစရစိတ်**"ဟု ခေါ်သည်။

ဤစိတ်တို့သည် အရူပဗြဟ္မာဘုံ၌ များသောအားဖြင့် ဖြစ်သော်လည်း အရူပကုသိုလ်၊ အရူပကြိယာတို့သည် လူ့ဘုံ၌လည်း ဖြစ်ကြ၏။

သမထဘာဝနာကို ဈာန်ရအောင် အားထုတ်သော ပုထုဇဉ်နှင့် သေက္ခတို့အား အရူပကုသိုလ်စိတ်နှင့်၊ ရဟန္တာတို့အား အရူပကြိယာစိတ်တို့ ဖြစ်၏။ အရူပဝိပါက်စိတ်သည်ကား အရူပဗြဟ္မာတို့၏ ပဋိသန္ဓေအခိုက်၌ ဖြစ်၏။

## အရူပကုသိုလ်စိတ်(၄)မျိုးဖြစ်ပုံ

| | |
|---|---|
| (၁)အာကာသာနဉ္စာယတန | ကုသိုလ်စိတ်(၁)ပါး |
| (၂)ဝိညာနဉ္စာယတန | ကုသိုလ်စိတ်(၁)ပါး |
| (၃)အာကိဉ္စညာယတန | ကုသိုလ်စိတ်(၁)ပါး |
| (၄)နေဝသညာနာသညာယတန | ကုသိုလ်(၁)ပါး |

**မှတ်ချက်**။ဝိပါက်စိတ်(၄)မျိုးနှင့် ကြိယာစိတ်(၄)မျိုးတို့ကိုလည်း ပြောင်း၍မှတ်ပါ။

အရူပစိတ်(၁၂)ပါးတို့သည် ရူပါဝစရပဉ္စမဈာန်နှင့် ဥပေက္ခာ၊ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါချင်း တူညီသောကြောင့် ပဉ္စမဈာန်၌ ထည့်သွင်းရေတွက် ရ၏။

## ဈာန်(၄)ပါးနှင့် အာရုံ(၄)မျိုးတွဲပုံ

၁။ အာကာသာနဉ္စာယတနဈာန်သည် ကောင်းကင်ပညတ်ကို အာရုံပြု၏။

၂။ ဝိညာဏဉ္စာယတနဈာန်သည် ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၏။

http://www.dhammadownload.com


၃။ အာကိဉ္စညာယတနဈာန်သည် နတ္ထိဘောပညတ်ကို အာရုံပြု၏။
၄။နေဝသညာနာသညာယတနဈာန်သည် တတိယာရုပ္ပဝိညာဏ်ကိုအာရုံပြု၏။

## အရူပဈာန်အဓိပ္ပါယ်

၁။ 'အာကာသ'ဟုခေါ်သော ကောင်းကင်ပညတ်အာရုံကို 'အနန္တ' အဆုံးအပိုင်း အခြားမရှိသောအားဖြင့် ရှုလျက် 'အာယတန' ဖြစ်ပေါ်တည်မြဲနေသော ကုသိုလ်စိတ်(ဝိညာဏ်)ကို 'အာကာသာနဉ္စာယတနဈာန်'ဟု ခေါ်၏။

(အာကာသ+အနန္တ+အာယတန)

၂။ တစ်ဖန် ထိုအာကာသာနဉ္စာယတနခေါ် (ပဌမာရုပ္ပ)ဝိညာဏ်အာရုံကိုပင် အဆုံးအပိုင်းအခြားမရှိသောအားဖြင့် ရှုလျက် ဖြစ်ပေါ်တည်မြဲနေသော ကုသိုလ်စိတ် (နာမ်တရား)ကို'ဝိညာဏဉ္စာယတနဈာန်'ဟု ခေါ်သည်။ (ဝိညာဏ+အနန္တ+အာယတန)

၃။ထို့နောင် အာကာသာနဉ္စာယတနစိတ်၏ စိုးစဉ်းမျှမရှိခြင်းဟူသော နတ္ထိဘော ပညတ်ကို အာရုံယူ၍ ရှုလျက် ဖြစ်ပေါ်တည်မြဲနေသော ကုသိုလ်စိတ် (နာမ်တရား)ကို 'အာကိဉ္စညာယတနဈာန်'ဟု ခေါ်သည်။ (နတ္ထိ+ကိဉ္စိ+အာယတန)

၄။ထို့နောင် ထိုတတိယာရုပ္ပဝိညာဏ်ကို အာရုံယူ၍ ရှုဖန်များသော် သညာ ရှိသည်လည်းမဟုတ်၊ သညာမရှိလည်းမဟုတ်ဆိုလောက်အောင် အလွန်သိမ်မွေ့သော ကုသိုလ်စိတ်ကို 'နေဝသညာ နာသညာယတနဈာန်'ဟု ခေါ်သည်။

(နေဝသညာ+န+အသညာ+အာယတန)

## လက်တွေ့အသုံးချပုံ

အရူပဈာန်ကုသိုလ်သည် ရုပ်၌ အပြစ်မြင်ငြီးငွေ့သဖြင့် ရုပ်နှင့်မဆက်ဆံလို သူတို့ ပွားများသောကြောင့် 'ရူပဝိရာဂဘာဝနာ'မည်၏။ ကသိုဏ်း(၁၀)ပါးရှိရာတွင် (၉)ပါးကို နှလုံးမသွင်းဘဲ ဖယ်ခွာ၍ ပေါ်လာသော ကောင်းကင်ပညတ်ခေါ် အာကာသကို အဆုံးအပိုင်းခြားမရှိအောင် ရှုပွားသော် ပဌမအရူပစိတ်ဝိညာဏ် ဈာန်ကုသိုလ်စသည် ဖြစ်၏။ ရူပ ပဥ္စမဈာန်နှင့် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါချင်း တူညီသဖြင့် အရူပဈာန်(၄)ပါးလုံးမှာ ပဥ္စမဈာန်ချည်းသာ ဖြစ်၏။

အထူးမှာ-ရူပဈာန်သည် အောက်ဈာန်ကို ပယ်ခွာလွန်မြောက်မှုကြောင့် ဖြစ်၏။ အရူပဈာန်သည် အောက်အာရုံကို ပယ်ခွာလွန်မြောက်မှုကြောင့် ဖြစ်၏။ ရူပစိတ်(၁၅) ပါးနှင့်အရူပစိတ်(၁၂)ပါးတို့ကို မြတ်သောဈာန်ရပုဂ္ဂိုလ်တို့၏ စိတ်များဖြစ်သောကြောင့် 'မဟဂ္ဂုတ်စိတ်'ဟု ခေါ်ရသည်။

http://www.dhammadownload.com



### မဟဂ္ဂုတ်စိတ်(၂၇)ပါးသရုပ်ခွဲ

| ဝေဒနာဘေဒ | ဇာတိဘေဒ | ဈာနဘေဒ |
|---|---|---|
| သော(၁၂) | ကုသိုလ်(၉) | ပထမဈာန်(၃) |
| ဥပေက္ခာ(၁၅) | ဝိပါက်(၉) | ဒုတိယဈာန်(၃) |
| | ကြိယာ(၉) | တတိယဈာန်(၃) |
| | | စတုတ္ထဈာန်(၃) |
| | | ပဥ္စမဈာန်(၁၅) |

### လောကီစိတ်(၁၈)ပါးသရုပ်ခွဲပုံ

| ဘူမိဘေဒ | ဇာတိဘေဒ | ဝေဒနာဘေဒ |
|---|---|---|
| ကာမစိတ်(၅၄) | အကုသိုလ်(၁၂) | သုခ-(၁) |
| ရူပစိတ်(၁၅) | ကုသိုလ်(၂၁) | ဒုက္ခ-(၁) |
| အရူပစိတ်(၁၂) | ဝိပါက်(၃၂) | သော-(၃၀) |
| | ကြိယာ(၂၀) | ဒေါ-(၂) |
| | | ဥပေက္ခာ(၄၇) |

မှတ်ချက်။ လောက၌ ထင်ရှားဖြစ်သောကြောင့်လည်းကောင်း တဏှာ၊ ဒိဋ္ဌိဟူသော ဥပါဒါန်တရားတို့၏အာရုံဖြစ်သောကြောင့်လည်းကောင်း 'လောကီစိတ်' ဟုခေါ်၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## လောကုတ္တရာစိတ်အကျဉ်း(၈)ပါးဖြစ်ပုံ
(လောကမှ လွတ်မြောက်စိတ်များ)

| မဂ်စိတ်(၄) | ဖိုလ်စိတ်(၄) |
|---|---|
| အင်္ဂါ(၈)ပါးရှိသောအသိစိတ် | ထိုအသိ၏အကျိုးစိတ် |

### လောကုတ္တရာ၏သဘော

လောက-ဉပါဒါနက္ခန္ဓာဟူသော သင်္ခါရလောကမှ၊ ဉတ္တရ-အာရုံမပြုသည့်သဘောဖြင့် လွတ်မြောက်ရာစိတ်တို့ကို "**လောကုတ္တရာစိတ်**"ဟု ခေါ်သည်။

## မဂ်စိတ်(၄)မျိုး၊ ဖိုလ်စိတ်(၄)မျိုးဖြစ်ပုံ

| | |
|---|---|
| (၁) သောတာပတ္တိမဂ်-ကုသိုလ်စိတ်(၁) | (၂)ဖိုလ်- ဝိပါက်စိတ်(၁) |
| (၃) သကဒါဂါမိမဂ် - ။ | (၄)ဖိုလ်- ။ |
| (၅) အနာဂါမိမဂ် - ။ | (၆)ဖိုလ်- ။ |
| (၇) အရဟတ္တမဂ် - ။ | (၈)ဖိုလ်- ။ |

### မဂ်နှင့် ဖိုလ်တို့၏သဘော

လောဘ၊ဒိဋ္ဌိစသော ကိလေသာတို့ကို သတ်၍ နိဗ္ဗာန်သို့ သွားရောက်တတ်သောသဘောကို 'မဂ်'ဟု ခေါ်သည်။ ထိုမဂ်၏အကျိုးအနေဖြင့် ဖြစ်သောစိတ်ကို 'ဖိုလ်'ဟု ခေါ်သည်။

ဉပမာ- မဂ်သည် မီးပုံကြီးအား ရေပုန်းကြီးဖြင့် တစ်ကြိမ်တည်း လောင်းသတ်ငြိမ်းမှုနှင့် တူ၏။ ဖိုလ်သည် ရေပုံငယ်တို့ဖြင့် ထပ်ကာ အကြိမ်ကြိမ် လောင်းသည်နှင့် တူ၏။

### လက်တွေ့အသုံးချပုံ

သောတာပတ္တိမဂ်သည် နိဗ္ဗာန်သို့ ပထမဦးဆုံး သိမြင်ရောက်ရှိနိုင်သည့်စိတ်သဘောစွမ်းအင် ဖြစ်၏။ ထိုမဂ်ကိုရလျှင် (၇)ဘဝထက်အလွန် ဘဝသံသရာ၌

http://www.dhammadownload.com



မဖြစ်ရတော့။ အပါယ်လေးပါးတံခါး ထာဝရပိတ်၏။ နိဗ္ဗာန်ကို ရောက်ရှိလိုသူသည် ဤသောတာပတ္တိမဂ်ကို ဦးစွာ ရရှိအောင် အားထုတ်ရ၏။

သကဒါဂါမိမဂ်သည် လူ့ဘဝသို့ (၁)ကြိမ် ရောက်၏။ အနာဂါမိမဂ်စိတ်သည် (၁)ကြိမ်မျှပြန်မလာ။ ဗြဟ္မာ့ပြည်မှပင် နိဗ္ဗာန်ဝင်၏။ အရဟတ္တမဂ်ကား သံသရာကျင်လည်မှု ပြတ်၏။ ဖြစ်ရာဘုံဘဝမှပင် နိဗ္ဗာန်ဝင်စံတော့၏။

မဂ်စိတ်သည် ဝရဇိန်လက်နက် မိုးကြိုးစက်နှင့် ဥပမာတူ၏။ တစ်ကြိမ်မျှဖြင့်ပင် မဂ်ကိစ္စပြီး၏။ ဖိုလ်စိတ်တို့သည်ကား မဂ်အားလျော်စွာ အကြိမ်ကြိမ် ဖြစ်ကြရ၏။

## (၄)ပါးစီ ဖြစ်ရခြင်း

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မဂ္ဂင်(၈)ပါးကို ပွားသည်ရှိသော် (၁)သဒ္ဓါစသော ဣန္ဒြေမထက်သူ၊ (၂)ထက်သူ၊ (၃)အထူးထက်သူ၊ (၄)အလွန်အထူးထက်သူဟု (၄)မျိုးကွဲပြားသောကြောင့် မဂ်(၄)ပါး ဖြစ်ရ၏။ မဂ်အားလျော်စွာဖြစ်ရသောကြောင့် ဖိုလ်လည်း (၄)မျိုးပင် ဖြစ်၏။

မှတ်ချက်။ ဣန္ဒြေမထက်ဟူသည် အထက်မဂ်ပုဂ္ဂိုလ်တို့ကို ထောက်ဆမှုသာ ဖြစ်၏။ အောက်ပုထုဇဉ်နှင့် ယှဉ်သော်ကား ထက်မြက်သည်သာ။

## မဂ္ဂင်၊မဂ်၊မဂ်စိတ်

၁။သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပစသောအင်္ဂါ(၈)ပါး တစ်ပါးပါးတို့ကို 'မဂ္ဂင်' ခေါ်၏။

၂။ အင်္ဂါ(၈) ပါး၏စုပေါင်းစွမ်းအင်သတ္တိသည် 'မဂ်' မည်၏။

၃။ ထိုမဂ်နှင့်ယှဉ်သောစိတ် (၄)ပါးတို့ကိုသာ 'မဂ်စိတ်'ဟု ခေါ်သည်။

သောတာပတ္တိမဂ်၌လည်း အင်္ဂါ(၈)ပါးရှိသကဲ့သို့၊ သကဒါဂါမိမဂ်စသည်တို့၌လည်း အင်္ဂါ(၈)ပါးစီ စုပေါင်းစွမ်းအားရှိသောကြောင့် မဂ်(၄)ပါးလုံးကိုပင် 'အင်္ဂါ-၈-ပါးနှင့် ပြည့်စုံသော အဋ္ဌင်္ဂိကမဂ်'ဟု ခေါ်သည်။

## မဂ်(၄)ယောက်၊ဖိုလ်(၄)ယောက်

မဂ်စိတ်တို့သည်(၄)ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်(၄)ယောက်တို့ကို မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်ဟု ခေါ်၍ ဖိုလ်စိတ်(၄)ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကိုကား

http://www.dhammadownload.com


ဖလဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်ဟု ခေါ်သည်။

### သောတာပန်ဟူသည်

သောတာပတ္တိမဂ်စိတ်၊ဖိုလ်စိတ်တို့ကို ရရှိသောပုဂ္ဂိုလ်များကို 'သောတာပန်ပုဂ္ဂိုလ်'ဟု ခေါ်၏။

ဂင်္ဂါ၊ယမုံနာစသောမြစ်တို့၏ ရေအယဉ်သည် 'သောတ'မည်၏။ ထိုမြစ်ရေအယဉ်တို့သည် အစဉ်တစိုက် သမုဒ္ဒရာတိုင်အောင် မဆုတ်မနစ် စီးသွားသကဲ့သို့၊ အင်္ဂါ(၈)ပါးရှိသောမဂ်သည်လည်း နိဗ္ဗာန်တိုင်အောင် မဆုတ်မနစ် စီးသွားခြင်းကြောင့် တင်စား၍ 'သောတ'ဟု ခေါ်သည်။

ထို'သောတ'မည်သော အင်္ဂါ(၈)ပါးရှိသောမဂ်သို့ ရောက်ရှိသူကို'သောတာပတ္တိ'၊ (သို့မဟုတ်) 'သောတာပန်'ဟု ခေါ်ခြင်း ဖြစ်၏။

♦ ♦ ♦

## လောကုတ္တရာစိတ်အကျယ်(၄၀)ပါးဖြစ်ပုံ

| | |
|---|---|
| မဂ်(၄)ပါး × ဈာန်(၅)ပါး | မဂ်စိတ်(၂၀) |
| ဖိုလ်(၄)ပါး × ဈာန်(၅)ပါး | ဖိုလ်စိတ်(၂၀) |

ဝိတက်၊ဝိစာရစသော ဈာန်အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော'**ပထမဈာန်-သောတာပတ္တိမဂ်-ကုသိုလ်စိတ်**'(၁)မျိုး၊ ဝိပါက်စိတ်(၁)မျိုးစသည် ရေတွက်ပါ။

### အကျယ်(၄၀)ဖြစ်ရခြင်း

သမထဘာဝနာဖြင့် ရူပါဝစရပထမဈာန်စသည်ကို ရအောင်အားထုတ်ပြီးမှ ဝိပဿနာအားထုတ်သော 'ဈာနနိယမပုဂ္ဂိုလ်'၏အစွမ်းဖြင့် မဂ်ဖိုလ်စိတ်အကျယ်(၄၀) ဖြစ်သည်။

သမထဖြင့် ဈာန်ရအောင်အားမထုတ်ဘဲ ဝိပဿနာသက်သက် အားထုတ်သော 'ဝိပဿနာနိယမပုဂ္ဂိုလ်'၏အစွမ်းဖြင့်ကား မဂ်ဖိုလ်စိတ်အကျဉ်း(၈)ပါးဖြစ်၏။

ရူပကုသိုလ်ဈာန်(၅)ပါးဖြင့် မဂ်ကိုပွားသူအား "ပထမဈာန် သောတာပတ္တိ

http://www.dhammadownload.com



မဂ်''စသည် ဖြစ်၏။ မဂ်(၄)ပါးကို ဈာန်(၅)ပါးဖြင့် မြှောက်ပွားသော် အကျဉ်း(၈)မှ အကျယ်(၄၀)ဖြစ်၏။

## နောက်ဆက်တွဲလေ့လာရန်များ

| စိတ်(၈၉/၁၂၁)ပါး ဖြစ်ရာဘုံအားဖြင့်ခွဲပုံ | |
|---|---|
| မူလစိတ်ကျဉ်း | မူလစိတ်အကျယ် |
| ကာမစိတ် ၅၄ | အကု(၁၂)+အဟိတ်(၁၈)+ကာမသောဘန(၂၄) |
| ရူပစိတ် ၁၅ | ကု(၅) + ဝိ(၅) + ကြိ(၅) |
| အရူပစိတ် ၁၂ | ကု(၄) + ဝိ(၄) + ကြိ(၄) |
| လောကုတ္တရာစိတ်—၈/၄၀ | မဂ်(၄/၂၀)+ ဖိုလ်(၄/၂၀) |

## စိတ်(၈၉)ပါး ဇာတ်တူအားဖြင့်ခွဲပုံ

| မူလစိတ်ကျဉ်း | မူလစိတ်အကျယ် |
|---|---|
| အကုသိုလ်(၁၂) | လော(၈) ဒေါ(၂) မော(၂) |
| ကုသိုလ်(၂၁) | ကာမ(၈) ရူပ(၅)အရူပ(၄)မဂ်(၄) |
| ဝိပါက် (၃၆) | အဟိတ်(၁၅)ကာမ(၈)ရူပ(၅)အရူပ(၄)ဖိုလ်(၄) |
| ကြိယာ (၂၀) | အဟိတ်(၃)ကာမ(၈)ရူပ(၅)ရူပ(၄) |

## လောကီစိတ်(၈၁)ပါးဝေဒနာအားဖြင့်ခွဲပုံ

| မူလစိတ်ကျဉ်း | မူလစိတ်အကျယ် |
|---|---|
| သုခ(၁) | အဟိတ်ကုသလဝိပါက်ကာယဝိညာဏ်(၁) |
| ဒုက္ခ(၁) | အကုသလဝိပါက်ကာယဝိညာဏ်(၁) |
| ဒေါမနဿ(၂) | ဒေါသမူဒွေ(၂) |
| သောမနဿ(၃၀) | အကု(၄)အဟိတ်(၂)ကာမ(၁၂)မဟဂ္ဂုတ်(၁၂) |
| ဥပေက္ခာ(၄၇) | အကု(၆)အဟိတ်(၁၄)ကာမ(၁၂)မဟဂ္ဂုတ်(၁၅) |

http://www.dhammadownload.com



## လောကီလောကုတ္တရာစသည်ခွဲပုံများ

| မူလစိတ်ကျဉ်း | မူလစိတ်အကျယ် |
| --- | --- |
| လောကီစိတ်- ၈၁ | ကာမ(၅၄) မဟဂ္ဂုတ်-ရူပ၊အရူပ(၂၇) |
| လောကုတ္တရာစိတ်-၈/၄၀ | မဂ်(၄/၂၀) ဖိုလ်(၄/၂၀) |
| အသောဘနစိတ်-၃၀ | အကုသိုလ်(၁၂) အဟိတ်(၁၈) |
| သောဘနစိတ်- ၅၉/၉၁ | ကာမ(၂၄) မဟဂ္ဂုတ်(၂၇) လော(၈/၄၀) |
| အဟိတ်စိတ်-၁၈ | အကုဝိ(၇) ကုဝိ(၈) အဟိတ်ကြိ(၃) |
| သဟိတ်စိတ်-၇၁/၁၀၃ | ဧကဟိတ်(၂)ဒွိ(၂၂)တိ(၄၇/၇၉) |
| ကာမစိတ်- ၅၄ | အကု(၁၂) အဟိတ်(၁၈) ကာမသော(၂၄) |
| ဈာန်စိတ်-၃၅/၆၇ | မဟဂ္ဂုတ်(၂၇) လောကုတ္တရာ(၈/၄၀) |

## စိတ်(၈၉)သရုပ်ခွဲဇယား

| မူလစိတ် | ဇာတိဘေဒစိတ် | | | | ဝေဒနာဘေဒစိတ် | | | | | ဟေတုဘေဒစိတ် | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| | အကု | ကု | ဝိ | ကြိ | သု | ဒု | ဒေါ | သော | ဥ | အဟိတ် | ဧကေ | ဒွိ | တိ |
| ကာမ(၅၄) | ၁၂ | ၈ | ၂၃ | ၁၁ | ၁ | ၁ | ၂ | ၁၈ | ၃၂ | ၁၈ | ၂ | ၂၂ | ၁၂ |
| ရူပ(၁၅) | - | ၅ | ၅ | ၅ | - | - | - | ၁၂ | ၃ | - | - | - | ၁၅ |
| အရူပ(၁၂) | - | ၄ | ၄ | ၄ | - | - | - | - | ၁၂ | - | - | - | ၁၂ |
| လော(၈) | - | ၄ | ၄ | - | - | - | - | ၄ | ၄ | - | - | - | ၈ |
| စိတ်(၈၉) | ၁၂ | ၂၁ | ၃၆ | ၂၀ | ၁ | ၁ | ၂ | ၃၄ | ၅၁ | ၁၈ | ၂ | ၂၂ | ၄၇ |

## ဉာဏ်စမ်းဓမ္မဝိဇ္ဇာန်များ

၁။ ပရမတ်မှ ထူးခြားသော အဘိဓမ္မတ္ထတရားမှာ- ပညတ်။

၂။ အမှန်ရှိလျက် ဖောက်ပြန်နေသောတရားမှာ- ရုပ်။

၃။ ပရမတ်တရားများထဲက နိစ္စပရမတ်တရားမှာ- နိဗ္ဗာန်။

၄။ လူတစ်ယောက်သန္တာန်၌ လျှာတစ်ခုသာရှိပါသော်လည်း ဇိဝှါဝိညာဏ်ဒွေ ဖြစ်၏။

၅။ 'နှလုံးသွင်းမှန်မှ ကုသိုလ်ရ' ဟူသောစိတ်မှာ- မနောဒွါရာဝဇ္ဇန်းစိတ်။

http://www.dhammadownload.com



၆။ အကြောင်းစိတ်၊ အကျိုးစိတ်၊ ကြောင်းကျိုးလွတ်စိတ်တို့မှာ-ကုသိုလ်၊အကုသိုလ်၊ ဝိပါက်၊ကြိယာစိတ်များ။

၇။စိတ်သည် အာရုံသိမှုအားဖြင့် တစ်ပါးသာဖြစ်လျက် (၁၂၁)ပါးပြားရခြင်းမှာ- ဘူမိ၊ဇာတိ၊သမ္ပယောဂ၊အာရုံစသည်တို့ ကွဲပြားမှုကြောင့် ဖြစ်၏။

## မေး/ဖြေလေ့ကျင့်ခန်းများ

**မေး။** 'အိမ်မြှောင်စုတ်ထိုး၍ လာဘ်ဝင်မည်'ဟု ယုံကြည်မျှော်ကိုးလျက် အားရဝမ်းသာစိတ်ဖြစ်ပေါ်နေသူသန္တာန်၌ ဖြစ်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

**ဖြေ။** သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်။

**မေး။** 'ဥပဒေ လက်တစ်လုံးကြား'လုပ်ပြီး မလိမ့်တစ်ပတ် စီးပွားရှာနေမှုကိုအပြစ်ရှိမှန်းသိသော်လည်း အခြေအနေအရ လုပ်ကိုင်စားသောက်နေရသူသန္တာန်၌ ဖြစ်သော စိတ်ကို ဖော်ပြပါ။

**ဖြေ။** ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ဖြစ်သည်။

**မေး။** စီးပွားရေးအခြေမလှ၍ အနေမကျသဖြင့် စိတ်တို၊အမျက်ထွက်နေသူသန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြပါ။

**ဖြေ။** ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်ဖြစ်သည်။

**မေး။** အပြစ်မရှိသော ကောင်းမှုတစ်ခုပဲဟု သိမြင်နားလည်လျက် ပျော်ရွှင်လန်းဆန်းစွာ အဘိဓမ္မာတရားတော်များကို လေ့လာသင်ယူနေသူ၏ သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြပါ။

**ဖြေ။** သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်။

စိတ်ပိုင်းပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

# (၂)စေတသိက်ပိုင်း

(စိတ်၌မှီ၍ဖြစ်သော အာရုံသိသဘောများ)

## စေတသိက်၏သဘော

စိတ်က အာရုံတစ်ခုခုကို သိလိုက်မှုသဘောမျှ ဖြစ်၏။ ထိုစိတ်၏အာရုံသိမှုအပေါ်၌ မှီတွယ်၊ချယ်လှယ်သည့်အနေဖြင့် ဖြစ်လေ့ရှိသော အာရုံသိသဘော(၅၂)မျိုးတို့ကို ''စေတသိက်''ဟု ခေါ်သည်။

ဥပမာ- စိတ်က TV.ပေါ်က အာရုံမျိုးစုံကို သိရုံမျှဖြစ်၏။ ကိုယ့်အကြိုက်နှင့်ကိုက်လျှင် လောဘစေတသိက်က နှစ်သက်၏။ မကြိုက်လျှင် ဒေါသစေတသိက်က မနှစ်သက်မှု ဖြစ်၏။ စိတ်ဖြစ်၍လည်း စေတသိက် ဖြစ်ရ၏။ စေတသိက်ဖြစ်လျှင်လည်း စိတ်ဖြစ်ရ၏။

လင်္ကာ။ စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်။

## စေတသိက်၏လက္ခဏာ(၄)မျိုး

စေတသိက်တို့သည် စိတ်နှင့်

(၁) ဧကုပ္ပါဒ-ဖြစ်မှုတူ၏။ (၂) ဧကနိရောဓ- ချုပ်မှုတူ၏။

(၃) ဧကာရမ္မဏ-အာရုံယူမှုတူ၏။ (၄)ဧကဝတ္ထုက-မှီရာဌာနတူ၏။

ဥပမာ- TV ကြည့်မြင်နေမှု၌ စက္ခုဝိညာဏ်စိတ်-မြင်သိမှုနှင့် ဖဿ စေတသိက်ထိတွေ့မှု၊ဝေဒနာစေတသိက်ခံစားမှုတို့သည် တပြိုင်နက်၌ ဖြစ်၏။ စက္ခုပသာဒရုပ်၌အတူ မှီကြ၏။ TV အာရုံကို ယူကြ၏။ စိတ်သက်ပြည့်သည်နှင့် အတူချုပ်ကြရ၏။

### စေတသိက်(၅၂)ပါးအချုပ်

| | | |
|---|---|---|
| အညသမာန်းစေတသိက် (၁၃)ပါး (အကောင်း/အဆိုးပေါင်း) | အကုသိုလ်စေတသိက် (၁၄)ပါး (အဆိုးသက်သက်ဖြစ်) | သောဘနစေတသိက် (၂၅)ပါး (အကောင်းသန့်သန့်ဖြစ်) |

http://www.dhammadownload.com



## အညသမာန်းစေတသိက်(၁၃)ပါးအချုပ်

| သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး (စိတ်အားလုံးနှင့်ယှဉ်ဖြစ်) | ပကိဏ်းစေတသိက် (၆)ပါး (ကောင်း/မကောင်းစိတ်နှင့်ပေါင်းဖြစ်) |
|---|---|

**အညသမာန်း၏သဘော**

ကုသိုလ်စိတ်၊အကုသိုလ်စိတ်(၂)မျိုးလုံးနှင့်အတူ တွဲယှဉ်ဖြစ်လေ့ရှိသော စေတသိက်(၁၃)ပါးတို့ကို "**အညသမာန်း**"စေတသိက်ဟု ခေါ်သည်။

ကုသိုလ်၊အကုသိုလ်(၂)မျိုးလုံးနှင့် ရောယှဉ်ဖြစ်နိုင်သောကြောင့်ပင် "ကောင်းဆိုးနှစ်တန်၊ ခတ်တိုင်းငံ၊ သမာန်အည-တေရသ"ဟု ဆိုကုန်၏။

## သဗ္ဗစိတ္တသာဓာရဏ(၇)ပါးဖြစ်ပုံ

(စိတ်အားလုံးနှင့် ယှဉ်ဖြစ်တရားများ)

| ဖဿ | ဝေ | သညာ | စေ၊ | ဧ | ဇီ | မန |
|---|---|---|---|---|---|---|
| ထိတွေ့ | ခံစား | မှတ်သား | စေ့ဆော် | တည်တံ့ | ရှင်သန် | နှလုံးသွင်း |

**သဗ္ဗစိတ္တသာဓာရဏ၏သဘော**

စိတ်တစ်ခုဖြစ်တိုင်း ထိုစေတသိက်(၇)လုံးတို့ လိုက်ပါဖြစ်သောကြောင့် "**သဗ္ဗ စိတ္တသာဓာရဏ**"ဟု ခေါ်၏။ ထိုစေတသိက်တို့ကို ကုသိုလ်ဟုလည်းကောင်း၊ အကုသိုလ်ဟုလည်းကောင်း ပုံသေမှတ်၍မရ။ ရေကြည်ရာမြက်နုသလို၊ မြေနိမ့်ရာ လှံစိုက်သလို၊ အကုသိုလ်ဘက်/ ကုသိုလ်ဘက် နှစ်ဖက်လုံးနှင့် 'နေရာတိုင်းမှာ သူ့ မျက်နှာ'ဆိုရလောက်အောင် ရောစပ်ကပ်ယှဉ်လေ့ ရှိ၏။

(၁)။ **ဖဿ**- အာရုံကောင်း/ဆိုးမှန်သမျှကို တွေ့ထိမှုသဘော။
ချဉ်သီးစားသူကို မြင်ရခိုက် ခံတွင်းချဉ်လိုက်မှုနှင့် တူ၏။

(၂)။ **ဝေဒနာ**-အာရုံကောင်း/ဆိုး အရသာကို ခံစားမှုသဘော။
အစားအစာကို သုံးဆောင်ခံစားသော ဘုရင်နှင့် တူ၏။

(၃)။ **သညာ**- အာရုံကောင်း/ဆိုးဟူသမျှကို မှတ်သားမှုသဘော။
ကလေးများ အရောင်မှတ်မှု၊ လက်သမားများ ခဲမှတ်မှုတို့နှင့် တူ၏။

(၄)။ **စေတနာ**-အာရုံကောင်း/ဆိုးဟူသမျှကို စေ့ဆော်မှုသဘော။

http://www.dhammadownload.com


မိမိအလုပ်၊ အောက်လက်ငယ်သားတို့၏ အလုပ်ကို ပြီးစီးအောင်ဆောင်ရွက်လေ့ရှိသော မန်နေဂျာနှင့် တူ၏။

(၅)။ **ဧကဂ္ဂတာ**-အာရုံတစ်ခုတည်း၌ တည်တံ့နေမှုသဘော။
လေငြိမ်ရာအရပ်က ဆီးမီးတိုင် ငြိမ်နေပုံနှင့် တူ၏။

(၆)။ **ဇီဝိတိန္ဒြေ**-ယှဉ်ဖက်တရားတို့ကို အသက်ပြည့်ရှင်နိုင်အောင် စောင့်ထိန်းပေးမှုသဘော။ (ရုပ်ဇီဝိတ+နာမ်ဇီဝိတ-၂-ပါးတွင် နာမ်ဇီဝိတ)
နို့ထိန်း၊ ကြာစောင့်ရေ၊ ကူးတို့သမားတို့ စောင့်ရှောက်ပုံနှင့် တူ၏။

(၇)။ **မနသိကာရ**-အာရုံကို စိတ်၌ ဆောင်ထား(နှလုံးသွင်း)မှုသဘော။
လိုရာလမ်းသို့ရောက်အောင် မောင်းနှင်သော ရထားထိန်းနှင့် တူ၏။

## လက်တွေ့အသုံးချပုံ

စိတ်တစ်ခုဖြစ်တိုင်း၌ အနည်းဆုံး ဤစေတသိက်(၇)လုံးတို့ လိုက်ပါတွဲယှဉ်၍ ဖြစ်ကြ၏။ TV ကြည့်ချိန်၌ စက္ခုဝိညာဏ်စိတ်က အရင်ဆုံး မြင်မှုကို သိလိုက်၏။ ထို့နောင် ဖဿက အာရုံ+ပသာဒ+ဝိညာဏ်တို့ဆုံစိုက်၌ ထိလိုက်၏။ ဝေဒနာက TV ဖန်သားပြင်ပေါ်က အာရုံရသကို အပြည့်အဝခံစား၏။ သညာက ခံစားရသမျှကို မှတ်သားထား၏။ စေတနာက အပေါင်းပါတရားတွေကို လှုံ့ဆော်တိုက်တွန်းမှုပြု၏။ ဧကဂ္ဂတာက ထိုTV အာရုံထဲ စိတ်စွဲဝင်နေအောင် ဆောင်ထား၏။ နာမ်ဇီဝိတိန္ဒြေက ထိုစိတ်စေတသိက်တို့ အသက်တမ်းပြည့် ရှင်သန်နိုင်အောင် စောင့်ထိန်းပေးထား၏။ ထိုအာရုံ၌ပင် မနသိကာရက ကိုယ့်လိုရာလမ်းကြောင်းသို့ ရောက်အောင် ဦးထိန်းပဲ့ကိုင် သဖွယ် တည့်မတ်ပေးလေ၏။

## ပကိဏ်းစေတသိက်(၆)ပါးဖြစ်ပုံ

(ကောင်း/မကောင်းစိတ်နှင့်ပေါင်းဖြစ်တရားများ)

| တက် | စာ | မိ | ဝိ | ပီ | ဆန္ဒ |
|---|---|---|---|---|---|
| ကြံစည် | သုံးသပ် | ဆုံးဖြတ် | အားထုတ် | နှစ်သက် | လိုလား |

### ပကိဏ်းစေတသိက်၏သဘော

ဤစေတသိက်(၆)ပါးတို့သည် စိတ်(၈၉)ပါးလုံးနှင့်မယှဉ်ဘဲ ဟိုတချို့၊ ဒီတချို့ ကုသိုလ်၊အကုသိုလ် ရောပြွမ်းယှဉ်ဖြစ်၍ "ပကိဏ်း"စေတသိက်ဟု ခေါ်၏။

http://www.dhammadownload.com


၁။ **ဝိတက်**-ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံပေါ်သို့ တင်ပေးမှုသဘော။
မင်းကျွမ်းဝင်သူသည် တောသားအား နန်းတွင်းရောက်အောင် ပို့ဆောင်ပေးမှု၊ အစဆုံးမြည်ထွက်လာသော ခေါင်းလောင်းသံတို့နှင့် တူ၏။

၂။ **ဝိစာရ**- ထိုအာရုံကို အထပ်ထပ်ယူ၍ သုံးသပ်မှုသဘော။
နောက်ထပ်မြည်ထွက်နေသော ခေါင်းလောင်းသံနှင့် တူ၏။

၃။ **အဓိမောက္ခ**-အာရုံတစ်ခုခုကို ရွေးချယ် ဆုံးဖြတ်မှုသဘော။
ခိုင်မာသော ကျောက်စာတိုင်နှင့် တူ၏။

၄။ **ဝီရိယ**- ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်မှုသဘော။
အိမ်အိုကို မလဲပြိုအောင် ထောက်ကန်ပေးသောထောက်တိုင်နှင့် တူ၏။

၅။ **ပီတိ**- ထိုအာရုံ၌ပင် ကျေနပ်နှစ်သက်မှုသဘော။
ရေငတ်နေသူသည် ရေကို မြင်ရသည်နှင့် တူ၏။

၆။ **ဆန္ဒ**- ထိုထိုအာရုံကို လိုလားကာမျှသဘော။
ပစ်လိုသောမြားကို ကောက်ယူရန် လက်ဆန့်တန်းသည်နှင့် တူ၏။

## လက်တွေ့အသုံးချပုံ

TV ကြည့်လိုမှုသဘော၊ တရားအားထုတ်လိုမှုသဘောတို့သည် ဆန္ဒ ဖြစ်၏။ TVကြည့်ဖို့ တရားအားထုတ်ဖို့ ကြိုးစားမှုသည် ဝီရိယ ဖြစ်၏။ ထိုအာရုံတို့သို့ စိတ်ကို တင်ပေးမှုသည် ဝိတက် ဖြစ်၏။ အဖန်ဖန်သုံးသပ်နေမှုက ဝိစာရ။ ထိုအာရုံထဲ စိတ်မြဲနေ အောင် စိုက်ထူပေးမှုက အဓိမောက္ခ။ ကျေနပ်နေမှုကား ပီတိ။

အာရုံအသစ် ဖြစ်ပေါ်လာစေရန် ဆန္ဒက လိုလားကာမျှ ဖြစ်၏။ ဝီရိယက ထိုအာရုံ၌ စိတ်စေတသိက်တို့ နောက်မဆုတ်အောင် ထောက်ပံ့၏။ အလိုရှိရာ အာရုံပေါ်သို့ရောက်အောင် ဝိတက်က ပို့တင်ပေး၏။ ဝိစာရက ထိုအာရုံမှ မလျှောကျအောင် သုံးသပ်၏။ အဓိမောက္ခက ထိုအာရုံ၌ ခိုင်မြဲနိုင်ရန် ဆုံးဖြတ်ပေး၏။ ပီတိက ထိုအာရုံကို သဘောကျလေတော့သည်။ ကုသိုလ်ဘက်၌လည်း ထိုနည်းတူ နားလည်ပါလေ။

## အကုသိုလ်စေတသိက်(၁၄)ပါးဖြစ်ပုံ

(အဆိုးသက်သက်ပေါင်းဖြစ်တရားများ)

| | | | |
|---|---|---|---|
| မော ဟိ နောတ် ဥဒ် | လော မာန် ဒိဋ္ဌိ | ဒေါ ဣသ် မစ် ကုက် | ထိ မိဒ် ဝိစိ |
| မောစတုတ် | လောတြိ | ဒေါစတုတ် | ဆုံးတြိ |

http://www.dhammadownload.com



### မောစတုတ်အုပ်စု(၄)ပါး

၁။ **မောဟ**-အာရုံသဘောမှန်ကို မသိသဘော၊ အမှားသိမှုသဘော။
မြင်းမျက်နှာ၌ တပ်ထားသော မျက်မှန်စိမ်းနှင့် တူ၏။

၂။ **အဟိရိက**-မကောင်းမှုကို မရှက်သဘော၊ ကြိုက်သဘော။
ရွာဝက်သည် မစင်ကို မရွံ့ရှာဘဲ နှစ်သက်သည်နှင့် တူ၏။

၃။ **အနောတ္တပ္ပ**-မကောင်းမှုကို မလန့်သဘော၊ ရင်းနှီးသဘော။
ပိုးဖလံသည် မီးကို မကြောက်ဘဲ ဝင်တိုးသည်နှင့် တူ၏။

၄။ **ဥဒ္ဓစ္စ**- အာရုံတစ်ခု၌ စိတ်မတည်သဘော၊ ပျံ့လွင့်သဘော။
ခဲဖြင့် ပစ်သဖြင့် အထက်သို့ လွင့်တက်သော ပြာနှင့် တူ၏။

ဤ(၄)ပါးတို့သည် အကုသိုလ်စိတ် အားလုံးနှင့် တွဲယှဉ်ဖြစ်သောကြောင့် "အကုသလ သာဓာရဏ" စေတသိက် အမည်ရ၏။

### လောဘတြိအုပ်စု(၃)ပါး

၅။ **လောဘ**-အာရုံ၌ ကပ်ငြိတပ်မက်သဘော၊ မလွှတ်သဘော။
မျောက်စေးနဲသည် မျောက်ကို ကပ်ငြိစေသည်နှင့် တူ၏။

၆။ **ဒိဋ္ဌိ**- အာရုံပေါ်၌ လွဲမှားစွာသိမှု၊အယူမှားမှုသဘော။
မျက်စိလည် လမ်းမှားသူနှင့် တူ၏။

၇။ **မာန**- ထောင်လွှားဝံ့ကြွားမှုသဘော၊ စိတ်ကြီးဝင်မှုသဘော။
အထက်၌သာ လွင့်တက်လေ့ရှိသော တံခွန်၊မှန်ကင်းတို့နှင့် တူ၏။

### ဒေါစတုတ်အုပ်စု(၄)ပါး

၈။ **ဒေါသ**- အာရုံ၌ ခက်ထန်ကြမ်းကြုတ်မှုသဘော။
တုတ်ဖြင့် ပုတ်ခတ်ခံရသော မြွေပွေး၊မြွေဟောက်နှင့် တူ၏။

၉။ **ဣဿာ**-သူတစ်ပါးစည်းစိမ်ဥစ္စာအာရုံ၌ မနာလိုမှုသဘော။
မြဂူကို မနာလိုသော တောဝက်နှင့် တူ၏။

၁၀။ **မစ္ဆရိယ**-မိမိစည်းစိမ်ချမ်းသာအာရုံ၌ ဝန်တိုမှုသဘော။
ခါးစပ်သောအရသာသည် စားမိသူကို တွန့်ဆုတ်စေမှုနှင့် တူ၏။

၁၁။ **ကုက္ကုစ္စ**-ပြုမိသောဒုစရိုက်၊မပြုမိသောသုစရိုက်တို့၌ တသသ ပူပန်မှုသဘော။
တာဝန်မကျေသောကျွန်၏ ပူပန်နေမှုနှင့် တူ၏။

http://www.dhammadownload.com



**ဆုံးတြိအုပ်စု(၃)ပါး**

၁၂။ **ထိန**- အာရုံ၌ စိတ်လေးလံထိုင်းမှိုင်းမှုသဘော။
နေထိသော ကြာပဒုမ္မာနှင့် တူ၏။

၁၃။ **မိဒ္ဓ**- အာရုံ၌ ယှဉ်ဖက်စေတသိက်တို့ လေးလံထိုင်းမှိုင်းမှုသဘော။
လူအထိခံရသော ထိကရုံးရွက်နှင့် တူ၏။

၁၄။ **ဝိစိကိစ္ဆာ**-ဘုရား,တရားစသော ကုသိုလ်မှုတို့၌ယုံမှားသံသယဖြစ်မှုသဘော။
လမ်းနှခွသို့ ရောက်နေသူနှင့် တူ၏။

ဤစေတသိက်(၁၀)ပါးတို့သည် မိမိဆိုင်ရာအကုသိုလ်စိတ်တို့နှင့်သာ တွဲယှဉ်ဖြစ်ကြ၏။ ထိုအကုသိုလ်စေတသိက်(၁၄)ပါးတို့သည် အကုသိုလ်စိတ်ဖြစ်ရာ၌ အဆိုးသဘောသက်သက်အနေဖြင့် စိတ်ကို မှီတွယ်ချယ်လှယ်၍ ဖြစ်ကြသည်။

**လက်တွေ့အသုံးချပုံ**

စိတ်တို့၏ မူလပင်ကိုယ်သဘောမှာ ဖြူစင်၏။ အရောင်တလက်လက်ထွက်၏။ ဤအကုသိုလ်စေတသိက်တို့၏ အရောင်ဆိုးမှုကြောင့်သာ ညစ်နွမ်းကြရ၏။ ထိုတွင် လောဘ၊ဒေါသ၊မောဟ(၃)ပါးတို့သည် အကုသိုလ်စိတ်အားလုံးတို့၏ အရင်းအမြစ် ဖြစ်သဖြင့် "**အကုသိုလ်ဟိတ်**" ဟု ခေါ်၏။

**မောဟခေါင်းဆောင်သော မောစတုတ်(၄)ပါး**တို့မှာ အာရုံကြုံတိုင်း၌ အကုသိုလ် စိတ်တို့ဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေး၏။

**မောဟစေတ်က** သဘာဝသစ္စာ၊ ပရမတ်သစ္စာအမှန်တရားကို မသိနိုင်အောင် ဖုံးကွယ်၍၊ အမှားကိုဖော်ပေးလျက် စိတ်၌ ဖြစ်တွယ်နေမှုကြောင့် အဟိရိကစေတသိက်က မကောင်းမှုပြုဖို့ မရှက်ဘဲ နှစ်သက်ခြင်း ဖြစ်၏။ အနောတ္တပ္ပကမကြောက်ရွံ့ဘဲ ရဲဝံ့၏။ ဥဒ္ဓစ္စက သဘောအမှန်ကို မတွေးကြံမိနိုင်ရန် စိတ်ကိုလွင့်ပျံ့စေမှုပြု၏။

ဥပမာ- အမျိုးသားက အမျိုးသမီးပုံသဏ္ဌာန်ကို မြင်သိနေသောအခါ ထိုအမျိုးသမီး၏ ရုပ်ခတ်၊နာမ်ခတ်၊ ပရမတ်သဘောတို့ကို သိနိုင်ခြင်းသဘော မရှိအောင် မောဟခတ်က အမှားဖော်လျက် အမှန်ကို ဖုံးပေးထားခြင်း ဖြစ်၏။

**လောဘခေါင်းဆောင်သော လောတြိ(၃)ပါး**တို့မှာ အာရုံကောင်းကြုံတိုင်း၌ လောဘက အငမ်းမရ တမ်းတစွဲလန်း လိုချင်၏။ ဒိဋ္ဌိက သတ္တဝါအထင်ဖြင့် အကောင်းမြင်လျက် အယူအသိမှား ဖြစ်၏။ မာနက ပုဂ္ဂိုလ်သတ္တဝါနှင့် တုပြိုင်လျက်

http://www.dhammadownload.com



ငါသာသည်၊ ငါတော်သည်ဟု အထင်ကြီးမှု၊ ဘဝင်မြင့်မှု ဖြစ်၏။

ထိုလောဘ၊ဒိဋ္ဌိ၊မာန(၃)ပါးတို့ကိုပင် သံသရာတခွင်၌ အမျှင်များလေအောင် ချဲ့ထွင်ဖန်တီးတတ်မှုကြောင့် ''ပပဉ္စတရား'' ဟု ခေါ်ရ၏။

ဥပမာ- ကိုယ့်အကြိုက်အာရုံနှင့် ဆုံရခိုက်တွင် လိုချင်နှစ်သက် ငြိကပ်နေမှုသည် လောဘ၏သဘော ဖြစ်၏။

<u>ဒေါသခေါင်းဆောင်သော ဒေါစတုတ်(၄)ပါး</u>တို့မှာ အာရုံဆိုးနှင့် ကြုံရတိုင်း၌ ဒေါသက အပြစ်ရှာလျက် နှိပ်စက်ဖျက်ဆီးတတ်၏။ ဣဿာက သူတစ်ပါး'ဗဟိဒ္ဓ'ကို အာရုံပြု၍ မစ္ဆရိယက မိမိ'အဇ္ဈတ္တ'ကို အာရုံပြုလျက် နှိပ်စက်ဖျက်ဆီး၏။ ကုက္ကုစ္စက ပြုပြီးသော အတိတ်ကံအမှုတို့ကို အာရုံပြုလျက် လောင်မြိုက်စေတတ်၏။

ဥပမာ-ကိုယ်မကြိုက်အာရုံနှင့် ဆုံရခိုက်တွင် ငြိုငြင်နေမှုသည် ဒေါသ၏ သဘောပင် ဖြစ်၏။

<u>ထိ၊မိဒ်၊ဝိစိ ဆုံးတြိ(၃)ပါး</u>တို့သည် ကုသိုလ်အာရုံတို့နှင့် ကြုံရလျှင် နောက်သို့သာ ဆုတ်နစ်သောသဘောသာ ရှိ၏။ ရှေ့သို့ တက်လှမ်းလိုမှုသဘောမရှိ။

ဥပမာ-တရားနာ၊ တရားထိုင်ပါက စိတ်မပါဖြစ်နေမှု၊ ငိုက်နေမှုတို့သည် ထိန၊မိဒ္ဓတို့၏သဘော ဖြစ်၏။

မြတ်စွာဘုရားသည် အရာအားလုံးကို တကယ် သိမြင်နိုင်ပါမည်လော။ ကံနှင့် အကျိုးပေးတို့၏ ဆက်သွယ်မှုသည် မျက်နှာလိုက်မှုရှိလေသလောဟု သံသယဖြစ်နေမှု တို့သည် ဝိစိကိစ္ဆာသဘော ဖြစ်၏။

### လောဘနှင့်ဆန္ဒထူးခြားပုံ

၁။ အာရုံ၌ ငြိကပ်တွယ်တာ သာယာမှုသဘောသည် လောဘ ဖြစ်၏။
ငြိကပ်တွယ်တာမှုမဖက် အာရုံ၌ အလိုရှိကာမျှသက်သက်သည် ဆန္ဒ ဖြစ်၏။
၂။ လောဘသည် အကုသိုလ်သက်သက်၌သာ ဖြစ်ယှဉ်၏။
ဆန္ဒကား အကုသိုလ်၊ ကုသိုလ် နှစ်ဖက်လုံး၌ ဖြစ်ယှဉ်၏။

### ဒိဋ္ဌိနှင့်ဉာဏ်ထူးခြားပုံ

၁။ဒိဋ္ဌိသည် အမှန်သဘောကို ကျော်လွှန်၍ အမှားသဘောတို့ကို သိ၏။
၂။ဉာဏ်သည် အမှားသဘောကို ဆန့်ကျင်၍ အမှန်သဘောကိုသာ သိ၏။
ဒိဋ္ဌိသည် အကုသိုလ်အရာ၌ သိ၍ ဉာဏ်က ကုသိုလ်အရာ၌ သိသည်။

http://www.dhammadownload.com


ဥပမာ-ဒိဋ္ဌိသည် ငါကောင်း၊သူကောင်း၊ မိန်းမ၊ယောကျ်ားစသည်အနေဖြင့် သိမှုဖြစ်၏။ ဉာဏ်သည် ငါကောင်း၊သူကောင်း၊မိန်းမ၊ယောကျ်ား၊ပုဂ္ဂိုလ်သတ္တဝါဟူသည် ပညတ်အမှတ် အသားမျှဖြစ်၏။တကယ်မရှိ။ ရုပ်ပရမတ်နှင့် နာမ်ပရမတ်တို့သာ တကယ်ရှိ၏ဟုသိ၏။

## သောဘနစေတသိက်(၂၅)ပါး

(အကောင်းသက်သက်ပေါင်းဖြစ်တရားများ)

| သောဘနသာဓာရဏ | ဝိရတီ | အပ္ပမညာ | ပညိန္ဒြေ |
|---|---|---|---|
| (၁၉) | (၃) | (၂) | (၁) |
| တင့်တယ် | ရှောင်ကြဉ် | အတိုင်းတာမဲ့ | အထူးသိ |

## သောဘနသာဓာရဏစေတသိက်(၁၉)ပါးဖြစ်ပုံ

(သောဘနစိတ်အားလုံးနှင့် ပေါင်းဖြစ်တရားများ)

| | |
|---|---|
| သဒ္ဓါ သတိ၊ ဟိရီ ဩတ္တပ္ပ၊<br>ယုံကြည် အောက်မေ့ ရှက် ကြောက် | အလောဘ အဒေါသ တတြမဇ္ဈတ္တတာ<br>မလို ချစ် လျစ်လျူရှု |
| ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၊<br>ကိုယ်ငြိမ်း စိတ်ငြိမ်း | ကာယလဟုတာ စိတ္တလဟုတာ<br>ကိုယ်ပေါ့ စိတ်ပေါ့ |
| ကာယမုဒုတာ စိတ္တမုဒုတာ၊<br>ကိုယ်နု စိတ်နု | ကာယကမ္မညတာ စိတ္တကမ္မညတာ<br>ကိုယ်ခန့် စိတ်ခန့် |
| ကာယပါဂုညတာ စိတ္တပါဂုညတာ<br>ကိုယ်ကျွမ်းကျင် စိတ်ကျွမ်းကျင် | ကာယုဇုကတာ စိတ္တုဇုကတာ<br>ကိုယ်ဖြောင့် စိတ်ဖြောင့် |

၁။ သဒ္ဓါ-ဘုရား၊တရား၊သံဃာ၊ကံ၊အကျိုးတို့၌ ကြည်ညိုယုံကြည်မှုသဘော။ ရေနောက်ကို ကြည်လင်စေတတ်သော စကြာဝတေးမင်း၏ပတ္တမြားရတနာနှင့် တူ၏။

၂။ သတိ-ဘုရားစသောကုသိုလ်အာရုံတို့ကိုအောက်မေ့အမှတ်ရမှုသဘော။ တံခါးစောင့်မှူးသည် တာဝန်ကို အောက်မေ့အမှတ်ရနေမှုနှင့် တူ၏။

၃။ ဟိရီ- မကောင်းမှုဒုစရိုက်တို့ကို အားထုတ်ဖို့ရာ ရှက်ရွံ့မှုသဘော။ မိမိကိုယ်ကို လေးစားမှုဖြင့် ဖောက်ပြန်မှုကို စောင့်ထိန်းသော အမျိုးကောင်း

http://www.dhammadownload.com



သမီးနှင့် တူ၏။

၄။ ဩတ္တပ္ပ-မကောင်းမှုဒုစရိုက်တို့ကို အားထုတ်ဖို့ရာ ကြောက်လန့်မှုသဘော။ သူတစ်ပါးတို့ကို လေးစားမှုဖြင့် ကိုယ်ဝန်တည်မှုကို စောင့်ထိန်းသော ပြည့်တန်ဆာမနှင့် တူ၏။

၅။ အလောဘ-လောကီအာရုံကာမဂုဏ်ကို မလိုချင်၊မစုံမက်မှုသဘော။ ကပ်ငြိတွယ်တာမှုကင်းသော ရဟန္တာအရှင်မြတ်နှင့် တူ၏။

၆။ အဒေါသ-အာရုံ၌ မခက်ထန်၊မကြမ်းတမ်းမှုသဘော။(မေတ္တာစိတ်သဘော) အကျိုးလိုလားသော မိတ်ဆွေကောင်းနှင့် တူ၏။ လဝန်း၊ ပန်းပွင့်တို့နှင့်လည်းတူ၏။

၇။ တတြမဇ္ဈတ္တတာ-အာရုံ၌ အလိုအပိုမရှိအောင် စိတ်၊စေတသိက်တို့ကို အလယ်အလတ် တည့်မတ်ပေးမှုသဘော။ (လျစ်လျူရှုမှုဥပေက္ခာစိတ်သဘော) မြင်းနှစ်ကောင်အညီအမျှကသော ရထား၌ ကြောင့်ကြဗျာပါရမရှိဘဲ အသင့်ရှုနေသူနှင့် တူ၏။

## လက်တွေ့အသုံးချပုံ

အထက်ပါ သဒ္ဓါစသောစေတသိက်(၇)လုံးသည် တစ်ပါးစီသတ္တိဖြင့် မိမိတို့၏ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ပယ်ရှားပစ်နိုင်၏။

ဘုရား၊တရားကို ယုံကြည်နေသူအား သဒ္ဓါဓာတ်သတ္တိက စိတ်ထဲ၌ လောဘ၊ ဒေါသစသော အညစ်အကြေးတို့ကို အနည်ထိုင်လျက် ကြည်လင်လာစေသည်။

အကုသိုလ်တို့တွင် မောဟဦးဆောင်သလို ကုသိုလ်တရားတို့၌ ဤသဒ္ဓါဓာတ်က ဦးဆောင်နေ၏။ သဒ္ဓါမရှိက လက်မရှိသူပမာ မည့်သည့်ကောင်းကျိုးသုခကိုမျှ မယူနိုင်။

သတိသည် ရေစီးအတိုင်းလွင့်မျောသွားသော ဖူးတောင်းနှင့်တူသည့် စိတ်ကို ဆယ်ယူအသုံးချဘိသကဲ့သို့၊ ကုသိုလ်အာရုံတို့ကို မပျောက်မပျက် အမှတ်ရစေ၏။ 'သတိမမူက၊ ဂူမမြင်'သော်လည်း သတိမူက မြူပင် မြင်နိုင်စွမ်းရှိ၏။

ဒါန၊သီလမှအစ သမာဓိ၊ပညာအဆုံးရှိသော အထက်မင်္ဂ၊ဖိုလ်တို့တိုင်အောင် ဤသတိလှေကားမှ အစပြု တက်လှမ်းရပေ၏။ သတိရှိနေလျှင် ကိလေသာရန်သူများ မဝင်နိုင်တော့ချေ။

ဟိရီနှင့် ဩတ္တပ္ပတို့သည် လောက၏ဖောက်ပြန်မှုတရားတို့အား စောင့်ရှောက်ပေးယုံမျှမကဘဲ လောက၏သစ္စာဓမ္မများရောက်အောင်ပင် ပို့ဆောင်ပေးနိုင်ကြသည်။

http://www.dhammadownload.com



အလောဘသည် 'ငါ့-ဟာ'ဟူသော အစွဲကို စွန့်လွှတ်သဖြင့် လောဘ၊ မစ္ဆရိယတို့ကို အနိုင်ယူလျက် လျှုဒါန်းမှုဒါနစသော ကုသိုလ်မှုများ တိုးပွားနိုင်ပေသည်။

အဒေါသကား အဆိပ်မရှိသောမြွေကဲ့သို့ နူးညံ့ပျော့ပြောင်းခြင်း၊ ချစ်ခင်ကြင်နာခြင်းတို့ဖြင့် 'ဒေါသ'ကို ပယ်စွန့်လျက် သီလစသောကုသိုလ်တရားများ တိုးပွား၏။

တတြမဇ္ဈတ္တတာသည် စိတ်စေတသိက်တို့ကို ဆိုင်ရာကိစ္စတို့၌ မယုတ်၊မလွန် ဆောင်ရွက်နိုင်ရန် အလယ်အလတ်ထိန်းကျောင်းပေးသော ဥပေက္ခာသဘော ဖြစ်၏။ အထက်ပါစေတသိက်တို့သည် အကုသိုလ်အသောဘနစိတ်တို့ ဆုတ်ယုတ်ပျက်ပြားစေလျက် ကုသိုလ်သောဘနစိတ်တို့ တိုးပွားပြည့်စုံလာအောင် စွမ်းဆောင်ပေးကြသည်။

## စုံတွဲစေတသိက်(၁၂)လုံး

၈။ **ကာယပဿဒ္ဓိ**-စေတသိက်(နာမ်ခန္ဓာ-သုံးပါး)တို့၏ ငြိမ်းအေးမှုသဘော။

၉။ **စိတ္တပဿဒ္ဓိ**-စိတ်တို့၏ ငြိမ်းအေးမှုသဘော။

ထိုစေတသိက်(၂)လုံးသည် အေးမြသည့် စမ်းရေပြင်၌ရှိသော ငါးနှင့် တူ၏။

၁၀။ **ကာယလဟုတာ**-စေတသိက်(နာမ်ခန္ဓာ-သုံးပါး)တို့၏ ပေါ့ပါးမှုသဘော။

၁၁။ **စိတ္တလဟုတာ**-စိတ်တို့၏ လျင်မြန်ပေါ့ပါးမှုသဘော။

ထိုစေတသိက်(၂)လုံးသည် လေ၌လွင့်သော ဝါဂွမ်းစိုင်နှင့် တူ၏။

၁၂။ **ကာယမုဒုတာ**-စေတသိက်(နာမ်ခန္ဓာ-သုံးပါး)တို့၏ နူးညံ့မှုသဘော။

၁၃။ **စိတ္တမုဒုတာ**-စိတ်တို့၏ နူးညံ့ပျော့ပြောင်းမှုသဘော။

ထိုစေတသိက်(၂)လုံးသည် အညစ်အကြေး စင်ပြီးသော ရွှေစင်နှင့် တူ၏။

၁၄။ **ကာယကမ္မညတာ**-စေတသိက်တို့၏ ကုသိုလ်အမှု၌ ခန့်ညားမှုသဘော။

၁၅။ **စိတ္တကမ္မညတာ**-စိတ်တို့၏ ကုသိုလ်အမှု၌ ခန့်ညားမှုသဘော။

မမာမပျော့အောင် လော်ပြီးဦးပြီးသောရွှေသည် လက်ဝတ်ပြုရန် ခံ့ထည်မှုနှင့်တူ၏။

၁၆။ **ကာယပါဂုညတာ**-စေတသိက်တို့၏ ကုသိုလ်မှု၌ ပြွမ်းတီးလေ့လာမှုသဘော။

၁၇။ **စိတ္တပါဂုညတာ**-စိတ်တို့၏ ကုသိုလ်မှု၌ ပြွမ်းတီးလေ့လာမှုသဘော။

ရေနက်ထဲသို့ ချအပ်သော မိကျောင်းနှင့် တူ၏။

၁၈။ **ကာယုဇုကတာ**-စေတသိက်တို့၏ ကုသိုလ်မှု၌ ဖြောင့်မတ်မှုသဘော။

၁၉။ **စိတ္တုဇုကတာ**-စိတ်တို့၏ ကုသိုလ်မှု၌ ဖြောင့်မတ်မှုသဘော။

ကျွမ်းကျင်သောလေးသမား ပစ်လွှင့်သော မြားနှင့် တူ၏။

http://www.dhammadownload.com



## လက်တွေ့အသုံးချပုံ

အထက်ပါစေတသိက်(၁၂)လုံးတို့သည် (၂)ပါးစီသတ္တိဖြင့်သာ မိမိတို့၏ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ပယ်ရှားပစ်နိုင်ကြ၏။

ကုသိုလ်မှုတို့ကို ပြုခါစ၌ သဒ္ဓါ,သတိစသည်တို့ ပြဌာန်း၏။ ကုသိုလ်မှုကို ပြုပြီးနောက်တွင်ကား ဉာဏ်ကာယပဿဒ္ဓိစသောစေတသိက်တို့ ပြဌာန်းလေသည်။

ဥပမာ-ဘုရားမရှိခိုးခင် သဒ္ဓါစသည်တို့ ပြဌာန်း၏။ ဘုရားရှိခိုးနေချိန်တွင် ကိုယ်စိတ်တို့ အေးမြလန်းဆန်းသဖြင့် ပဿဒ္ဓိစသည်တို့ ပြဌာန်းလေသည်။

တရားထိုင်၍ စိတ်ငြိမ်ကာ သမာဓိအား ရှိလာခိုက်တွင် ပဿဒ္ဓိအစ၊ ဥဇုကတာအဆုံးရှိသော စုံတွဲစေတသိက်တို့ ဖြစ်ပေါ်လာပေ၏။

## ဝိရတီစေတသိက်(၃)ပါးဖြစ်ပုံ

(မကောင်းမှုဒုစရိုက်တို့မှ ရှောင်ကြဉ်ဖြစ်တရားများ)

| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ |
|---|---|---|
| မှန်သောစကားပြော | မှန်သောအမှုပြု | မှန်သောအသက်မွေးမှု |

### ဝိရတီ၏သဘော

မကောင်းမှုဒုစရိုက်တို့မှ ရှောင်ကြဉ်မှုသဘောသည် "**ဝိရတီ**" မည်၏။

၁။ **သမ္မာဝါစာဝိရတီ**- အသက်မွေးမှုနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက်(၄)ပါးမှ ရှောင်ကြဉ်၍ မှန်သောစကားကို ပြောဆိုမှုသဘော။

ရဲရဲနီသောသံတွေခဲအား ယင်ကောင်တို့ မနားဝံ့သည်နှင့် တူ၏။

၂။ **သမ္မာကမ္မန္တဝိရတီ**- အသက်မွေးမှုနှင့် မစပ်ဆိုင်သော ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်၍ မှန်သောအမှုကို ပြုမှုသဘော။

မစင်လူးသော သံတွေခဲအား မကိုင်ဝံ့သည်နှင့် တူ၏။

၃။ **သမ္မာအာဇီဝဝိရတီ**- အသက်မွေးမှုနှင့် စပ်ဆိုင်သော ဝစီဒုစရိုက်(၄)ပါးနှင့် ကာယဒုစရိုက်(၃)ပါးမှ ရှောင်၍ မှန်သောအပြု၊အပြောတို့ဖြင့် အသက်မွေးမှုသဘော။

အဆိပ်သီးအား မစားဝံ့သည်နှင့် တူ၏။

ထိုဝိရတီ(၃)ပါးကို သိက္ခာပုဒ်ဆောက်တည်, အဓိဋ္ဌာန်၍ရှောင်မှု-သမာဒါန ဝိရတီ၊ အာရုံကြုံ၍ ရှောင်မှု-သမ္ပတ္တဝိရတီ၊ မဂ်ဖြင့် ပယ်သတ်ရှောင်မှု-သမုစ္ဆေဒဝိရတီ

http://www.dhammadownload.com


တို့ဖြင့် မြောက်ပွားပါက ဝိရတီ(၉)ပါး ဖြစ်သည်။

### လက်တွေ့အသုံးချပုံ

အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ကိုယ်မှု၊နှုတ်မှုဒုစရိုက်တို့မှ ရှောင်လျှင် သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝဝိရတီဖြစ်၍၊ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ကိုယ်မှု၊နှုတ်မှုဒုစရိုက်တို့မှ ရှောင်လျှင် သမ္မာအာဇီဝဝိရတီ ဖြစ်၏။

စကားပြောဆိုရာ၌ ရှောင်ကြဉ်မှုကြောင့် သမ္မာဝါစာဝိရတီ ဖြစ်၏။ 'မုသာ, ပိသု၊ ဖရု,သမ္ဖ' ဟူသော မိစ္ဆာဝါစာ (၄)ပါးမှ ရှောင်၍ ပြောဆိုမှုသည် သမ္မာဝါစာဝိရတီ ဖြစ်၏။ သမ္မာကမ္မန္တဝိရတီသည် ကိုယ်ဖြင့်ပြုရာ၌ ရှောင်ကြဉ်မှု ဖြစ်၏။ 'သက်,ခိုး, ကာမ' ဟူသော မိစ္ဆာကမ္မန္တ(၃)ပါးမှ ရှောင်၍ ပြုလုပ်မှုသည် သမ္မာကမ္မန္တဝိရတီ ဖြစ်၏။

<u>ဥပမာ</u>-မိဘနှင့် စကားပြောရာတွင် 'မိစ္ဆာဝါစာ'မဖြစ်အောင် သတိထား ရှောင်၍ ပြောနေမှု၊ လက်ကို ခြင်ကိုက်ချိန်၌ မသတ်မိအောင် ပုတ်ထုတ်လိုက်ခြင်းတို့၌ သမ္မာဝါစာနှင့် သမ္မာကမ္မန္တဝိရတီတို့ ဖြစ်၏။

ဈေးရောင်းနေခိုက်၊ စီးပွားရှာနေခိုက်တို့၌ သတိထား၍ ရှောင်နေပါက 'သမ္မာအာဇီဝ' ဖြစ်၏။

### အပ္ပမညာစေတသိက်(၂)ပါးဖြစ်ပုံ
(သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သောတရား)

| ကရုဏာ | မုဒိတာ |
|---|---|
| သနားမှု | ဝမ်းမြောက်မှု |

### အပ္ပမညာ၏သဘော

ဤ၍၊ ထိုမျှဟူ၍ အကန့်အသတ် အတိုင်းအတာမရှိသော သတ္တဝါပညတ်ကို အာရုံပြုလျက် ဖြစ်မှုသဘောသည် အပ္ပမညာ မည်၏။

၁။**ကရုဏာအပ္ပမညာ**- အကန့်အသတ် အတိုင်းအတာမထားဘဲ ဒုက္ခိတ သတ္တဝါဟူသောပညတ်ကို အာရုံပြု၍ သနားမှုသဘော။

ရောဂါရသော သားသမီးကို မြင်ရသောမိဘအား သောကမပါသော သနားခြင်းနှင့်

http://www.dhammadownload.com


တူ၏။

၂။ **မုဒိတာအပ္ပမညာ-** အကန့်အသတ် အတိုင်းအတာမထားဘဲ သုခိတ သတ္တဝါဟူသောပညတ်ကို အာရုံပြု၍ ဝမ်းသာမှုသဘော။

ကြီးပွားချမ်းသာသော သားသမီးကို မြင်ရသောမိဘအား ဣဿာမဘက်သော ဝမ်းသာခြင်းနှင့် တူ၏။

မှတ်ချက်။ မေတ္တာကို အဒေါသ၌ ဥပေက္ခာကို တတြမဇ္ဈတ္တတာ၌ ပေါင်းယူထားသဖြင့် အပ္ပမညာ(၂)ပါးသာ ပြဆိုခြင်း ဖြစ်သည်။

## လက်တွေ့အသုံးချပုံ

မေတ္တာသည် ဒေါသကို ပယ်သတ်လွှမ်းမိုး၏။ ကရုဏာသည် ဝိဟိံသာကို ပယ်သတ်လွှမ်းမိုး၏။ မုဒိတာသည် ဣဿာကို ပယ်သတ်လွှမ်းမိုး၏။ ဥပေက္ခာကား သုခ၊ဒုက္ခတို့ကို ပယ်သတ်လွှမ်းမိုး၏။

ဤအပ္ပမညာတရားတို့သည် သတ္တဝါပညတ်ကို အာရုံပြု၍ ပွားရ၏။ မြင့်မြတ်သောအကျင့်ဖြင့် နေခြင်း၊ ဗြဟ္မာကြီးတွေပမာ နေမှုဖြစ်သောကြောင့် ဗြဟ္မဝိဟာရတရားဟုလည်း ခေါ်၏။ မိမိအိမ်၌ မွေးထားသော ခွေးကလေးဒုက္ခခံစားနေရသည်ကို သနားလျှင် အကန့်အသက်ဖြစ်သဖြင့် ကရုဏာကား ဖြစ်၏။ အပ္ပမညာကား မဖြစ်။

## ပညိန္ဒြေစေတသိက်(၁)ပါးဖြစ်ပုံ

| ပညာ + | ဣန္ဒြေ |
|---|---|
| သိမှု၌ | အစိုးရခြင်း |

**ပညိန္ဒြေ**-အာရုံ၏သဘောအမှန်ကို ထိုးထွင်း၍ သိခြင်း၌ အစိုးရမှုသဘော။

ဥပမာ-အမိုက်မှောင်ကို ပယ်ခွင်းသော ဆီမီးတန်ဆောင် အလင်းရောင်နှင့် တူ၏။

## လက်တွေ့အသုံးချပုံ

ပညိန္ဒြေဟူသည် မောဟ၏ဆန့်ကျင်ဘက် အမောဟကို ဆိုလိုသည်။ ဝိဇ္ဇာ၊ ဉာဏ်၊ပညာ၊အသိ၊အလိမ္မာစသည်တို့သည် ဤ'ပညိန္ဒြေ'ပင် ဖြစ်၏။

ပညာဟူသည် 'ပ'-အနိစ္စ၊ဒုက္ခ၊အနတ္တအပြားဖြင့်၊ 'ညာ'-သိမှုသဘော

http://www.dhammadownload.com



ဖြစ်၏။ ကံ၊ကံအကျိုးတို့ကို သိမြင်မှု၊ အမှား၊အမှန်၊ အကြောင်း၊အကျိုး၊ အကောင်း၊ အဆိုးတို့ကို ခွဲခြားသိမှု၊ ပရိယတ်စာပေတို့ကို လေ့လာသင်ယူလျက် သိနားလည်မှု၊ ရုပ်နာမ်၊ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊သစ္စာတို့ကို သိမှုမျိုးတို့သည် ဤပညာ၏ ကိစ္စတို့ ဖြစ်၏။ လောက၌ ရှိသော နေရောင်၊ လရောင်၊ ဆီမီးရောင်တို့ထက် သာလွန်သော အရောင်အဆင်းသည် ပညာဖြစ်သဖြင့် 'ပညာသမာ အာဘာနတ္ထိ' ဟု ဆိုသည်။

## ဓမ္မဓိဋ္ဌာန်များ

၁။ခေတ်ပညာအရပ်ရပ်ကို တတ်ကျွမ်းလိမ္မာသော သိပ္ပံပညာရှင်ကြီးများကို ပညာရှိဟု ဆိုနိုင်မဆိုနိုင်- ပရမတ်ပညာ၌ အနိစ္စစသည်တို့ဖြင့် သိမှုကိုသာ ပညာ ဟုဆိုရ၏။

၂။တရားထူးတရားမြတ်ကို သိလိုစိတ်ဖြင့် တရားနာမှု၊ စာပေသင်ယူမှုတို့သည် လောဘဟု ဆိုနိုင်ပါသလော- ကာမဂုဏ်အာရုံ၌ မျှော်လင့်ချက်မထားလျှင် လောဘ မဖြစ်၊ ဆန္ဒနှင့်ယှဉ်သော အလောဘသာ ဖြစ်၏။

♦ ♦ ♦ ♦ ♦

## သမ္ပယောဂနည်း

(စေတသိက်တို့၌ စိတ်ယှဉ်-သမ္ပယောဂ)

### သမ္ပယောဂနည်းအကျဉ်း(၄)နည်း၊အကျယ်(၁၆)နည်း

| စဉ် | စေတသိက်အမည် | ယှဉ်ရာစိတ်အမည် | အကျယ်နည်း |
|---|---|---|---|
| ၁- | သဗ္ဗစိတ္တသာဓာရဏ(၇) | စိတ်(၈၉)လုံး၌ယှဉ် | (၁)နည်း |
| ၂- | ပကိဏ်းစေတသိက်(၆) | စိတ်(၈၉)တို့၌ဖြစ်သင့်သလိုယှဉ် | (၆)နည်း |
| ၃- | အကုသိုလ်စေ-(၁၄) | အကုသိုလ်စိတ်(၁၂)တို့၌ယှဉ် | (၅)နည်း |
| ၄- | သောဘဏစေ-(၂၅) | သောဘဏစိတ်(၅၉)တို့၌ယှဉ် | (၄)နည်း |

http://www.dhammadownload.com



## ၂-ပကိဏ်းစေတသိက်၌ စိတ်ယှဉ်ပုံ(၆)နည်း

| စေတသိက် | ယှဉ်စိတ်အရေတွက် | | မယှဉ်စိတ်အရေတွက် | |
|---|---|---|---|---|
| ၁။ ဝိတက်- | ဒွေပဉ္စဝိ(၁၀)ကြဉ် ကာမစိတ် | ၄၄ | ဒွေပဉ္စဝိ- | ၁၀ |
| | ပထမဈာန်စိတ် | ၁၁ | ဒု/တ/စ-ဈာန် | ၃၃ |
| | | | ပဉ္စမဈာန် | ၂၃ |
| | ဝိတက်ယှဉ်စိတ်ပေါင်း(သဝိတက္က) | (၅၅) | မယှဉ်စိတ်ပေါင်း | (၆၆) |
| ၂။ ဝိစာရ- | ဒွေပဉ္စဝိ(၁၀)ကြဉ် ကာမစိတ် | ၄၄ | ဒွေပဉ္စဝိ- | ၁၀ |
| | ပထမဈာန်စိတ် | ၁၁ | တ/စ-ဈာန် | ၂၂ |
| | ဒုတိယဈာန်စိတ် | ၁၁ | ပဉ္စမဈာန် | ၂၃ |
| | ဝိစာရယှဉ်စိတ်ပေါင်း(သဝိစာရ) | (၆၆) | မယှဉ်စိတ်ပေါင်း | (၅၅) |
| ၃။အဓိမောက္ခ | ဒွေပဉ္စ၊ဝိစိကြဉ် ကာမစိတ် | ၄၃ | ဒွေပဉ္စဝိညာဏ် | ၁၀ |
| | မဟဂ္ဂုတ်စိတ် | ၂၇ | ဝိစိကိစ္ဆာ | ၁ |
| | လောကုတ္တရာစိတ် | ၈ | | |
| | အဓိမောက္ခယှဉ်စိတ်ပေါင်း | (၇၈) | မယှဉ်စိတ်ပေါင်း | (၁၁) |
| ၄။ဝီရိယ | အကုသိုလ်စိတ် | ၁၂ | အဟိတ်စိတ် | ၁၆ |
| | မနောဒွါရာဝဇ္ဇန်း+ဟသိတုပ္ပါဒ် | ၂ | (ပ+ပဉ္စဝိ+သံ+ဏ) | |
| | ကာမသောဘနစိတ် | ၂၄ | | |
| | မဟဂ္ဂုတ်+လောကုတ္တရာစိတ် | ၃၅ | | |
| | ဝီရိယယှဉ်စိတ်ပေါင်း(သဝီရိယ) | (၇၃) | မယှဉ်စိတ်ပေါင်း | (၁၆) |
| ၅။ပီတိ | ကာမသောမနဿစိတ် | ၁၈ | ဥပေက္ခာစိတ် | ၅၅ |
| | ပထမဈာန်စိတ် | ၁၁ | ဒေါသမူစိတ် | ၂ |
| | ဒုတိယဈာန်စိတ် | ၁၁ | သုခ/ဒုက္ခကာယဝိ | ၂ |
| | တတိယဈာန်စိတ် | ၁၁ | စတုတ္ထဈာန်စိတ် | ၁၁ |
| | ပီတိယှဉ်စိတ်ပေါင်း(သပီတိက) | (၅၁) | မယှဉ်စိတ်ပေါင်း | (၇၀) |
| ၆။ဆန္ဒ | မောဟမူဒွေကြဉ်အကုသိုလ် | ၁၂ | မောဟမူဒွေ | ၂ |
| | ကာမသောဘနစိတ် | ၂၄ | အဟိတ်စိတ် | ၁၈ |
| | မဟဂ္ဂုတ်လောကုတ္တရာစိတ် | ၃၅ | | |
| | ဆန္ဒယှဉ်စိတ်ပေါင်း | (၆၉) | မယှဉ်စိတ်ပေါင်း | (၂၀) |

http://www.dhammadownload.com


## လက်တွေ့အသုံးချပုံ

၁။ အာရုံတစ်ခုအပေါ် စိတ်ရောက်သွားမှုသည် 'ဝိတက်'၏လုပ်ဆောင်မှု ဖြစ်၏။ ထိုဝိတက်ဖြစ်သည်နှင့်အတူ အာရုံအားလျော်စွာ အကုသိုလ်စိတ်တို့လည်း ဖြစ်နိုင်၏။ကုသိုလ်စိတ်တို့လည်း ဖြစ်နိုင်၏။ ပထမဈာန်ထိ စိတ်(၅၅)ပါးဖြစ်ယှဉ်၏။

၂။ ဝိတက်က ပို့ဆောင်ပေးလိုက်သောအာရုံကို အဖန်တလဲလဲ သုံးသပ်ဆင်ခြင်မှုသည် ဝိစာရ၏လုပ်ဆောင်မှု ဖြစ်၏။ ထိုဝိစာရနှင့်အတူ ကုသိုလ်၊အကုသိုလ်ဖြစ်ကုန်သော ဒုတိယဈာန်အထိ စိတ်(၆၆)ပါးတို့ ဖြစ်ယှဉ်နိုင်၏။

၃။ အာရုံတစ်မျိုးမျိုးကို ကောင်းသည်၊ဆိုးသည်၊ ထိုနှစ်လီကို ခွဲခြားသတ်မှတ်၊ ဆုံးဖြတ်ချက်ချလိုက်မှုသည် အဓိမောက္ခ၏လုပ်ဆောင်ချက် ဖြစ်၏။ ထိုဆုံးဖြတ်မှုသဘောနှင့်အတူ မိမိရွေးချယ်သောအာရုံအပေါ် မူတည်၍ အကုသိုလ်စိတ်တို့လည်း ဖြစ်နိုင်၏။ကုသိုလ်စိတ်တို့လည်း ဖြစ်နိုင်၏။ ဈာန်တရား၊မဂ်၊ဖိုလ်တရားတို့အထိ(၇၈)ပါး ဖြစ်နိုင်၏။

၄။ အာရုံတစ်ခုခုကို စူးစိုက်အားထုတ်မှုသည် ဝီရိယ၏သဘော ဖြစ်၏။ ထိုဝီရိယနှင့်အတူ ကုသိုလ်၊အကုသိုလ်စသည်စိတ်ပေါင်း(၇၃)ပါးထိ ဖြစ်ယှဉ်နိုင်သည်။

၅။အာရုံတစ်ခုခု၌ နှစ်သက်ကျေနပ်မှုသည် ပီတိ၏သဘော ဖြစ်၏။ ထိုပီတိနှင့်အတူ အာရုံအားလျော်စွာ အကုသိုလ်သောမနဿစိတ်(၄)၊ အဟိတ်သောမနဿ(၂)၊ မဟာကုသိုလ်၊ဝိပါက်၊ကြိယာ သောမနဿ(၁၂)ပါးတို့ ဖြစ်နိုင်သည်။ မဟဂ္ဂုတ်၊ လောကုတ္တရာအာရုံတို့၌ ပထမဈာန် (၁၁)ဒုတိယဈာန်(၁၁)တတိယဈာန်(၁၁)ပါးထိ ဖြစ်နိုင်၏။

၆။အာရုံတစ်ခုခုကို ပြုလိုကာမျှသဘောသည် ဆန္ဒ၏လုပ်ဆောင်ချက် ဖြစ်၏။ ထိုဆန္ဒနှင့်အတူ အာရုံအားလျော်စွာ အကုသိုလ်စိတ်(၁၂)၊ ကာမသောဘနစိတ်(၂၄) မဟဂ္ဂုတ်လောကုတ္တရာစိတ်(၂၇)ပါးတို့ ဖြစ်ယှဉ်နိုင်ပေသည်။

♦ ♦ ♦

http://www.dhammadownload.com



## ၃-အကုသိုလ်စေတသိက်၌ စိတ်ယှဉ်ပုံ(၅)နည်း

| စေတသိက်အမည် | | ယှဉ်စိတ်အရေတွက် | | |
|---|---|---|---|---|
| ၁။ | မောစတုက်(၄) | အကုသိုလ်စိတ် | ၁၂ | ပါး၌ယှဉ်ဖြစ် |
| ၂။ | လောဘ(၁) | လောဘမူစိတ် | ၈ | ပါး၌ယှဉ်ဖြစ် |
| | ဒိဋ္ဌိ(၁) | ဒိဋ္ဌိဂတသမ္ပယုတ် | ၄ | ပါး၌ယှဉ်ဖြစ် |
| | မာန(၁) | ဒိဋ္ဌိဂတဝိပ္ပယုတ် | ၄ | ပါး၌ယှဉ်ဖြစ် |
| ၃။ | ဒေါစတုက်(၄) | ဒေါသမူစိတ် | ၂ | ပါး၌ယှဉ်ဖြစ် |
| ၄။ | ထိန၊မိဒ္ဓ | အကု-သသင်္ခါရိက | ၅ | ပါး၌ယှဉ်ဖြစ် |
| ၅။ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာစိတ် | ၁ | ပါး၌ယှဉ်ဖြစ် |

### လက်တွေ့အသုံးချပုံ

၁။အကုသိုလ်စိတ်(၁၂)ပါးတို့တွင် တစ်ပါးပါးဖြစ်သောအခါ အာရုံအမှန်မသိမှု မောဟနှင့် အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စတို့သည် အမြဲယှဉ်ဖြစ်ကြ၏။

၂။အာရုံကောင်းကို လိုချင်မှုလောဘဖြစ်သောအခါ သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊အသင်္ခါရိက လိုချင်စိတ်စသော(၈)ပါးတွင် တစ်ပါးပါး ဖြစ်ယှဉ်၏။

အမှားသိ ဒိဋ္ဌိဝင်သောအခါ ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်(၄)ပါးတွင် တစ်ပါးပါး ဖြစ်ယှဉ်၏။ မာန်တက်နေသောအခါ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူစိတ်(၄)ပါးတွင် တစ်ပါးပါး ဖြစ်ယှဉ်၏။

၃။အာရုံဆိုးကြုံရ၍ ဒေါသဖြစ်သောအခါ ဒေါသမူလစိတ် (၂)ပါးတွင် တစ်ပါးပါး ဖြစ်ယှဉ်၏။

၄။ကုသိုလ်အလုပ်တို့၌ စိတ်ဆုတ်နစ်သောအခါ အကုသိုလ် သသင်္ခါရိက စိတ်(၅) ပါးတွင် တစ်ပါးပါး ဖြစ်ယှဉ်နေ၏။

၅။ကုသိုလ်အာရုံ၌ အမှန်မသိ၊ဒွိဟဖြစ်သောအခါတို့၌ ဝိစိကိစ္ဆာစိတ်သာ ယှဉ်၏။

♦ ♦ ♦

http://www.dhammadownload.com



## ၄-သောဘနစေတသိက်၌ စိတ်ယှဉ်ပုံ(၄)နည်း

| စေတသိက်အမည် | ယှဉ်စိတ်အရေတွက် | |
|---|---|---|
| ၁။ သောဘနသာဓာရဏ(၁၉) | သောဘနစိတ် ၅၉/၉၁ | ၌ယှဉ်ဖြစ် |
| ၂။ ဝိရတီ(၃) | လောကုတ္တရာစိတ် ၈<br>မဟာကုသိုလ်စိတ် ၈ | ၌ အမြဲယှဉ်<br>၌ ရံခါယှဉ် |
| ၃။ အပ္ပမညာ(၂) | မဟာကုသိုလ်စိတ် ၈<br>မဟာကြိယာစိတ် ၈(၂၈)<br>မဟဂ္ဂုတ်သောမနဿ- ၁၂ | ၌ယှဉ်ဖြစ်<br>ရံခါ/တစ်ပါးစီ |
| ၄။ ပညိန္ဒြေ(၁) | ကာမ-ဉာဏ်စိတ် ၁၂<br>မဟဂ္ဂုတ်စိတ် ၂၇<br>လောကုတ္တရာစိတ် ၈ | ၄၇)၌ယှဉ်ဖြစ် |

### လက်တွေ့အသုံးချပုံ

၁။ ဘုရား,တရားစသော ကုသိုလ်အာရုံတို့၌ ယုံကြည်မှုသဒ္ဓါ၊ အမှတ်ရနေမှု သတိစသည်တို့ဖြစ်ပေါ်သောအခါ အကုသိုလ်စိတ်၊အဟိတ်စိတ်တို့မှတစ်ပါး တင့်တယ်သော သောဘနစိတ်(၅၉)ပါးတို့တွင် တစ်ပါးပါး ဖြစ်ယှဉ်နေပေ၏။

၂။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သူ့အသက်မှရှောင်ကြဉ်မှုစသည်အခိုက်တို့၌ မဟာကုသိုလ်(၈)ပါးတွင် တစ်ပါးပါးဖြစ်ယှဉ်၏။ မရှောင်ကြဉ်ခိုက်တို့၌ကား မဖြစ်။ အရိယာ တို့မှာကား ရှောင်/မရှောင်အခိုက်တို့၌ လောကုတ္တရာစိတ်တိုင်းတွင် ဝိရတီဖြစ်နေ၏။

၃။ သတ္တဝါပညတ်ကို အာရုံပြုလျက် မေတ္တာ၊ကရုဏာပွားသူတို့အား မဟာကုသိုလ်၊ မဟာကြိယာတို့အပြင် မဟဂ္ဂုတ်သောမနဿ(စတုတ္ထ)ဈာန်စိတ်အထိ ဖြစ်ပေါ်နိုင်သည်။

၄။ ကံကို အကြောင်းတရား၊ ရလဒ်ကို အကျိုးတရားအဖြစ် ဆက်စပ်မြင် သိနိုင်ခြင်း၊ ရုပ်နာမ်၊ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်သဘောတို့ကို သိမြင်နိုင်ခြင်းရှိသူအား မဟာကု၊ကြိ၊ဝိ ဉာဏသမ္ပယုတ်စိတ် (၁၂)ပါးအပြင် မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်(၃၅)ပါး တို့အထိ ဖြစ်ပေါ်လာနိုင်ပေသည်။

♦ ♦ ♦

http://www.dhammadownload.com


## နိယတနှင့် အနိယတအခွဲ

စေတသိက်(၅၂)ပါးတို့တွင် မိမိ၏ယှဉ်ဘက်စိတ်ဖြစ်တိုင်း အမြဲဖြစ်ယှဉ်လေ့ရှိသော စေတသိက်တို့ကို ''နိယတ''အဖြစ်မြဲ စေတသိက်ဟု ခေါ်၏။

မိမိ၏ယှဉ်ဘက်စိတ်ဖြစ်တိုင်း အမြဲမယှဉ် တရံတခါသာယှဉ်လေ့ရှိသော စေ တသိက်တို့ကိုကား ''အနိယတ' အဖြစ်မမြဲ စေတသိက်ဟု ခေါ်သည်။

| | |
|---|---|
| နိယတ(၄၁)<br>(အမြဲယှဉ်) | အညသမာန်(၁၃)၊အကု-သာဓာရဏ(၄) လောဘ၊ဒိဋ္ဌိ<br>ဒေါသ,ဝိစိကိစ္ဆာ၊ သောဘနသာဓာရဏ(၁၉)၊ ပညာ၊ |
| အနိယတ(၁၁)<br>(ရံခါယှဉ်) | ကုက္ကုစ္စ,မစ္ဆရိယ,ကုက္ကုစ္စ၊ ဝိရတီ(၃)၊<br>အပ္ပမညာ(၂)၊ မာန၊ ထိန,မိဒ္ဓ။ |

### အနိယတ-အဖြစ်မမြဲပုံများ

ဒေါသမူစိတ်ဖြစ်တိုင်း၌ ဒေါသစေတသိက်ကား အမြဲယှဉ်သည်။ ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စတို့ကို အယှဉ်မမြဲပါ။ သူတစ်ပါးပိုင်နက်ကို ငြူငြင်ခိုက်၊ မနာလိုခိုက်တို့၌သာ ဣဿာယှဉ်သည်။ မိမိပိုင်နက်ကို လျှို့ဝှက်ခိုက်၊သဝန်တိုခိုက်၌သာ မစ္ဆရိယယှဉ်သည်။ ပြုပြီးဒုစရိုက်၊မပြုမိသော သုစရိုက်တို့ကို အာရုံပြု၍ ပူပန်ခိုက်၌သာ ကုက္ကုစ္စယှဉ်၏။ ဒေါသဖြစ်ခိုက်တိုင်းတွင်ကား မဖြစ်၊မယှဉ်ကြပါ။

ဝိရတီစေတသိက်(၃)ပါးတို့သည်လည်း မဟာကုသိုလ်(၈)ပါး၌ ရံခါသာ ယှဉ်ကြသည်။ ကာယ၊ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်ခိုက်တို့၌သာ ယှဉ်၍ မရှောင်ခိုက်တို့၌ မယှဉ်။

အပ္ပမညာ(၂)ပါးတို့သည်လည်း သတ္တဝါပညတ်ကိုအာရုံပြု၍ သနားခိုက်၊ ဝမ်း မြောက်ခိုက်တို့၌သာ ယှဉ်၏။ မသနားချိန်၊ဝမ်းမသာချိန်တို့၌ မယှဉ်။

မာနသည်လည်း ကာမဂုဏ်တို့ဖြင့် ဘဝင်မြင့်၊စိတ်ကြီးဝင်ခိုက်တို့၌သာ ယှဉ်၏။ ဘဝင်မြင့် စိတ်ကြီးဝင်မှုမဖြစ်ခိုက်တို့၌ မယှဉ်။ ထိန၊မိဒ္ဓလည်း ထိုနည်းတူပင်။

♦ ♦ ♦

http://www.dhammadownload.com



## သင်္ဂဟနည်း

(စိတ်တို့၌ စေတသိက်ယှဉ်ဖြစ်မှုသဘော)

### သင်္ဂဟနည်းအကျဉ်း(၅)နည်း၊ အကျယ်(၃၃)နည်း

| စဉ် | စိတ်အမည် | ယှဉ်ရာစေတသိက်အမည် | ယှဉ်နည်း |
|---|---|---|---|
| ၁- | အကုသိုလ်စိတ်(၁၂) | အညသမာန်(၁၃)+အကု-၁၄=(၂၇) | ၇ |
| ၂- | အဟိတ်စိတ်(၁၈) | ဆန္ဒကြဉ်အညသမာန် (၁၂) | ၄ |
| ၃- | ကာမသောဘနစိတ်(၂၄) | အည,(၁၃)+သောဘန-၂၅=(၃၈) | ၁၂ |
| ၄- | မဟဂ္ဂုတ်စိတ်(၂၇) | အည,(၁၃)+ဝိ,ကြဉ်သောဘန၂၂=(၃၅) | ၅ |
| ၅- | လောကုတ္တရာစိတ်(၈) | အည,(၁၃)+အပ္ပ,ကြဉ်သောဘန+၂၃(၃၆) | ၄ |

### ၁-အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ(၇)နည်း

| အကုစိတ်၌ | အညသမာန်နှင့် အကုသိုလ်စေတသိက်ယှဉ် | ပေါင်း |
|---|---|---|
| ၁။သော-ဒိသံ-အ | အည(၁၃) မောစတုတ်(၄)၊လော,ဒိ(၂) | ၁၉ |
| သော-ဒိဝိပ်-အ | အည(၁၃) မောစတုတ်(၄)လော,မာန်(၂) | ၁၉ |
| ၂။သော-ဒိသံ-သ | အည(၁၃) မော,(၄)၊လော,ဒိ(၂)ထိ,မိဒ်(၂) | ၂၁ |
| သော-ဒိဝိပ်-သ | အည(၁၃) မော,(၄)၊လော,မာန်(၂)ထိ,မိဒ်(၂) | ၂၁ |
| ၃။ဥ-ဒိသံ-အ | ပီ,ကြဉ်အည(၁၂)မောစတုတ်(၄)လော,ဒိ(၂) | ၁၈ |
| ဥ-ဒိဝိပ်-အ | ပီ,ကြဉ်အည(၁၂)မောစတုတ်(၄)လော,မာန်(၂) | ၁၈ |
| ၄။ဥ-ဒိသံ-သ | ပီ,ကြဉ်အည(၁၂)မော,(၄)လော,ဒိ(၂)ထိ,မိဒ်(၂) | ၂၀ |
| ဥ-ဒိဝိပ်-သ | ပီ,ကြဉ်အည(၁၂)မော,(၄)လော,မာန်(၂)ထိ,မိဒ်(၂) | ၂၀ |
| ၅။ဒေါ-အ | ပီ,ကြဉ်အည(၁၂)မောစတုတ်(၄)ဒေါစတုတ်(၄) | ၂၀ |
| ၆။ဒေါ-သ | ပီ,ကြဉ်အည(၁၂)မောစတုတ်(၄)ဒေါစတုတ်(၄)ထိ,မိ(၂) | ၂၂ |
| ၇။မော-ဝိစိ | ဆန္ဒ,ပီ,အိကြဉ်အည(၁၀)မောစတုတ်(၄)ဝိစိ(၁) | ၁၅ |
| မော-ဥဒ် | ဆန္ဒ,ပီ,ကြဉ်အည(၁၁) မောစတုတ်(၄) | ၁၅ |

### လက်တွေ့အသုံးချပုံ

၁။သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ အသင်္ခါရိက(ပထမ)လောဘမူ စိတ်ဖြင့် အာရုံကောင်းနှင့်ကြုံခိုက် ဝမ်းသာရွှင်ပြစွာ ကောင်းသည်၊လှသည်အထင်ဖြင့်

http://www.dhammadownload.com



သူတစ်ပါးတိုက်တွန်းမှုမပါဘဲ လိုချင်စိတ်ဖြစ်နေသူအား အညသမာန်စေတသိက် (၁၃)ပါး၊ မောစတုတ်(၄)ပါးနှင့် လောဘ၊ဒိဋ္ဌိဟူသော စေတသိက်(၁၉)ပါးတို့သည် စိတ်နှင့်အတူ ပေါင်းဖော်ယှဉ်တွဲ ဖြစ်ကြ၏။

ထို့အတူ ကြက်ဆီထမင်းကို သူတစ်ပါးက အတင်းကျွေး၍ ဝမ်းသာရွှင်ပြစွာ စားသုံးသဖြင့် ဒုတိယလောဘမူစိတ်ဖြစ်နေသူအား အထက်ပါ(၁၉)ပါးအပြင် ထိန၊မိဒ္ဓ (၂)ပါးထပ်တိုးပြန်သဖြင့် စေတသိက် (၂၁)ပါးတို့ အတူပေါင်းယှဉ် ဖြစ်ကြသည်။

ကိုယ်မကြိုက်သော အစားအစာတို့ကို စားဖို့ကြုံရသဖြင့် 'ဒေါမနဿ သဟဂုတ်၊ပဋိဃသမ္ပယုတ်၊အသင်္ခါရိက'(ပထမ)ဒေါသမူစိတ်ဖြစ်နေသူအား ပီတိကြဉ် အညသမာန်(၁၂)ပါး၊ မောစတုတ်(၄)၊ဒေါစတုတ်(၄)ဟူသော စေတသိက်(၂၀)တို့သည် စိတ်နှင့်အတူ ပေါင်းဖော်ယှဉ်တွဲ ဖြစ်ကြ၏။

မှတ်ချက်။ ဒေါစတုတ်(၄)ပါး၌လည်း ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စတို့သည် ရံခါ မယှဉ်ကြပါ။

အာရုံတစ်ခုခုနှင့် ကြုံရသဖြင့် ထိုအာရုံကို သိစိတ်သည် "ဝိညာဏက္ခန္ဓာ" ဖြစ်၏။ ထိုစိတ်နှင့်အတူ ပေါင်းဖော်ယှဉ်တွဲဖြစ်သော စေတသိက်တို့တွင် ခံစားမှု ဝေဒနာကား "ဝေဒနာက္ခန္ဓာ"၊ မှတ်သားမှုသညာကား "သညာက္ခန္ဓာ"၊ ကျန် စေတသိက်ဖြစ်သမျှတို့ကား "သင်္ခါရက္ခန္ဓာ"ဟူ၍ နာမ်ခန္ဓာ(သိမှုအစု)တို့ ဖြစ်၏။

ထိုသို့ (၁)စိတ်ဖြစ်သဖြင့်၊ (၂)စေတသိက်တို့ ဖြစ်၍(၃)ထိုစိတ်၊စေတသိက်တို့ ကြောင့်ဖြစ်လေ့ရှိသော စိတ္တဇရုပ်၊ကမ္မဇရုပ်၊ မဟာဘုတ်တို့လည်းဖြစ်ကြခြင်းသည် အာရုံနှင့်စိတ်တို့၏ ဥပါဒ်တိုင်း၌ ခန္ဓာအစု(၅)ခုတို့ မုချဖြစ်မှုသဘောပင်တည်း။

♦ ♦ ♦

## ၂-အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ(၄)နည်း

| အဟိတ်စိတ် | ယှဉ်သောစေတသိက် | ပေါင်း |
|---|---|---|
| ၁။ဒွေပဉ္စဝိ-(၁၀)၌ | သဗ္ဗစိတ္တသာဓာရဏစေတသိက် | (၇)ပါးယှဉ် |
| ၂။သမ္ပဋိစ္ဆိုင်း(၂) ဥ-သန္တီရဏ(၂)၌ ပဉ္စဒွါရာဝဇ္ဇန်း(၁) | ဆန္ဒ,ပီတိ,ဝီရိယကြဉ်အညသမာန် | (၁၀)ပါးယှဉ် |
| ၃။သော-သန္တီရဏ(၁) မနောဒွါရာဝဇ္ဇန်း(၁) | ဆန္ဒ,ဝီရိယကြဉ်အညသမာန် | (၁၁)ပါးယှဉ် |
| ၄။ဟသိတုပ္ပါဒ်(၁)၌ | ဆန္ဒကြဉ်အညသမာန် | (၁၂)ပါးယှဉ် |

http://www.dhammadownload.com



မှတ်ချက်။ ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေတို့ကို 'မနောဓာတ်'သုံးပါးဟု ခေါ်သည်။
မနောဒွါရာဝဇ္ဇန်းနှင့် ပဥ္စဒွါရာဝဇ္ဇန်းတို့ကို အာဝဇ္ဇန်းဒွေဟု ခေါ်သည်။
မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောဟုလည်းကောင်း၊ ဥပေက္ခာသန္တီရဏ(၂)ပါးကို အဟိတ်ပဋိသန္ဓေဟုလည်းကောင်း ခေါ်သည်။

## လက်တွေ့အသုံးချပုံ

မြင်စရာအာရုံတစ်ခုကို ကြည့်၍ မြင်သိစိတ်ဖြစ်ခိုက်တွင် မြင်သိစိတ်စက္ခုဝိညာဏ်နှင့်အတူ 'ထိမှု-ဖဿ၊ခံစားမှု-ဝေဒနာ၊မှတ်သားမှု-သညာ၊ လှုံ့ဆော်မှု-စေတနာ၊ တည်ကြည်မှု- ဧကဂ္ဂတာ၊ စောင့်ရှောက်မှု-ဇီဝိတိန္ဒြေ၊ နှလုံးသွင်းမှု-မနသိကာရဟူသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ပါးတို့သည် နာမ်ခန္ဓာ(၄)ပါး အုပ်စုဖွဲ့လျက် အတူတွဲယှဉ် ဖြစ်ကြ၏။ ထို့အတူ ကြားခိုက်၊ စားခိုက်စသည်တို့၌လည်း နာမ်ခန္ဓာ(၄)ပါးတို့ပါ ပူးယှဉ်တွဲ၍ ဖြစ်ကြလေ၏။

◆◆◆

## ၃-ကာမသောဘနစိတ်ယှဉ်ပုံ(၁၂)နည်း
## ကာမသောစိတ်(၂၄)ပါး၌ သောဘနစေတသိက်ယှဉ်ပုံများ

| မဟာကု(၈)၌ | အညသမာန် | သောဘန | ဝိရတီ | အပ္ပမညာ | ပညာ | |
|---|---|---|---|---|---|---|
| ၁။သော-ဉာသံ-အ/သ | ၁၃ | ၁၉ | ၃ | ၂ | ၁ | ၃၈ |
| ၂။သော-ဉာဝိ-အ/သ | ။ | ။ | ။ | ။ | × | ၃၇ |
| ၃။ဥ-ဉာသံ-အ/သ | ပီ-ကြဉ်(၁၂) | ။ | ။ | ။ | ၁ | ၃၇ |
| ၄။ဥ-ဉာဝိ-အ/သ | ပီ-ကြဉ်(၁၂) | ။ | ။ | ။ | × | ၃၆ |

| မဟာဝိ(၈)ပါး၌ | အညသမာန် | သောဘန | ဝိရတီ | အပ္ပမညာ | ပညာ | |
|---|---|---|---|---|---|---|
| ၁။သော-ဉာသံ-အ/သ | ၁၃ | ၁၉ | × | × | ၁ | ၃၃ |
| ၂။သော-ဉာဝိ-အ/သ | ။ | ။ | × | × | × | ၃၂ |
| ၃။ဥ-ဉာသံ-အ/သ | ပီ-ကြဉ်(၁၂) | ။ | × | × | ၁ | ၃၂ |
| ၄။ဥ-ဉာဝိ-အ/သ | ပီ-ကြဉ်(၁၂) | ။ | × | × | × | ၃၁ |

မှတ်ချက်။ ဥပေက္ခာတွင် ပီတိကြဉ်၊ ဉာဏဝိပ်တွင်၊ ဉာဏ်ကိုကြဉ်။

http://www.dhammadownload.com



| မဟာကြိ(၈)ပါး၌ | အညသမာန် | သောဘာန | ဝိရတီ | အပ္ပမညာ | ပညာ | |
|---|---|---|---|---|---|---|
| ၁။သော-ဉာသံ-အ/သ | ၁၃ | ၁၉ | × | ၂ | ၁ | ၃၅ |
| ၂။သော-ဉာဝိ-အ/သ | ॥ | ॥ | × | ၂ | × | ၃၄ |
| ၃။ဥ-ဉာသံ-အ/သ | ပီ-ကြဉ်(၁၂) | ॥ | × | ၂ | ၁ | ၃၄ |
| ၄။ဥ-ဉာဝိ-အ/သ | ပီ-ကြဉ်(၁၂) | ॥ | × | ၂ | × | ၃၃ |

## ပီတိ၊ဉာဏ်ကြဉ်ရခြင်း

ပီတိသည် နှစ်သက်မှုသဘောဖြစ်၍ ဥပေက္ခာသဟဂုတ်စိတ်တို့၌ မယှဉ်နိုင်။ ဉာဏဝိပ္ပယုတ်စိတ်တို့မှာ ဉာဏ်ကင်း၍ ဉာဏ်မယှဉ်နိုင်သဖြင့် ကြဉ်ရသည်။

## လက်တွေ့အသုံးချပုံ

(၁)ဝမ်းသာရွှင်ပြစွာ ကံကံ၏အကျိုးကိုသိသဖြင့် သူတစ်ပါးတိုက်တွန်းမှုမပါဘဲ အသုံးချအဘိဓမ္မာသင်တန်းကို ကုသိုလ်ဖြစ်တက်ရောက်သင်ယူနေသူအား 'သောမနဿ သဟဂုတ်-ဉာဏသမ္ပယုတ်-အသင်္ခါရိက' ပထမ မဟာကုသိုလ်စိတ် ဖြစ်သောအခါ ယင်းစိတ်နှင့်အတူ အညသမာန်စေတသိက်(၁၃)၊ သောဘနသာဓာရဏ စေတသိက် (၁၉)၊ ဝိရတီ(၃)၊အပ္ပမညာ(၂)ပညိန္ဒြေ(၁)အားဖြင့် (၃၈)ပါးသော ကုသိုလ်အသင်းဝင် စေတသိက်များ ဖြစ်ယှဉ်ကြ၏။

(၂)ဝမ်းသာရွှင်ပြမှုမရှိဘဲ၊ ကံကံ၏အကျိုးကိုလည်းမသိဘဲ၊ ကိုယ့်မိတ်ဆွေ၊ မိသားစုဝင်တို့က အတင်းခေါ်သဖြင့် အသုံးချအဘိဓမ္မာသင်တန်းကို ကုသိုလ်ဖြစ် တက်ရောက်သင်ယူသူအား 'ဥပေက္ခာသဟဂုတ်-ဉာဏဝိပ္ပယုတ်-သင်္ခါရိက'-အဋ္ဌမ မဟာကုသိုလ်စိတ်'ဖြစ်၍၊ အညသမာန်(၁၂)၊သောဘနသာဓာရဏ (၁၉)၊ ဝိရတီ(၃)၊ အပ္ပမညာ(၂)အားဖြင့်(၃၆)ပါးသော ကုသိုလ်စေတသိက်များ ဖြစ်ကြ၏။

## ၄-မဟာဂ္ဂုတ်စိတ်၌ စေတသိက်ယှဉ်ပုံ(၅)နည်း

| မဟာဂ္ဂုတ်(၂၇)၌ | အညသမာန် | သောဘာန | အပ္ပမညာ | ပညာ | |
|---|---|---|---|---|---|
| ၁။ပထမစျာန်(၃)တွင် | ၁၃ | ၁၉ | ၂ | ၁ | ၃၅ |
| ၂။ဒုတိယစျာန်(၃)တွင် | ဝိတက်ကြဉ်(၁၂) | ॥ | ॥ | ॥ | ၃၄ |
| ၃။တတိယစျာန်(၃)တွင် | တက်၊စာကြဉ်(၁၁) | ॥ | ॥ | ॥ | ၃၃ |
| ၄။စတုတ္ထစျာန်(၃)တွင် | တက်၊စာ၊ပီ(၁၀) | ॥ | ॥ | ॥ | ၃၂ |
| ၅။ပဉ္စမစျာန်(၁၅)တွင် | တက်၊စာ၊ပီ(၁၀) | ॥ | × | ॥ | ၃၀ |

http://www.dhammadownload.com



## ဝိရတီမယှဉ်ခြင်း

မဟဂ္ဂုတ်ဈာန်ရပုဂ္ဂိုလ်တို့သည် သီလဝိသုဒ္ဓိဖြစ်ပြီးဖြစ်၍ ဒုစရိုက်၊ ဒုရာဇီဝ တို့ကို သီးခြားပယ်ရန် မရှိတော့သောကြောင့် ဝိရတီ(၃)ပါးတို့ မယှဉ်ပါ။

## ပဉ္စမဈာန်၌ အပ္ပမညာမယှဉ်

ပဉ္စမဈာန်သည် ဥပေက္ခာဝေဒနာနှင့်ယှဉ်သဖြင့် ငြိမ်သက်သောသဘော ရှိ၏။ အပ္ပမညာ၏ သနားခြင်း၊ဝမ်းမြောက်ခြင်းသဘောတို့မှာ မငြိမ်သက်သဖြင့် မယှဉ်နိုင်ပါ။

## ၅-လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ(၅)နည်း

| မဂ်+ဖိုလ်(၈)၌ | အညသမာန် | သောဘန | ဝိရတီ | ပညာ | |
|---|---|---|---|---|---|
| ၁။ပထမဈာန်(၈)တွင် | ၁၃ | ၁၉ | ၃ | ၁ | ၃၆ |
| ၂။ဒုတိယဈာန်(၈)တွင် | ဝိတက်ကြဉ်(၁၂) | ။ | ။ | ။ | ၃၅ |
| ၃။တတိယဈာန်(၈)တွင် | တက်၊စာကြဉ်(၁၁) | ။ | ။ | ။ | ၃၄ |
| ၄။စတုတ္ထဈာန်(၈)တွင် | တက်၊စာ၊ပီ(၁၀) | ။ | ။ | ။ | ၃၃ |
| ၅။ပဉ္စမဈာန် (၈)တွင် | တက်၊စာ၊ပီ(၁၀) | ။ | ။ | ။ | ၃၃ |

## လောကုတ္တရာ၌ အပ္ပမညာမယှဉ်

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍၊ အပ္ပမညာတို့သည် သတ္တဝါ ပညတ်ကိုအာရုံပြုသဖြင့် အာရုံချင်းမတူသောကြောင့် အပ္ပမညာ မယှဉ်နိုင်။

## ဝိရတီ ယှဉ်ခြင်း

လောကုတ္တရာမဂ်အခိုက်၌ ဝိရတီ(၃)ပါးသည် ဒုစရိုက်၊ဒုရာဇီဝတို့ကို သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပြတ်ပယ်သတ်မှုအစွမ်းဖြင့် အမြဲ'နိယတ'ယှဉ်သည်။ တစ်ပေါင်းတည်း 'ဧကတော' ဖြစ်သည်။ ဖိုလ်၌ကား မဂ်အစွမ်းဖြင့်ပင် ယှဉ်သည်။

♦ ♦ ♦

http://www.dhammadownload.com



## စိတ်အချင်းချင်း ထူးအောင်ပြုသောစေတသိက်(၁၀)ပါး

၁။ လောကုတ္တရာစိတ်တို့၌ 'ဝိတက်၊ဝိစာရ၊ပီတိ၊သုခ' ဟူသော ဈာန်တရား(၄)ပါး၊

၂။ မဟဂ္ဂုတ်စိတ်၌ ယင်း "ဈာန်တရားတို့နှင့် အပ္ပမညာ" တရား(၂)ပါး၊

၃။ ကာမသောဘနစိတ်၌ ယင်း "အပ္ပမညာနှင့် ဝိရတီ၊ဉာဏ်(၄)ပါးတို့သည် စိတ်တစ်ပါးနှင့်တစ်ပါးကို မတူထူးခြားအောင် ပြုနိုင်ကြသည်။

♦ ♦ ♦ ♦ ♦

## ဓမ္မဝိဠာန်များ

၁။ လူဆိုး၊လူကောင်းနှစ်မျိုးလုံးနှင့် တည့်အောင်ပေါင်းနိုင်သော တရားများမှာ- အညသမာန်စေတသိက်(၁၃)ပါး။

၂။ 'ကိုယ့်ချစ်သူပြောသမျှကို ယုံနေမှု'သည် သဒ္ဓါဟုတ်မဟုတ်။ သဒ္ဓါဟူသည် ကုသိုလ် အရာ၌ ယုံမှုဖြစ်သဖြင့် သူတစ်ပါးပြောသမျှယုံမှုသည် မိစ္ဆာအဓိမောက္ခဖြစ်၏။

၃။ အာရုံတစ်ခုတည်း၌ စိတ်မစာည်မှု၍ ဟိုအာရုံလိုလို၊ ဒီအာရုံလိုလိုဖြစ်နေသူ၌ ဖြစ်သင့်သောတရားမှာ- ဥဒ္ဓစ္စ ဖြစ်၏။

၄။ စကားပြောတိုင်း ကြမ်းတမ်းစွာ ပြောဆိုငေါက်ငမ်းလေ့ရှိသူ၌ ဖြစ်နေသော တရားမှာ- ဒေါသဖြစ်၏။

၅။ အပါယ်မကျစေနိုင်သော အကုသိုလ်တရားမှာ- ဥဒ္ဓစ္စသည် စိတ်ပျံ့လွင့်မှုသဘော သာဖြစ်၍ မည်သည့် ဒုစရိုက်ကိုမျှ ထိရောက်စွာမပြုသောကြောင့် အပါယ်မကျနိုင်။

၆။ သိပ္ပံပညာ၊ဝိဇ္ဇာပညာမျိုးစုံကို တတ်ကျွမ်းနေသော ခေတ်ပညာရှိကြီးများသန္တာန်၌ ပညာဖြစ်/မဖြစ်- အနိစ္စစသောသဘောအမှန်ကို သိခြင်းသာ ပညာ။

၇။ အဘိဓမ္မာတရားစကားများ ပြောဆိုဆွေးနွေးနေမှုသည် သမ္မာဝါစာဝိရတီ ဖြစ်၊ မဖြစ်-ရှောင်ကြဉ်မှုမဟုတ်သဖြင့် သမ္မာဝါစာသာဖြစ်၍ ဝိရတီမဖြစ်။

၈။ တွေ့တိုင်းမရှောင် ၊ ဒုစရိုက်ကောင်တို့သန္တာန်၌ ဖြစ်လေ့ရှိသောတရားများမှာ- မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ။

၉။ အကုသိုလ်အလုပ်တို့ကို မရှက်၊မကြောက်ဘဲ ပြုလုပ်ရဲနေသူတို့သန္တာန်၌ ဖြစ်သော တရားများမှာ- အဟိရိကနှင့် အနောတ္တပ္ပ။

၁၀။ တရားနာမှု၊ ဓမ္မစာပေသင်တန်းများ တက်ရောက်သင်ယူ၊နာကြားမှုတို့တွင် ရှက်၊ ကြောက်နေသူများသည် ဟိရီနှင့် ဩတ္တပ္ပဟုတ်/မဟုတ်- ဟိရီနှင့်ဩတ္တပ္ပတို့သည် ဒုစရိုက် လုပ်ငန်းများကို ရှက်ကြောက်မှုဖြစ်၍ သုစရိုက်လုပ်ငန်းများတွင် ရဲဝံ့စွာ ပြုရဲကြသည်။

စေတသိက်ပိုင်းပြီး၏။

http://www.dhammadownload.com

# (၃)ပကိဏ်းပိုင်း

(စိတ်+စေတသိက်တို့ ရောပြွမ်းဖြစ်ပုံများ)

## နာမ် 'တေပညာသ'တရား

စိတ်သည် 'ဝိသေသလက္ခဏာ'အားဖြင့် အကျဉ်း(၈၉)ပါး၊အကျယ်(၁၂၁)ပါး ရှိသော်လည်း အာရုံကိုသိမှု 'သာမညလက္ခဏာ'အားဖြင့်ကား (၁)ပါးသာ ရှိ၏။

စေတသိက်သည် ဆိုင်ရာသဘော လက္ခဏာ(၅၂)ပါး ရှိ၏။ စိတ်(၁)ပါးနှင့် စေတသိက်(၅၂)ပါးတို့ကို ပေါင်း၍ 'နာမ်တေပညာသ' ဟု ခေါ်သည်။

## ပကိဏ်းဟူသည်

ထိုနာမ် တေပညာသတရား(၅၃)ပါးတို့ကို ဝေဒနာစသော သင်္ဂဟ(၆)မျိုး တို့ဖြင့် ရောပြွမ်းယှဉ်တွဲပြခြင်းကို ပကိဏ်းပိုင်းဟု ခေါ်သည်။

ဥပမာ- စားကောင်းသောက်ဖွယ်ကို မြိန်ယှက်စွာ သုံးဆောင်နေချိန်တွင်··

(၁)သုခဝေဒနာ ဖြစ်၏။ (သုခသဟဂုတ်ကာယဝိညာဏ်စိတ်နှင့် ဝေဒနာစေတသိက်ဖြစ်၏။) (၂)တပ်မက်မှု လောဘဟိတ် အရင်းခံ၏။ (၃)စားသိမှု ဇာယန ကိစ္စကို ပြုလုပ်၏။ (၄)ဇိဝှါဒွါရ လျှာတံခါး၌ ဝင်၊ထွက် ဖြစ်၏။ (၅)ရသာရုံကို အာရုံပြု၏။ (၆)ဇိဝှါဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ ထိုသို့ စိတ်၊စေတသိက်တို့ ရောပြွမ်းဖြစ် နေမှုကို ပြခြင်းသည်ပင် 'ပကိဏ်း' မည်၏။

## ပကိဏ်း-သင်္ဂဟ(၆)မျိုး

(၁)ဝေဒနာ-သင်္ဂဟ-ဝေဒနာ(၅)မျိုးတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊
(၂)ဟေတု-သင်္ဂဟ-ဟိတ်(၆)ပါးတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊
(၃)ကိစ္စ-သင်္ဂဟ-ကိစ္စ(၁၄)မျိုးတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊
(၄)ဒွါရ-သင်္ဂဟ-ဒွါရ(၆)ခုတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊
(၅)အာရမ္မဏသင်္ဂဟ-အာရုံ(၆)ပါးတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊
(၆)ဝတ္ထုသင်္ဂဟ- ဝတ္ထုရုပ်(၆)မျိုးတို့ဖြင့် စိတ်ကို ပေါင်းယူခြင်း၊

http://www.dhammadownload.com



# (၁)ဝေဒနာသင်္ဂဟ

(စိတ်ခံစားမှုတရားများ အပိုင်း)

## ဣန္ဒြေအားဖြင့် ဝေဒနာ(၅)မျိုး

| | |
|---|---|
| (၁)သုခဝေဒနာ- | သာယာဖွယ် ကိုယ်၌ ခံစားမှု၊ |
| (၂)ဒုက္ခဝေဒနာ- | မသာယာဖွယ် ကိုယ်၌ ခံစားမှု၊ |
| (၃)သောမနဿဝေဒနာ- | သာယာဖွယ် စိတ်၌ ခံစားမှု၊ |
| (၄)ဒေါမနဿဝေဒနာ- | မသာယာဖွယ် စိတ်၌ ခံစားမှု၊ |
| (၅)ဥပေက္ခာဝေဒနာ- | မသာ၊မနာ စိတ်၌ ခံစားမှု၊ |

မှတ်ချက်။ အထက်ပါနည်းသည် သုခိန္ဒြေ၊ဒုက္ခိန္ဒြေစသော ဝေဒနာဣန္ဒြေ(၅)ပါးအား လျော်စွာ စိတ်ခံစားမှုဝေဒနာစေတသိက်ကို ခွဲခြားခြင်း ဖြစ်၏။

## အာရုံအားဖြင့် ဝေဒနာ(၃)မျိုး

(၁)သုခဝေဒနာ-သာယာဖွယ်အာရုံကို ကိုယ်စိတ်၌ခံစားမှု၊(သုခ+သောမနဿ)

(၂)ဒုက္ခဝေဒနာ-မသာယာဖွယ်အာရုံကို ကိုယ်စိတ်၌ခံစားမှု၊ (ဒုက္ခ+ဒေါမနဿ)

(၅)ဥပေက္ခာဝေဒနာ- မသာ၊မနာအာရုံကို စိတ်၌ခံစားမှု၊ (ဥပေက္ခာ)

မှတ်ချက်။ အထက်ပါနည်းသည် ဣဋ္ဌာရုံ၊အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံဟူသော အာရုံ(၃)မျိုး အားလျော်စွာ စိတ်ခံစားမှုဝေဒနာစေတသိက်ကို ခွဲခြားခြင်း ဖြစ်၏။

## ဝေဒနာ(၅)မျိုးနှင့် ယှဉ်ရာစိတ်များ

| | |
|---|---|
| ၁-သုခဝေဒနာ-၌ | အဟိတ်ကုသလဝိပါက်၊သုခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါး၌ ယှဉ်၏။ |
| ၂-သောမနဿဝေဒနာ-၌ | သောမနဿစိတ်(အကျယ်) ၆၂-ပါး၌ ယှဉ်၏။ |
| ၃-ဒုက္ခဝေဒနာ-၌ | အကုသလဝိပါက်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါး၌ ယှဉ်၏။ |
| ၄-ဒေါမနဿဝေဒနာ-၌ | ဒေါမနဿစိတ်(၂)ပါး၌ ယှဉ်၏။ |
| ၅-ဥပေက္ခာဝေဒနာ- ၌ | ဥပေက္ခာစိတ်(အကျယ်)၅၅-ပါး၌ ယှဉ်၏။ |

http://www.dhammadownload.com


### လက်တွေ့အသုံးချပုံ

စားကောင်းသောက်ဖွယ်တို့ကို စားသုံးနေရခိုက်၌ အာရုံအရသာကို ခံစားနေမှုသည် သုခဝေဒနာ(စေတသိက်)၏လုပ်ဆောင်ချက် ဖြစ်၏။ ထိုဝေဒနာ၌ အဟိတ်ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါးနှင့်၊သောမနဿစိတ်(၆၂)ပါး တွင် တစ်ပါးပါး ယှဉ်ဖြစ်နေကြ၏။(ကိုယ်ချမ်းသာ+စိတ်ချမ်းသာ)

ဥပမာ- ကြိုက်နှစ်သက်မှုတဏှာဖြင့် သုံးဆောင်ခံစားနေသောအခါ၌ သုခသဟ ဂုတ်၊ ကာယဝိညာဏ်စိတ်နှင့် အကုသိုလ်၊လောဘမူသောမနဿ(၄)ပါးတွင် တစ်ပါးပါး ယှဉ်ဖြစ်နေကြသည်။

ထို့အတူ အနာတရဖြစ်နေရခိုက်၌ အာရုံအရသာကို ခံစားမှုသည် ဒုက္ခဝေဒနာ ဖြစ်၏။ ထိုဝေဒနာ၌ ဒုက္ခသဟဂုတ်ကာယဝိညာဏ်(၁)ပါးနှင့် ဒေါမနဿစိတ်(၂)ပါး တွင် တစ်ပါးပါး ယှဉ်ဖြစ်နေကြသည်။ (ကိုယ်ဆင်းရဲ+စိတ်ဆင်းရဲ)

♦ ♦ ♦

## (၂)ဟေတုသင်္ဂဟ

(အရင်းအမြစ်တရားများအပိုင်း)

| ဟိတ်တရား(၆)ပါး | |
|---|---|
| အကုသိုလ်ဟိတ်များ | လောဘ၊ ဒေါသ၊ မောဟ |
| ကုသိုလ်ဟိတ်+အဗျာကတဟိတ် | အလောဘ၊အဒေါသ၊အမောဟ |

### ဟိတ်၏သဘော

ယင်းတရား(၆)ပါးတို့သည် ကုသိုလ်စိတ်၊အကုသိုလ်စိတ်၊ အဗျာကတစိတ်တို့၏ ဖြစ်ပေါ်လာကြောင်း အရင်းအမြစ်တရားများ ဖြစ်သောကြောင့် 'ဟိတ်'ဟု ခေါ်သည်။

မှတ်ချက်။ အဗျာကတဟူသည် ကုသိုလ်၊အကုသိုလ်အဖြစ် မဟုတ်သောတရားများကို ဆိုလိုသည်။ ဝိပါက်နှင့် ကြိယာစိတ်တို့ကို အဗျာကတဟု ခေါ်သည်။

http://www.dhammadownload.com


## ဟိတ်နှင့် ယှဉ်သောစိတ်များ

ဟိတ်(၆)ပါးလုံးနှင့်ယှဉ်သောစိတ်များ- သဟိတ်စိတ်(၇၁)ပါး(ဟိတ်ရှိစိတ်)
ဟိတ်(၆)ပါးလုံးနှင့်မယှဉ်သောစိတ်များ-အဟိတ်စိတ်(၁၈)ပါး (ဟိတ်မရှိစိတ်)

### သဟိတ်စိတ်(၇၁)ပါးနှင့် ယှဉ်ရာဟိတ်များ

| သဟိတ်စိတ်အမည်များ | ယှဉ်ရာဟိတ်များ | မူလစိတ်များ |
|---|---|---|
| ဧကဟိတ်စိတ်(၂)ပါး | မောဟ | မောဟမူစိတ်(၂)ပါး |
| ဒွိဟိတ်စိတ်(၂၂)ပါး | လောဘ/မောဟ | လောဘမူစိတ်(၈)၊ဒေါသမူ(၂) |
| | ဒေါသ/မောဟ | ကာမသော-ဉာဏဝိပ္ပယုတ်(၁၂) |
| တိဟိတ်စိတ်(၄၇)ပါး | အလော/အဒေါ | ကာမသော-ဉာဏသမ္ပယုတ်(၁၂) |
| | အမော | မဟဂ္ဂုတ်/လောကုတ္တရာ(၃၅) |

မှတ်ချက်။ ကုသိုလ်ဟိတ်(၃)ပါးနှင့် ဖြစ်ယှဉ်သောစိတ်များကိုသာ တိဟိတ်စိတ်ဟုခေါ်သည်။

## လက်တွေ့အသုံးချပုံများ

မြင်မှု၊ကြားမှု၊စားမှုစသည်တို့ကို ပြုသည့်အခါ မြင်သိစိတ်၊ ကြားသိစိတ်၊ စားသိစိတ်စသော အဟိတ်စိတ်(၁၈)ပါးတို့သည် လောဘစသော ဟိတ်မပါ၊ အမြစ်မရှိဘဲ ဖြစ်ကြသည်။ (ကုသိုလ်၊အကုသိုလ်တို့၏ အကျိုးစိတ်တို့ပေတည်း)

ကောင်းမှု၊မကောင်းမှုတို့ကို ပြုသည့်အခါ အလောဘစသော ကုသိုလ်ဟိတ်၊ လောဘစသော အကုသိုလ်ဟိတ်တို့ပါရှိလျက် ဖြစ်ကြသည်။ (ကုသိုလ်ကံ၊ အကုသိုလ်ကံ အကြောင်းစိတ်တို့ ပေတည်း။)

♦ ♦ ♦

http://www.dhammadownload.com



## (၃)ကိစ္စသင်္ဂဟ

(လုပ်ငန်းဆောင်ရွက်မှုများအပိုင်း)

### စိတ်တို့၏ လုပ်ငန်းကိစ္စ(၁၄)မျိုး

(၁)ပဋိသန္ဓေကိစ္စ-ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေးမှုကိစ္စ။

(၂)ဘဝင်ကိစ္စ- လက်ရှိဘဝခန္ဓာ အစဉ်မပြတ်ရအောင် ဖြစ်စေခြင်းကိစ္စ။

(၃)အာဝဇ္ဇန်းကိစ္စ-အာရုံကို နှလုံးသွင်း၊ဆင်ခြင်ခြင်းကိစ္စ။

(၄)ဒဿနကိစ္စ- အဆင်းအာရုံကို မြင်ခြင်းကိစ္စ။

(၅)သဝနကိစ္စ- အသံအာရုံကို ကြားခြင်းကိစ္စ။

(၆)ဃာယနကိစ္စ-အနံ့အာရုံကို နံခြင်းကိစ္စ။

(၇)သာယနကိစ္စ-အရသာကိုယူလျက် လျက်သိခြင်းကိစ္စ။

(၈)ဖုသနကိစ္စ- ထိတွေ့စရာအာရုံကို တွေ့ထိခြင်းကိစ္စ။

(၉)သမ္ပဋိစ္ဆိုင်းကိစ္စ-အာရုံကို ခံယူသကဲ့သို့ ဖြစ်ခြင်းကိစ္စ။

(၁၀)သန္တီရဏကိစ္စ-အာရုံကို စုံစမ်းခြင်းကိစ္စ။

(၁၁)ဝုဋ္ဌောကိစ္စ- အာရုံကို ပိုင်းခြားမှတ်သား ဆုံးဖြတ်ခြင်းကိစ္စ။

(၁၂)ဇောကိစ္စ- အာရုံ၏အရသာကို ခံစားခြင်းကိစ္စ။

(၁၃)တဒါရုံကိစ္စ-ဇောသို့အစဉ်လိုက်၍ ဖြစ်ခြင်းကိစ္စ။

(၁၄)စုတိကိစ္စ- ဖြစ်ဆဲဘဝခန္ဓာမှ ရွေ့လျောခြင်းကိစ္စ။

ယင်း(၁၄)မျိုးတို့ကို စိတ်တို့၏ အမှုလုပ်ငန်းများဖြစ်သောကြောင့် ကိစ္စဟု ခေါ်၏။

### လုပ်ငန်းကိစ္စဆောင်ရွက်သည့်စိတ်များ

(၁)ပဋိသန္ဓေ၊ ဘဝင်၊ စုတိ- လုပ်ငန်းကိစ္စ(၃)မျိုးကို ဥပေက္ခာသန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးအားဖြင့် (၁၉)ပါးသော စိတ်တို့က ထိုက်လျော်သလို ပြုမှုဆောင်ရွက်ကြ၏။

(၂)အာဝဇ္ဇန်း(နှလုံးသွင်းမှု)ကိစ္စကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်း စိတ်(၂)ပါးတို့က ထိုက်လျော်သလို ပြုမှုဆောင်ရွက်၏။

(၃)ဒဿန(မြင်မှု)ကိစ္စကို စက္ခုဝိညာဏ်စိတ်(၂)ပါးက ဆောင်ရွက်၏။

http://www.dhammadownload.com



(၄)သဝန(ကြားမှု)ကိစ္စကို သောတဝိညာဏ်စိတ်(၂)ပါးက ဆောင်ရွက်၏။
(၅)ဃာယန(နံမှု)ကိစ္စကို ဃာနဝိညာဏ်စိတ်(၂)ပါးက ဆောင်ရွက်၏။
(၆)သာယန(စားသိ)ကိစ္စကို ဇိဝှါဝိညာဏ်စိတ်(၂)ပါးက ဆောင်ရွက်၏။
(၇)ဖုသန(ထိသိမှု)ကိစ္စကို ကာယဝိညာဏ်စိတ်(၂)ပါးက ဆောင်ရွက်၏။
(၈)သမ္ပဋိစ္ဆန(လက်ခံမှု)ကိစ္စကို သမ္ပဋိစ္ဆိုင်းစိတ်(၂)ပါးက ဆောင်ရွက်၏။
(၉)သန္တီရဏ(စုံစမ်းမှု)ကိစ္စကို သန္တီရဏစိတ်(၃)ပါးက ဆောင်ရွက်၏။
(၁၀)ဝုဋ္ဌော(ဆုံးဖြတ်မှု)ကိစ္စကို မနောဒွါရာဝဇ္ဇန်းစိတ်(၁)ပါးကဆောင်ရွက်၏။
(၁၁)ဇော(ခံစားမှု)ကိစ္စကို စိတ်(၅၅)ပါးတို့က ဆောင်ရွက်၏။

**ဇောစိတ်(၅၅)ပါးမှာ-** အကုသိုလ်စိတ်(၁၂)၊ ကုသိုလ်စိတ်(၂၁)၊ ဖိုလ်စိတ်(၄)၊ အာဝဇ္ဇန်းမှတစ်ပါးသော ကြိယာစိတ်(၂၀)တို့ ဖြစ်သည်။

(၁၂)တဒါရုံကိစ္စကို မဟာဝိပါက်စိတ်(၈)ပါး၊ သန္တီရဏ(၃)ပါးတို့က ဆောင်ရွက်၏။

**ကိစ္စ(၁)မျိုးသာ ဆောင်ရွက်နိုင်သောစိတ်(၆၈)ပါး**

ဒွေပဉ္စဝိညာဏ်(၁၀)ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း(၁)ပါး၊ သမ္ပဋိစ္ဆိုင်း(၂)ပါး၊ ဇောစိတ်(၅၅)ပါးတို့သည် ဆိုင်ရာကိစ္စ(၁)မျိုးကိုသာ ဆောင်ရွက်နိုင်ကြ၏။

**ကိစ္စ(၂)မျိုးထိ ဆောင်ရွက်နိုင်သောစိတ်(၂)ပါး**

သောမနဿသန္တီရဏ(၁)ပါးနှင့် မနောဒွါရာဝဇ္ဇန်း(၁)ပါး။

**ကိစ္စ(၃)မျိုးထိ ဆောင်ရွက်နိုင်သောစိတ်(၉)ပါး**

မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါး။

**ကိစ္စ(၄)မျိုးသာ ဆောင်ရွက်နိုင်သောစိတ်(၈)ပါး**

မဟာဝိပါက်စိတ်(၈)ပါး။

**ကိစ္စ(၅)မျိုးသာ ဆောင်ရွက်နိုင်သောစိတ်(၂)ပါး**

ဥပေက္ခာသန္တီရဏစိတ်(၂)ပါး

http://www.dhammadownload.com



### လက်တွေ့အသုံးချပုံ

ညစဉ် TV ကြည့်နေသောအခါမျိုးမှာ TV ဖန်သားပြင်ပေါ်က မင်းသား၊ မင်းသမီး၊ဇာတ်လမ်းဟူသော အဆင်းမျိုးစုံ-ရူပါရုံကို စက္ခုဝိညာဏ်စိတ်(၂)ပါးတွင် တစ်ပါးပါးကသာ မြင်သိမှုကိစ္စကို လုပ်ဆောင်နေခြင်း ဖြစ်သည်။

ထိုTV ဇာတ်လမ်းအာရုံကိုပင် သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံမှုပြု၏။ သန္တီရဏစိတ်က စုံစမ်းမှုပြု၏။ ဝုဋ္ဌောစိတ်က ဆုံးဖြတ်မှုပြု၏။ ဇောစိတ်က TVဇာတ်လမ်းအာရုံ အရသာကို အပြည့်အဝ ခံစားမှုပြု၏။ တဒါရုံစိတ်က ဇောအားလျော်စွာ ခံစားပြန်၏။

ထိုတွင် ဥပေက္ခာသန္တီရဏစိတ်(၂)ပါးကား ပဋိသန္ဓေ၊ဘဝင်၊စုတိ၊သန္တီရဏ၊ တဒါရုံဟူသော အမှုကိစ္စ(၅)မျိုးကို အခါအားလျော်စွာ ပြုမှုဆောင်ရွက်ပေးသည်။

ထိုသို့ ပရမတ်တရားတို့သည်သာ မိမိကိစ္စကို မိမိလုပ်ဆောင်မှုဖြစ်သဖြင့် ငါကောင်၊သူကောင်၊ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါကောင်တို့၏ လုပ်ဆောင်ချက် မဟုတ်ပေ။

♦♦♦

## (၄)ဒွါရသင်္ဂဟ

(ဝင်ရာထွက်ရာ တံခါးပေါက်များအပိုင်း)

### ဒွါရ(၆)ပါး

| | | |
|---|---|---|
| (၁)စက္ခုဒွါရ | အဆင်းမျိုးစုံကို မြင်ရာ | စက္ခုပသာဒရုပ်။(မျက်စိ) |
| (၂)သောတဒွါရ | အသံမျိုးစုံကို ကြားရာ | သောတပသာဒရုပ်။(နား) |
| (၃)ဃာနဒွါရ | အနံ့မျိုးစုံကို နံရာ | ဃာနပသာဒရုပ်။(နှာ) |
| (၄)ဇိဝှါဒွါရ | အရသာမျိုးစုံကို လျက်ရာ | ဇိဝှါပသာဒရုပ်။(လျှာ) |
| (၅)ကာယဒွါရ | အတွေ့အာရုံမျိုးစုံကိုတွေ့ရာ | ကာယပသာဒရုပ်။(ကိုယ်) |
| (၆)မနောဒွါရ | အတွေးအာရုံမျိုးစုံကိုကြံရာ | ဘဝင်စိတ်(၁၉)ပါး(စိတ်) |

ယင်းတရား(၆)မျိုးတို့ကို အပြင်က အာရုံဟူသော ဧည့်သည်နှင့် အတွင်းက ဝီထိစိတ်ဟူသောအိမ်ရှင် နှစ်မျိုး(ယောက်)တို့၏ ဝင်ရာထွက်ရာ အပေါက်များ ဖြစ်သောကြောင့် "ဒွါရ"များဟု ခေါ်သည်။

http://www.dhammadownload.com



ဥပမာ- ဧည့်သည်၊အိမ်ရှင်ဟူသော လူနှစ်(မျိုး)ယောက်တို့၏ ဝင်ရာ၊ထွက်ရာ ဖြစ်သောကြောင့် အိမ်တံခါးဝကို 'တံခါးပေါက်'ဟု ခေါ်သကဲ့သို့ ဖြစ်သည်။

**ဒွါရတို့၌ ဖြစ်သောစိတ်များ**

(၁)စက္ခုဒွါရ(မျက်စိတံခါးပေါက်)၌ ပဉ္စဒွါရာဝဇ္ဇန်း(၁)၊စက္ခုဝိညာဏ်(၂)၊ သမ္ပဋိစ္ဆိုင်း(၂)၊သန္တီရဏ(၃)၊ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း(၁)၊ ကာမဇော(၂၉)၊ တဒါရုံ မဟာဝိပါက်စိတ်(၈)စုစုပေါင်း(၄၆)ပါးသောစိတ်တို့ ဖြစ်၏။

**မှတ်ချက်။** ကာမစိတ်(၅၄)ပါးရှိရာတွင် ဒွေပဉ္စဝိညာဏ်(၁၀)ပါးမှ ကြားသိစိတ်၊နံ့သိစိတ်၊ စားသိစိတ်၊ထိသိစိတ်(၈)ပါးကို ကြဉ်ဖယ်ထားလျှင် (၄၆)ပါး ဖြစ်သည်။

**(၂)သောတဒွါရ(နားတံခါးပေါက်)၊ (၃)ဃာနဒွါရ၊ (၄)ဇိဝှါဒွါရ၊ (၅)ကာယဒွါရတို့၌လည်း** စက္ခုဝိညာဏ်(၂)ပါးအစား သောတဝိညာဏ်(၂)ပါးစသည် ပြောင်း၍(၄၆)ပါးစီပင် ဖြစ်၏။

**(၆)မနောဒွါရ(စိတ်တံခါးပေါက်)၌ကား** မနောဒွါရာဝဇ္ဇန်း(၁)၊ ဇော(၅၅)၊ တဒါရုံ (၁၁)စုစုပေါင်း (၆၇)ပါးသော စိတ်တို့ ဖြစ်၏။

**လင်္ကာ။** (ဘဝင်)ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။ (ပဉ္စဒွါရဝီထိစိတ်)
စုံစမ်း-ဆုံးဖြတ်၊ ဇော(၇)ချက်၊ (၂)ရပ်-တဒါရုံ။
ဆင်ခြင်ပြီးခါ၊ ဇော၊တဒါ၊ မှန်စွာစိတ်ဖြစ်ပုံ။ (မနောဒွါရဝီထိစိတ်)

**လက်တွေ့အသုံးချပုံ**

နေ့စဉ် အဆင်းမျိုးစုံကို မြင်ရာ၊ အသံမျိုးစုံကို ကြားရာတို့၌ စက္ခုဒွါရစသော တံခါးပေါက်တို့၌ ရူပါရုံစသော ဧည့်သည်တို့ ဝင်ရောက်လာမှုနှင့် စက္ခုဝိညာဏ်စသော ဝီထိစိတ်(၄၆)ပါးတို့ ထွက်သွားမှုဟူသော ပရမတ်တရားတို့၏သဘောသာ ဖြစ်၏။ သူဟူသော တစ်စုံတစ်ယောက်ကို ငါဟူသော တစ်စုံတစ်ယောက်က မြင်မှု၊ ကြားမှုမျိုးတို့ မဟုတ်ကုန်။

သတ္တဝါတို့သန္တာန်၌ စိတ်၊စေတသိက်တို့သည် အာရုံတရားတို့ကြောင့် အစဉ်အမြဲ ဖြစ်ပေါ်လာနိုင်ရန် ဤဒွါရ(၆)ပါးတို့က ကျေးဇူးပြုနေမှု ဖြစ်ပေသည်။

♦ ♦ ♦

http://www.dhammadownload.com



## (၅)အာရမ္မဏသင်္ဂဟ

(စိတ်တို့၏မွေ့လျော်ရာတရားများအပိုင်း)

### အာရုံ(၆)ပါး

| | | |
|---|---|---|
| (၁)ရူပါရုံ | အဆင်းအမျိုးမျိုးဟူသော | ဝဏ္ဏရုပ်တရား။ |
| (၂)သဒ္ဒါရုံ | အသံအမျိုးမျိုးဟူသော | သဒ္ဒရုပ်တရား။ |
| (၃)ဂန္ဓာရုံ | အနံ့အမျိုးမျိုးဟူသော | ဂန္ဓရုပ်တရား။ |
| (၄)ရသာရုံ | အရသာအမျိုးမျိုးဟူသော | ရသရုပ်တရား။ |
| (၅)ဖောဋ္ဌဗ္ဗာရုံ | အတွေ့အမျိုးမျိုးဟူသော | ဖောဋ္ဌဗ္ဗရုပ်တရား။ (ပထဝီ၊တေဇော၊ဝါယော) |
| (၆)ဓမ္မာရုံ- | အာရုံမျိုးစုံဟူသော | သဘောရုပ်နာမ်၊ပညတ်များ (ပသာဒရုပ်-၅၊သုခုမရုပ်၁၆ စိတ်-၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်၊ပညတ်) |

**အာရုံ၏သဘော**

ယင်းတရား(၆)မျိုးတို့ကို စိတ်၊စေတသိက်တို့၏ မွေ့လျော်ပျော်ပိုက်ရာ၊ စွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် 'အာရုံ'ဟု ခေါ်သည်။

ဥပမာ- ဥယျာဉ်၊ပန်းခြံတို့သည် လူတို့၏မွေ့လျော်ရာ ဖြစ်သကဲ့သို့တည်း။ တောင်ဝှေး၊ ကြိုးတန်းတို့သည် လူကြီးတို့၏ စွဲကိုင်မှီတွယ်ရာ ဖြစ်သကဲ့သို့တည်း။

**အာရုံ(၆)ပါးတို့ကို အာရုံပြုသောစိတ်များ**

၁။ပစ္စုပ္ပန်ရူပါရုံကို စက္ခုဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့ကသာ ယူမှု(မြင်သိမှု) ပြုကြ၏။

၂။ပစ္စုပ္ပန်သဒ္ဒါရုံကို သောတဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့ကသာ ယူမှု (ကြား သိမှု) ပြုကြ၏။

၃။ပစ္စုပ္ပန်ဂန္ဓာရုံကို ဃာနဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့ကသာ ယူမှု(နံသိမှု) ပြုကြ၏။

http://www.dhammadownload.com



၄။ပစ္စုပ္ပန်ရသာရုံကို ဇိဝှါဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့ကသာ ယူမှု(စားသိမှု) ပြုကြ၏။

၅။ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို ကာယဒွါရ၌ဖြစ်သောစိတ်(၄၆)ပါးတို့ကသာ ယူမှု (တွေ့သိမှု) ပြုကြ၏။

၆။ကာလ(၃)ပါးနှင့်ကာလဝိမုတ်ဖြစ်သော အာရုံ(၆)ပါးလုံးတို့ကို မနောဒွါရ၌ ဖြစ်သောစိတ်(၆၇)ပါးတို့ကသာ ယူမှု(ကြံသိမှု) ပြုကြ၏။

## ကာလ(၃)ပါးနှင့်ကာလဝိမုတ်တရားများ

ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံငါးမျိုးနှင့် ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်(ဓမ္မာရုံ)ဟူသော သင်္ခတတရားများသည် ပစ္စုပ္ပန်၊ အတိတ်၊အနာဂတ် ဟူသော ကာလ(၃)ပါး၌ ဖြစ်၏။

နိဗ္ဗာန်နှင့်ပညတ်(ဓမ္မာရုံ)ဟူသော အသင်္ခတတရားများသည် ကာလ(၃)ပါးမှ လွတ်သော ကာလဝိမုတ်တရား ဖြစ်၏။

နိဗ္ဗာန်သည် မပြတ်မစဲ အမြဲတည်သဖြင့် ကာလသုံးပါးအားဖြင့် ခွဲဝေ၍ မရ ကောင်းသောကြောင့်လည်းကောင်း၊ ပညတ်သည် ဥပါဒ်၊ဌီ၊ဘင်အားဖြင့် ထင်ရှားမရှိသော ကြောင့်လည်းကောင်း ကာလ(၃)ပါးမှ လွတ်သော ကာလဝိမုတ် ဖြစ်၏။

## တစ်နည်း အာရုံ(၄)မျိုး

၁။ ကာမစိတ်(၅၄)၊စေတသိက်(၅၂)၊ရုပ်(၂၈)ပါးတို့သည် ကာမအာရုံ မည်၏။

၂။ မဟဂ္ဂုတ်စိတ်(၂၇)၊စေတသိက်(၃၅)ပါးတို့သည် မဟဂ္ဂုတ်အာရုံ မည်၏။

၃။ကသိုဏ်းပညတ်စသော ပညတ်အမျိုးမျိုးတို့သည် ပညတ်အာရုံ မည်၏။

၄။လောကုတ္တရာစိတ်(၈)၊စေတသိက်(၃၆)နိဗ္ဗာန်သည် လောကုတ္တရာအာရုံ မည်၏။

## အာရုံပြုတရားများ

(၁)ဒွေပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)၊တဒါရုံ(၁၁)၊ဟသိတုပ္ပါဒ်(၁)ပါး ဟူသော စိတ်(၂၅)ပါးတို့သည် 'ကာမဂုဏ်အာရုံ' ကို ကေန်အာရုံပြုကုန်၏။

http://www.dhammadownload.com


(၂)ရူပစိတ်(၁၅)၊အာကာသာနဉ္စာယတနစိတ်(၃)၊ အာကိဉ္စညာယတနစိတ်(၃)ပါးဟူသော စိတ်(၂၁)ပါးတို့သည် 'ပညတ်အာရုံ'ကို ကေန်အာရုံပြုကုန်၏။

(၃)ဝိညာနဉ္စာယတနစိတ်(၃)၊နေဝသညာ နာသညာယတနစိတ်(၃)ပါးဟူသော စိတ်(၆)ပါးတို့သည် 'မဟဂ္ဂုတ်အာရုံ'ကို ကေန်အာရုံပြုကုန်၏။

(၄)လောကုတ္တရာစိတ်(၈)ခုတို့သည် 'နိဗ္ဗာန်အာရုံ'ကို ကေန်အာရုံပြုကုန်၏။

## လက်တွေ့အသုံးချပုံ

စိတ်စေတသိက်တို့၏ အာရုံအဖြစ်မှ လွတ်သောတရားသည် မရှိ။ အာရုံ(၆)မျိုးမှ လွတ်သော စိတ်၊စေတသိက်တရားတို့သည်လည်း မရှိ။ ထို့ကြောင့် အဆင်း၊အသံ၊အနံ့ စသော အာရုံ(၆)ပါးဟူသော ပရမတ်တရားနှင့်ပညတ်တရားတို့က နေ့စဉ် သတ္တဝါတို့၏ စိတ်သန္တာန် နာမ်ခန္ဓာအစဉ်အား အာရမ္မဏပစ္စည်းအကြောင်းတရားအနေဖြင့် ကျေးဇူးပြု နေမှု ဖြစ်၏။ တစ်စုံတစ်ယောက်အား ကျေးဇူးပြုနေခြင်း မဟုတ်။

စိတ်ဖြင့် အာရုံပြုနိုင်သောတရားများမှာ ဓမ္မာရုံ(၆)မျိုး ဖြစ်၏။ ထိုဓမ္မာရုံသည် ပရမတ်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံဟု (၂)မျိုး ကွဲပြား၏။

♦ ♦ ♦

## (၆)ဝတ္ထုသင်္ဂဟ

(စိတ်တို့ အမှီပြုရာတရားများအပိုင်း)

### ဝတ္ထု(၆)ပါး

| | | |
|---|---|---|
| (၁)စက္ခုဝတ္ထု | စက္ခုပသာဒရုပ်တရား။ | (မျက်စိအကြည်) |
| (၂)သောတဝတ္ထု | သောတပသာဒရုပ်တရား။ | (နားအကြည်) |
| (၃)ဃာနဝတ္ထု | ဃာနပသာဒရုပ်တရား။ | (နှာအကြည်) |
| (၄)ဇိဝှါဝတ္ထု | ဇိဝှါပသာဒရုပ်တရား။ | (လျှာအကြည်) |
| (၅)ကာယဝတ္ထု | ကာယပသာဒရုပ်တရား။ | (ကိုယ်အကြည်) |
| (၆)ဟဒယဝတ္ထု | နှလုံးသွေး၌တည်သောကမ္မဇရုပ်တရား။ | (နှလုံးသွေးရုပ်) |

http://www.dhammadownload.com



ယင်းရုပ်(၆)ပါးတို့ကို စိတ်စေတသိက်တရားတို့၏ တည်မှီ၍ဖြစ်ရာဖြစ်သော ကြောင့် ''ဝတ္ထု''ဟု ခေါ်သည်။

ဥပမာ- သစ်ပင်၊တောင်တို့သည် မြေကြီးအပေါ်၌သာ တည်မှီဖြစ်ရ သကဲ့သို့၊စိတ်စေတသိက်တရားတို့သည် ဝတ္ထုရုပ်တရားတို့၌ တည်မှီလျက်သာ ဖြစ်ကြ၏။

### ဝတ္ထုနှင့် မှီသောစိတ်များ

(၁)စက္ခုဝတ္ထု၌ (စက္ခုဝိညာဏဓာတ်ခေါ်)စက္ခုဝိညာဏ်ဒွေတို့ မှီဖြစ်၏။

(၂)သောတဝတ္ထု၌ (သောတဝိညာဏဓာတ်ခေါ်)သောတဝိညာဏ်ဒွေတို့ မှီဖြစ်၏။

(၃)ဃာနဝတ္ထု၌ (ဃာနဝိညာဏဓာတ်ခေါ်)ဃာနဝိညာဏ်ဒွေတို့ မှီဖြစ်၏။

(၄)ဇိဝှါဝတ္ထု၌ (ဇိဝှါဝိညာဏဓာတ်ခေါ်)ဇိဝှါဝိညာဏ်ဒွေတို့ မှီဖြစ်၏။

(၅)ကာယဝတ္ထု၌ (ကာယဝိညာဏဓာတ်ခေါ်)ကာယဝိညာဏ်ဒွေတို့ မှီဖြစ်၏။

(၆)ဟဒယဝတ္ထု၌ (မနောဓာတ်နှင့် မနောဝိညာဏဓာတ်ခေါ်) ကြွင်းကျန်သော စိတ်များ မှီ၍ ဖြစ်ကြ၏။

### ဝိညာဏဓာတ်(၇)မျိုး

စိတ်(၈၉)ပါးကို ဝိညာဏဓာတ်(၇)မျိုးခွဲသော် ဒွေပဉ္စဝိညာဏ်စိတ်(၁၀)ပါး၌ ပဉ္စဝိညာဏဓာတ်(၅)မျိုးဖြစ်၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်(၁)ပါးနှင့်သမ္ပဋိစ္ဆိုင်း(၂)ပါးတို့သည် မနောဓာတ် မည်၏။ထို(၁၃)ပါးမှကြွင်းသော စိတ်(၇၆)ပါးတို့သည် မနောဝိညာဏ ဓာတ် မည်၏။

### ဝိညာဏဓာတ်(၃)မျိုး သိပုံအထူး

| | | |
|---|---|---|
| ပဉ္စဝိညာဏဓာတ်(၅)ပါး | ဆိုင်ရာအာရုံ(၅)ပါးကို | ထင်ရှားသိ |
| မနောဓာတ် | ထိုအာရုံ(၅)ပါးကို | သိကာမျှ |
| မနောဝိညာဏဓာတ် | အာရုံ(၆)ပါးလုံးကို | အထူးသိ |

http://www.dhammadownload.com



### ဘုံအလိုက် ရသောဝတ္ထုရုပ်များ

၁။ကာမ(၁၁)ဘုံ၌ ကာမတဏှာ၊ကာမကံကြောင့် ဝတ္ထုရုပ်(၆)ပါးလုံး ရ၏။

၂။အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ကာမဝိရာဂဘာဝနာကြောင့် 'ဃာန၊ ဇိဝှါ၊ကာယ'(၃)ပါးတို့ မရ။ ဘုရားဖူး၊ တရားနာအလို့ငှါ စက္ခု၊သောတ(၂)ပါးသာ ရ၏။ (ဝိညာဏဓာတ်မှာ မနော၊မနောဝိညာဏနှင့်တကွ (၄)ပါး ရ၏။)

၃။အရူပ(၄)ဘုံ၌ကား ရူပဝိရာဂဘာဝနာကြောင့် ဝတ္ထုရုပ်တို့ လုံးဝ မရ။

၄။အသညသတ်ဘုံ၌ သညာ(အရူပ)ဝိရာဂဘာဝနာကြောင့် နာမ်ချုပ်ငြိမ်းသဖြင့် ဝတ္ထုရုပ်တို့လည်း မရအပ်။

**မှတ်ချက်**။ ကာမဝိရာဂ-ကာမဂုဏ်အာရုံကို တပ်မက်မှုကင်း။ ရူပဝိရာဂ-ရုပ်၌တပ်မက်မှုကင်း။ သညာဝိရာဂ-သညာဦးစီးသောနာမ်ခန္ဓာ၌ တပ်မက်မှုကင်း။

### မှီ၍/မမှီ၍ ဖြစ်သောစိတ်များ

(၁)ဒွေပဉ္စဝိညာဏ်စိတ်(၁၀)ပါးတို့သည် ပဉ္စဝတ္ထု(၅)ပါးကို မှီ၍သာ ဖြစ်ရ၏။

(၂)ဒေါသမူစိတ်(၂)၊မနောဓာတ်(၃)၊သန္တီရဏ(၃)၊ဟသိတုပ္ပါဒ်(၁)၊ မဟာဝိပါက်စိတ်(၈)၊ရူပစိတ်(၁၅)၊သောတာပတ္တိမဂ်(၁)ပါးအားဖြင့် (၃၃)ပါးသောစိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကြရ၏။

(၃)လောဘမူစိတ်၊မောဟမူစိတ်(၁၀)၊မဟာကုသိုလ်-ကြိယာ(၁၆)၊ အရူပကုသိုလ်၊ကြိယာ(၈) လောကုတ္တရာစိတ်(၇)၊ မနောဒွါရာဝဇ္ဇန်း(၁)ပါးအားဖြင့် (၄၂)ပါးတို့သည် ကာမဘုံ/ရူပဘုံတို့၌ မှီ၍ဖြစ်၏။ အရူပဘုံ၌ မမှီ၍ ဖြစ်၏။

(၄)အရူပဝိပါက်စိတ်(၄)ပါးကား ဝတ္ထုရုပ်ကို လုံးဝမမှီ၍ ဖြစ်၏။

### လက်တွေ့အသုံးချပုံ

သတ္တဝါတို့သန္တာန်၌ စိတ်၊စေတသိက်တရားတို့သည် မိမိနှင့်ဆိုင်ရာ မှီရာဝတ္ထုရုပ်တရားတို့ကို အမှီပြု၍သာ ဖြစ်ပေါ်ကြရ၏။ မြေကြီးရှိမှုကြောင့်သာ သစ်ပင်၊ တော၊တောင် စသည်တို့ ဖြစ်ထွန်းကုန်သကဲ့သို့ မှီရာဝတ္ထုရုပ်တို့၌ မှီခွင့်ရကုန်၍သာ စိတ်စေတသိက် တရားတို့ ဖြစ်ထွန်းကြရသည်။

စက္ခုဝတ္ထုရုပ်ဟူသော မှီရာရှိသောကြောင့်သာ စက္ခုဝိညာဏ်ဒွေသည် အဆင်း

http://www.dhammadownload.com



အာရုံကို မြင်သိနိုင်မှု ဖြစ်၏။ အာရုံမည်မျှပင် ရှိနေပါစေ၊ မှီရာမရှိလျှင် စက္ခုဝိညာဏ် စသော စိတ်တို့လည်း မဖြစ်နိုင်။

ရှေးဦးစွာ ဖြစ်ပြီးကုန်သော မိဘတို့ကို အမှီရသဖြင့်သာ သားသမီးတို့ ဖြစ်ထွန်း မွေးဖွားလာကုန်သကဲ့သို့ ဝတ္ထုရုပ်တရားတို့သည် ရှေးဦးစွာဖြစ်နှင့်လျက် စိတ်၊ စေတသိက်တရားတို့အား နေ့စဉ် ကျေးဇူးပြုနေကြမှုပင် ဖြစ်သည်။

## ဓမ္မဓိဋ္ဌာန်

စက္ခုဝိညာဏ်ဒွေ-မြင်သိစိတ်(၂)ပါး၌ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကို ရှာဖွေ ပြပါ။

(၁)ဥပေက္ခာဝေဒနာ၊ (၂) အဟိတ်၊ (၃)ဒဿန(မြင်မှု)ကိစ္စ၊ (၄)စက္ခုဒွါရ၊ (၅)ရူပါရုံကို အာရုံပြုသည်။ (၆) ‹စက္ခုဝတ္ထုကို မှီ၍ ဖြစ်သည်။

ပက်ိဏ်းပိုင်းပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



# (၄)ဝီထိပိုင်း
(စိတ်+စေတသိက်တို့၏ ဖြစ်စဉ်များ)

## ဝီထိ၏သဘော

အာရုံငါးပါးတို့သည် ဆိုင်ရာဒွါရတို့၌ ထိခိုက်လာသော် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဏ်စိတ်စသည်ဖြင့် စိတ်တို့၏အစဉ်အတန်းအနေဖြင့် ဖြစ်လာစဉ်သဘောကို 'ဝီထိ'ဟု ခေါ်သည်။

## ဝီထိစဉ်တစ်ခု၌ပါသော ဆက္ကတရား(၆)မျိုး

၁။ **အာရုံ(၆)ပါး**-(အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့၊အကြံ)

၂။ **ဝတ္ထု(၆)ပါး** (မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊နှလုံး)

၃။ **ဒွါရ(၆)ပါး** (မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊ဘဝင်စိတ်)

၄။ **ဝိညာဏ်(၆)ပါး** (မြင်သိ၊ကြားသိ၊နံသိ၊စားသိ၊ထိသိ၊ကြံသိ)

၅။ **ဝီထိ(၆)မျိုး** (မြင်သိဝီထိ၊ကြားသိဝီထိစသည်)

၆။ **အာရုံထင်ပုံ(၆)မျိုး** (ထင်လွန်းအာရုံ၊ ထင်ရုံအာရုံ၊ မထင်အာရုံ၊ မထင်လွန်းအာရုံ၊(ပဉ္စဒွါရဝီထိ) ထင်အာရုံ၊မထင်အာရုံ၊(မနောဒွါရဝီထိ)

| ဆက္က(၆) | ပဉ္စဒွါရဝီထိ(၅)မျိုး | မနောဒွါရဝီထိ(၁) |
|---|---|---|
| ဝီထိ(၆) | စက္ခုဒွါရဝီထိ၊သောတ၊ဃာန၊ဇိဝှါ၊ကာယဒွါရဝီထိ | မနောဒွါရဝီထိ |
| အာရုံ(၆) | ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ | ဓမ္မာရုံ |
| ဝတ္ထု(၆) | စက္ခုဝတ္ထု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယဝတ္ထု | ဟဒယ |
| ဒွါရ(၆) | စက္ခုဒွါရ၊သောတ၊ ဃာန၊ဇိဝှါ၊ကာယဒွါရ | မနော |
| ဝိညာဏ်(၆) | စက္ခုဝိညာဏ်၊သောတ၊ဃာန၊ဇိဝှါ၊ကာယဝိညာဏ် | မနောဝိညာဏ် |
| အာရုံထင်ပုံ(၆) | ထင်လွန်း၊ထင်၊ မထင်လွန်း၊မထင် | ထင်၊မထင် |

မှတ်ချက်။ ဆက္က-ခြောက်ပါးအစု။ ပဉ္စဒွါရ-စက္ခုမှ-ကာယထိ ငါးဒွါရ။ မနော-စိတ်။

## စိတ်အသက်နှင့်ရုပ်အသက်

'ဥပါဒ်ခဏ၊ဋ္ဌီခဏ၊ဘင်ခဏ'ဟူသော ခဏငယ်(၃)ခုတို့၏အပေါင်းဖြစ်သော ခဏကြီးတစ်ခု (စိတ္တက္ခဏတစ်ချက်)သည် ''စိတ်၏အသက်'' ဖြစ်၏။

http://www.dhammadownload.com



ထိုစိတ္တက္ခဏပေါင်း(၁၇)ချက်၊ ခဏငယ်အားဖြင့် (၅၁)ချက်သည် "ရုပ်၏ အသက်" ဖြစ်၏။

ထို့ကြောင့် ရုပ်ကလာပ်တစ်ခုသည် စိတ်သက်၏(၁၇)ဆ အသက်ရှိ၏။

**လင်္ကာ။** ဖြစ်,တည်,ချုပ်လတ်၊ ဉာဏ်သုံးရပ်၊ ဥပါဒ်ဋ္ဌီဘင်ယူ။

ဆယ့်ခုနစ်ချက်၊ ထိုစိတ်သက်၊ ရုပ်သက်တစ်ခုယူ။

## စိတ်သက်တို့၌ ရုပ်သက်ရှည်ခြင်း

ရုပ်တရားတို့သည် အထည်ဒြပ် အတုံးအခဲသဘောရှိ၍ နာမ်တရားတို့သည် အထည်ဒြပ် အတုံးအခဲသဘောမရှိသောကြောင့် စိတ်သက်ထက် ရုပ်သက် ပိုရှည်ရ၏။

## ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ

အမိဝမ်း၌ ပဋိသန္ဓေစိတ်၊စေတသိက်၊ရုပ်တို့ စတင်တည်ဖြစ်ဆဲခဏကို ပဋိသန္ဓေအခါ ခေါ်၍၊ ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက် စုတိစိတ်ဖြစ်ချိန်အထိကို ပဝတ္တိအခါ ခေါ်၏။

## ဝီထိ(၆)မျိုး ဖြစ်လာပုံများ

၁။ စက္ခုဒွါရ၌ ရူပါရုံကို အာရုံပြုသဖြင့် စက္ခုဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'စက္ခုဒွါရိကဝီထိ'** မည်၏။ (မြင်သိစိတ်အစဉ်)

၂။ သောတဒွါရ၌ သဒ္ဒါရုံကို အာရုံပြုသဖြင့် သောတဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'သောတဒွါရိကဝီထိ'** မည်၏။ (ကြားသိစိတ်အစဉ်)

၃။ ဃာနဒွါရ၌ ဂန္ဓာရုံကို အာရုံပြုသဖြင့် ဃာနဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'ဃာနဒွါရိကဝီထိ'** မည်၏။ (နံသိစိတ်အစဉ်)

၄။ ဇိဝှါဒွါရ၌ ရသာရုံကို အာရုံပြုသဖြင့် ဇိဝှါဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'ဇိဝှါဒွါရိကဝီထိ'** မည်၏။ (စားသိစိတ်အစဉ်)

၅။ ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသဖြင့် ကာယဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'ကာယဒွါရိကဝီထိ'** မည်၏။ (ထိသိစိတ်အစဉ်)

၆။ မနောဒွါရ၌ ဓမ္မာရုံကို အာရုံပြုသဖြင့် မနောဝိညာဏ်စသော စိတ်အစဉ် ဖြစ်ပေါ်လာမှုသည် **'မနောဒွါရိကဝီထိ'** မည်၏။ (ကြံသိစိတ်အစဉ်)

http://www.dhammadownload.com



## ဝီထိစိတ်(၆)မျိုး၏ဖြစ်ကြောင်းများ

၁။စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရတို့ကြောင့် စက္ခုဝိညာဏ်။

လင်္ကာ။ စက္ခာ,လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့။ (အလောက-အလင်း)

၂။သောတပသာဒ၊သဒ္ဒါရုံ၊အာကာသ၊မနသိကာရတို့ကြောင့်သောတဝိညာဏ်။

လင်္ကာ။ သောတာ,ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့။(အာကာသ-အပေါက်)

၃။ဃာနပသာဒ၊ဂန္ဓာရုံ၊ဝါယောဓာတ်၊မနသိကာရတို့ကြောင့် ဃာနဝိညာဏ်။

လင်္ကာ။ ဃာန,ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီဃာနဖို့။(ဝါတ-လေ)

၄။ဇိဝှါပသာဒ၊ရသာရုံ၊အာပေါဓာတ်၊မနသိကာရတို့ကြောင့် ဇိဝှါဝိညာဏ်။

လင်္ကာ။ ဇိဝှါ,အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီဇိဝှါဖို့။ (အာပ-အရည်)

၅။ကာယပသာဒ၊ဖောဋ္ဌဗ္ဗာရုံ၊ပထဝီဓာတ်၊မနသိကာရတို့ကြောင့် ကာယဝိညာဏ်။

လင်္ကာ။ ကာယ,ထဒ္ဓ၊ ဖောဋ္ဌဗ္ဗထင်ပြီ၊ မနသိ၊ လေးလီကာဖို့။ (ထဒ္ဓ-ခက်မာမှု)

လင်္ကာ။ လင်း,အာကာ၊ ဝါယောနဲ့၊ အာပေါတဲ့ ပထဝီ၊ ငါးခုစုံညီ။
မနသိ၊ ငါးလီမှာယှဉ်တွဲ၊ ငါးအာရုံ,ပသာစုံ၊ ထင်ဟပ်လာတယ်၊ မှတ်တော့မလွဲ။

၆။မနောဒွါရ၊ဓမ္မာရုံ၊ဟဒယဝတ္ထု၊မနသိကာရတို့ကြောင့် သောတဝိညာဏ်။

လင်္ကာ။ မနော,ဟဒယ၊ ဓမ္မထင်ပြီ၊ မနသိ၊ လေးလီမနဖို့။

## ဝီထိစိတ်အစဉ်တစ်ခု၏ဖြစ်ကြောင်းပုံစံ

| | |
|---|---|
| စက္ခုဝိညာဏဝီထိ (မြင်သိစိတ်အစဉ်) | စက္ခုဒွါရ-ပသာဒဝတ္ထုရုပ်မှီရာ |
| | ရူပါရုံ-အဆင်းမျိုးစုံအာရုံ |
| | အာလောက-အလင်းရောင် |
| | စိတ်၌ အာရုံကိုနှလုံးသွင်းမှု |

အထက်ပါအကြောင်း(၄)ချက်လုံးပြည့်စုံနိုင်မှသာ မြင်သိစိတ်အစဉ်ဟု ခေါ်သော စက္ခုဒွါရိကဝီထိ(စက္ခုဝိညာဏဝီထိ)တစ်ခု ဖြစ်နိုင်လေသည်။ အကြောင်းမဲ့ မဖြစ်။ မြဟ္မာ၊တန်ခိုးရှင်၊ အတ္တ၊ဇီဝစသည်တို့ကြောင့်လည်း မြင်ရသည်မဟုတ်။

## ဝီထိစိတ်တို့အတွက် အာရုံထင်ပုံ(၆)မျိုး

ဝီထိစဉ်(၆)မျိုးတို့၌ ဝီထိစဉ်များဖြစ်လာမှုအတွက် အာရုံ(၆)ပါးထင်လာပုံ 'ဝိသယပဝတ္တိ'သည် ပဉ္စဒွါရ၌(၄)မျိုး၊ မနောဒွါရ၌(၂)မျိုးဟု (၆)မျိုး ရှိ၏။

http://www.dhammadownload.com



## ပဉ္စဒွါရဝီထိအတွက်အာရုံထင်ပုံ(၄)မျိုး

| | |
|---|---|
| (၁)အတိမဟန္တာရုံ- ထင်ရှားလွန်းသောအာရုံ၊ | ◯ |
| (၂)မဟန္တာရုံ-ထင်ရှားရုံအာရုံ၊ | ○ |
| (၃)ပရိတ္တာရုံ-မထင်ရှားသောအာရုံ၊ | o |
| (၄)အတိပရိတ္တာရုံ-အလွန်မထင်ရှားသောအာရုံ၊ | • |

## မနောဒွါရဝီထိအတွက်အာရုံထင်ပုံ(၂)မျိုး

| | |
|---|---|
| (၁)ဝိဘူတာရုံ-ထင်ရှားသောအာရုံ၊ | ○ |
| (၂)အဝိဘူတာရုံ-မထင်ရှားသောအာရုံ | o |

### ဝီထိမုတ်စိတ်တို့၏အာရုံ(၃)မျိုး

ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်(၁၉)ပါးတို့ ဝီထိစိတ်မှ အလွတ်ဖြင့်သဖြင့် ဝီထိမုတ်စိတ်တို့ မည်၏။ ထိုဝီထိမုတ်စိတ်(၁၉)ပါးတို့သည် အတိတ်ကံအာရုံ၊ ကမ္မအာရုံ၊ ဂတိအာရုံ(၃)မျိုးကိုသာ အာရုံပြုသည်။ ပစ္စုပ္ပန် ရူပါရုံစသည်တို့ကို အာရုံမပြုပါ။

♦ ♦ ♦

## ပဉ္စဒွါရဝီထိ(၇၅)မျိုးအကြောင်း

(ဒွါရတံခါးငါးခုမှ စိတ်အစဉ်ဝင်လာပုံများ)

### အတိမဟန္တာရုံ-စက္ခုဒွါရဝီထိ(၁)မျိုး-ဖြစ်စဉ်ဆိုရိုး

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြချိန်မှစ၍၊ (၁)အတီတဘဝင်(၁)ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် (၂)ဘဝင်္ဂစလန၊ (၃)ဘဝင်္ဂုပစ္ဆေဒ၊ (၄)ပဉ္စဒွါရာဝဇ္ဇန်း၊ (၅)စက္ခုဝိညာဏ်၊ (၆)သမ္ပဋိစ္ဆိုင်း၊ (၇)သန္တီရဏ၊ (၈)ဝုဋ္ဌော၊ (၉)ဇော(၇)ကြိမ်၊ (၁၀)တဒါရုံ(၂)ကြိမ် ဖြစ်ပြီးလျှင်၊ ရူပါရုံနှင့်စက္ခုပသာဒတို့ (၁၇)ချက်ရပ်သက် စေ့ရကား နှစ်ခုမြောက်သောတဒါရုံ၏ ဘင်နှင့်တစ်ပြိုင်နက်ချုပ်ခြင်းရှိသောဝီထိသည် **'စက္ခုဒွါရ-အတိမဟန္တာရုံဝီထိ'** မည်၏။ (တဒါရုံအဆုံးသတ်ဖြစ်၍-တဒါရမ္မဏဝါရ-ဟု ခေါ်၏။ 'သောတဒွါရဝီထိ' စသည် (၄)မျိုးလည်း တူ၏။

http://www.dhammadownload.com


## အတိမဟန္တာရုံဝီထိစဉ်ပုံစံ

(ထင်ရှားလွန်းသောအာရုံ၌ စိတ်ဖြစ်စဉ်)

တီ။ န-ဒ၊ ပ-စ-သံ-ဏ-ဝု-ဇဇဇဇဇဇဇ-ဒါဒါ။ဘ။

### အတီတဘဝင်စသည်သဘောများ

၁။ပဥ္စဒွါရ၌ အာရုံငါးပါးတို့ ထင်ခြင်းသို့ မရောက်မီအတွင်း ချုပ်ပျောက်သွားသောဘဝင်စိတ်ကို **'အတီတဘဝင်'** ခေါ်၏။

၂။အာရုံငါးပါးတို့ ထင်လာခြင်းကြောင့် လှုပ်ရှားသွားသောဘဝင်စိတ်ကို **'စလနဘဝင်'** ခေါ်၏။

၃။မူလဖြစ်ပေါ်နေဆဲဖြစ်သော ဘဝင်စိတ်အစဉ် ပြတ်ဆဲသွားခြင်းကို **'ဘဝင်ုပစ္ဆေဒ'** ခေါ်၏။

၄။ပဥ္စဒွါရ၌ ထင်လာသော အာရုံငါးပါးကို ဆင်ခြင်သောစိတ်ကို **'ပဥ္စဒွါရာဝဇ္ဇန်း'** ခေါ်၏။

၅။စက္ခုဒွါရ၌ ထင်လာသော ရူပါရုံကို မြင်သိသောစိတ်ကို **'စက္ခုဝိညာဏ်'** ခေါ်၏။ (သောတဝိညာဏ်စသည် နည်းတူသိပါ)

၆။ပဥ္စဒွါရ၌ ထင်လာသော အာရုံငါးပါးကို ခံယူသောစိတ် **'သမ္ပဋိစ္ဆိုင်း'**။

၇။ပဥ္စဒွါရ၌ ထင်လာသော အာရုံငါးပါးကို စုံစမ်းသောစိတ်ကို **'သန္တီရဏ'**။

၈။ပဥ္စဒွါရ၌ ထင်လာသော အာရုံငါးပါးကို ဆုံးဖြတ်သောစိတ် **'ဝုဋ္ဌော'**။

၉။ပဥ္စဒွါရ၌ ထင်လာသော အာရုံငါးပါးအရသာကို ခံစားသောစိတ် **'ဇော'**။

၁၀။ဇောအစဉ်သို့လိုက်၍ ဇောအာရုံကိုပင် အာရုံပြုသောစိတ် **'တဒါရုံ'**။

**လင်္ကာ**။ ဘဝင်၊ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင်လက်ခံတုံ။
စုံစမ်း၊ဆုံးဖြတ်၊ဇောခုနစ်ချက်၊ နှစ်ရပ်-တဒါရုံ။

### သရက်သီးကြွေပုံဥပမာနှင့် နှိုင်းယှဉ်ခြင်း

၁။ လူတစ်ယောက်သည် သရက်ပင်ရင်း၌ အိပ်ပျော်နေခဲ့၏။(ဘဝင်များ)
၂။ သရက်သီးမှည့်တစ်လုံးသည် အနီး၌ ကြွေကျလာ၏။ (အာရုံထင်မှု)
၃။ သရက်သီးကြွေသံကြောင့် အိပ်ပျော်ရာမှ လှုပ်ရှားလာ၏။(တီ၊န၊ဒ)
၄။ မျက်နှာငဲ့၍ စူးစမ်းဆင်ခြင်လိုက်၏။ (ပဥ္စဒွါရာဝဇ္ဇန်းစိတ်)
၅။ သရက်သီးကို မြင်လိုက်၏။ (စက္ခုဝိညာဏ်စိတ်)

http://www.dhammadownload.com


၆။ သရက်သီးကို ကောက်ယူ၏။ (သမ္ပဋိစ္ဆိုင်းစိတ်)
၇။ သရက်သီးကို အနီးကပ်လေ့လာနမ်းရှုပ်၏။(သန္တီရဏစိတ်)
၈။ သရက်သီးမှည့်ပါလားဟု သိလိုက်၏။ (ဝုဋ္ဌောစိတ်)
၉။သရက်သီးမှည့်ကို အားပါးတရ (၇)ကြိမ် ကိုက်စား၏။ (ဇောစိတ်များ)
၁၀။အကြွင်းအကျန်များကို တံတွေးနှင့်တကွမျိုချ၏။ (တဒါရုံစိတ်များ)
၁၁။ စားသောက်ပြီးသည်နှင့် ပြန်၍ အိပ်ပျော်သွား၏။(မူလဘဝင်စိတ်များ)

## ဝီထိစိတ်သရုပ်ထုပ်ပုံ

၁။ ပဉ္စဒွါရဝီထိ၌ 'တီ၊နေ၊ဒ' ဟူသော ဘဝင်(၃)မျိုးနှင့် 'ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ' ဝီထိစိတ်(၇)မျိုး ဖြစ်၏။

၂။ ဝီထိစိတ်အကြိမ်အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း(၁)ကြိမ်၊ ပဉ္စဝိညာဏ်(၁)ကြိမ်၊ သမ္ပဋိစ္ဆိုင်း(၁)ကြိမ်၊သန္တီရဏ(၁)ကြိမ်၊ဝုဋ္ဌော(၁)ကြိမ်၊ဇော(၇)ကြိမ်၊တဒါရုံ(၂)ကြိမ်ဖြစ်၏။

၃။စိတ်သရုပ်အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း(၁)ပါး၊ ပဉ္စဝိညာဏ်(၁၀)ပါး၊ သမ္ပဋိစ္ဆိုင်း(၂)ပါး၊ သန္တီရဏ(၃)ပါး၊ ဝုဋ္ဌော(၁)ပါး၊ ဇော(ကာမဇော-၂၉)ပါး၊ တဒါရုံ(မဟာဝိပါက် -၈)ပါးအားဖြင့် ကာမစိတ်(၅၄)ပါးတို့ ဖြစ်၏။

## ကာမဇော(၂၉)ပါးတို့ စောချင်တိုင်းမစောနိုင်

ပဉ္စဒွါရဝီထိများ ဖြစ်ရာတွင် ကာမသတ္တဝါတို့အား ကာမဇော(၂၉)ပါးတွင် တစ်ပါးပါးတို့သည် ဆိုင်ရာအကြောင်းအား လျော်စွာသာ စောကြ၏။

| | |
|---|---|
| ယောနိသောမနသိကာရ | မဟာကုသိုလ်ဇော(၈)ပါး |
| အယောနိသောမနသိကာရ | အကုသိုလ်ဇော(၁၂)ပါး |
| အနုသယကင်းသောရဟန္တာသန္တာန် | မဟာကြိယာဇော(၈)ပါး |

## အာရုံထင်ပုံ ကွဲပြားခြင်း

အာရုံငါးပါးသည် ဒွါရငါးခုတို့၌ ရှေးရှု၍ ဥပါဒ်လျှင် ဥပါဒ်ခြင်း မထင်ပေါ်လာနိုင်။ အနည်းဆုံး စိတ္တက္ခဏ(၁)လွန်ပြီးမှသာ ထင်လာနိုင်သည်။

(၁)အာရုံအလွန်ထင်ရှားသော-'အတိမဟန္တာရုံ' မျိုး၌သာ စိတ္တက္ခဏ(၁)ချက်လွန်ပြီးမှ အာရုံထင်၍ စိတ္တက္ခဏအသက်ကြွင်း(၁၆)ချက်ထိ ကျန်သည်။

http://www.dhammadownload.com



(၂)အာရုံထင်ရှားရုံ-'မဟန္တာရုံ'မျိုး၌ စိတ္တက္ခဏ(၂-၃)ချက်လွန်မှ အာရုံထင်၍ စိတ္တက္ခဏအသက်ကြွင်း(၁၅/၁၄)ချက်ထိ ကျန်သည်။

(၃)အာရုံမထင်ရှားသော-'ပရိတ္တာရုံ'မျိုး၌ စိတ္တက္ခဏ(၄-၉)ချက် လွန်ပြီးမှ အာရုံထင်၍ စိတ္တက္ခဏအသက်ကြွင်း(၁၃-၈)ချက်ထိ ကျန်သည်။

(၄)အာရုံအလွန်မထင်ရှားသော-'အတိပရိတ္တာရုံ'မျိုး၌ စိတ္တက္ခဏ(၁၀-၁၅) ချက်လွန်ပြီးမှ အာရုံထင်၍ စိတ္တက္ခဏအသက်ကြွင်း(၇-၂)ချက်ထိ ကျန်သည်။

## မဟန္တာရုံ-စက္ခုဒွါရဝီထိ(၂)မျိုး ဖြစ်စဉ်ဆိုရိုး

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြချိန်မှစ၍၊ (၁)အတီတဘဝင် (၂) ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် (၂)ဘဝင်စလန၊ (၃)ဘဝင်ုပစ္ဆေဒ၊ (၄)ပဥ္စဒွါရာဝဇ္ဇန်း၊ (၅)စက္ခုဝိညာဏ်၊ (၆)သမ္ပဋိစ္ဆိုင်း၊ (၇)သန္တီရဏ၊ (၈)ဝုဋ္ဌော၊ (၉)ဇော(၇)ကြိမ်၊ (၁၀)ဘဝင်(၁)ကြိမ် ဖြစ်ပြီးလျှင်၊ ရူပါရုံနှင့် စက္ခုပသာဒတို့(၁၇)ချက် ရပ်သက်စေ့ရကား ပထမဘဝင်၏ဘင်နှင့် တစ်ပြိုင်နက် ချုပ်ခြင်း ရှိသောဝီထိသည် 'စက္ခုဒွါရ-မဟန္တာရုံဝီထိ' မည်၏။

(ဒုတိယ-မဟန္တာရုံဝီထိ၌ အတီတဘဝင်(၃)ချက်လွန်-ဘဝင်မဖြစ်တော့ဘဲ ဇောအဆုံးသတ်ဖြစ်၍-ဇဝနဝါရ-ဟုခေါ်၏) 'သောတဒွါရဝီထိ'စသည်(၄)မျိုးလည်း တူ၏။

### မဟန္တာရုံဝီထိစဉ်ပုံစံ

| (ထင်ရှားရုံအာရုံ၌စိတ်ဖြစ်စဉ်) | |
|---|---|
| (ပ) | (၁)တီ-တီ။ န-ဒ၊ ပ-စ-သံ-ဏ-ဝု-ဇဇဇဇဇဇဇ။ဘ။ |
| (ဒု) | (၂)တီ-တီ-တီ။ န-ဒ ''ပ-စ-သံ-ဏ-ဝု-ဇဇဇဇဇဇဇ။ဘ။ |

## ပရိတ္တာရုံ-စက္ခုဒွါရဝီထိ(၆)မျိုး ဖြစ်စဉ်ဆိုရိုး

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြချိန်မှစ၍၊ အတီတဘဝင်(၄) ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ (ဇောမဖြစ်နိုင်၍ ဇောအစား)ဝုဋ္ဌော(၃)ကြိမ် ဘဝင်(၄)ကြိမ် ဖြစ်ပြီးလျှင်၊ ရူပါရုံနှင့် စက္ခုပသာဒတို့ (၁၇)ချက် ရပ်သက်စေ့ရကား စတုတ္ထမြောက်ဘဝင်၏ဘင်နှင့် တစ်ပြိုင်နက် ချုပ်ခြင်း ရှိသောဝီထိသည် 'စက္ခုဒွါရ-ပရိတ္တာရုံဝီထိ' မည်၏။

http://www.dhammadownload.com



(ဝုဋ္ဌောအဆုံးသတ်ဖြစ်၍-ဝေါဋ္ဌဗ္ဗနဝါရ-ဟုခေါ်၏။ 'သောတဒ္ဒါရ'စသည် (၄)မျိုးလည်း တူ၏။

## ပရိတ္တာရုံဝီထိစဉ်ပုံစံ

| (မထင်ရှားသောအာရုံ၌စိတ်ဖြစ်စဉ်) | |
|---|---|
| (ပ)(၁) | တီ(၄)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝုဝု၊ ဘ(၄)။ |
| (ဒု)(၂) | တီ(၅)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝုဝု၊ဘ(၃)။ |
| (တ)(၃) | တီ(၆)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝုဝု၊ဘ(၂)။ |
| (စ)(၄) | တီ(၇)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝုဝု၊ဘ(၁)။ |
| (ပ)(၅) | တီ(၈)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝုဝု။ |
| (ဆ)(၆) | တီ(၉)။ န-ဒ-ပ-စ-သံ-ဏ-ဝုဝု။ |

## အတိပရိတ္တာရုံ-စက္ခုဒွါရဝီထိ(၆)မျိုး ဖြစ်စဉ်ဆိုရိုး

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြချိန်မှစ၍၊ အတီတဘဝင်(၁၀) ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ (ပဉ္စဒွါရာဝဇ္ဇန်းမျှမဖြစ်နိုင်၍) ဘဝင်(၅)ကြိမ် ဖြစ်ပြီးလျှင်၊ ရူပါရုံနှင့် စက္ခုပသာဒတို့ (၁၇)ချက် ရပ်သက်စေ့ရကား ပဉ္စမမြောက်ဘဝင်၏ဘဝင်နှင့် တစ်ပြိုင်နက် ချုပ်ခြင်းရှိသောဝီထိသည် 'စက္ခုဒွါရ-အတိပရိတ္တာရုံဝီထိ' မည်၏။ (ဝီထိစိတ်တို့ ဖြစ်ခြင်းမရှိသဖြင့်-မောဃဝါရ-ဟုခေါ်၏။ 'သောတဒွါရဝီထိ'စသည် (၄)မျိုးလည်း တူ၏။

## အတိပရိတ္တာရုံဝီထိစဉ်ပုံစံ

| (အလွန်မထင်ရှားသောအာရုံစိတ်ဖြစ်စဉ်) | | |
|---|---|---|
| (ပ)(၁) | တီ(၁၀)။ | န-ဒ-ဘ(၅)။ |
| (ဒု)(၂) | တီ(၁၁)။ | န-ဒ-ဘ(၄)။ |
| (တ)(၃) | တီ(၁၂)။ | န-ဒ-ဘ(၃)။ |
| (စ)(၄) | တီ(၁၃)။ | န-ဒ-ဘ(၂)။ |
| (ပ)(၅) | တီ(၁၄)။ | န-ဒ-ဘ(၁)။ |
| (ဆ)(၆) | တီ(၁၅)။ | န-ဒ။ |

http://www.dhammadownload.com


## ပဉ္စဒွါရဝီထိပေါင်း(၇၅)ဝီထိ

စက္ခုဒွါရ၌ အတိမဟန္တာရုံ(၁)ဝီထိ၊ မဟန္တာရုံ(၂)ဝီထိ၊ ပရိတ္တာရုံ(၆)ဝီထိ၊ အတိပရိတ္တာရုံ(၆)ဝီထိအားဖြင့် (၁၅)ဝီထိ ဖြစ်သည်။ ထို့အတူ သောတဒွါရစသည်တို့၌လည်း (၁၅)ဝီထိစီဖြစ်သဖြင့် (ဒွါရ-၅×ဝီထိ-၁၅) ပဉ္စဒွရဝီထိပေါင်း(၇၅)ဝီထိ ဖြစ်သည်။

## ပဉ္စဒွါရဝီထိ၌ စိတ်သရုပ်ထုတ်ပုံ

၁။ ပဉ္စဒွါရဝီထိ၌ 'တီ၊န၊ဒ' ဟူသော ဘဝင်(၃)မျိုး၊ 'ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ' ဟူသော ဝီထိစိတ်(၇)မျိုး ဖြစ်သည်။

၂။ ဝီထိစိတ်အကြိမ်အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း(၁)၊ ပဉ္စဝိညာဏ်(၁)၊ သမ္ပဋိစ္ဆိုင်း(၁)၊ သန္တီရဏ(၁)၊ ဝုဋ္ဌော(၁)၊ ဇော(၇)၊ တဒါရုံ(၂)ကြိမ် ဖြစ်သည်။

၃။စိတ်သရုပ်အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း(၁)ပါး၊ ပဉ္စဝိညာဏ်(၁၀)ပါး၊ သမ္ပဋိစ္ဆိုင်း၊ (၂)ပါး၊ သန္တီရဏ(၃)ပါး၊ ဝုဋ္ဌော(၁)ပါး၊ ဇော(ကာမဇော-၂၉)ပါး၊ တဒါရုံ (မဟာဝိပါက် -၈)ပါးအားဖြင့် ကာမစိတ်(၅၄)ပါးတို့ ဖြစ်သည်။

## လက်တွေ့အသုံးချပုံ

သတ္တဝါတို့သန္တာန်၌ အာရုံရှိနေသမျှ ဝီထိစိတ်အစဉ်တို့လည်း ဖြစ်နေကြ၏။ သို့ရာတွင် မည်သည့်စိတ်ပဲ၊ မည်သို့ဖြစ်တာလဲ၊ မည်သို့ အကုသိုလ်မဖြစ်အောင် ပြုရမည်၊ မည်သို့ ကုသိုလ်ဖြစ်အောင် ပြုရမည်လဲ? စသည်ဖြင့် ဝီထိစဉ်သဘောကို သိနားလည်သူတို့အား ပရမတ်ကို သိအောင်အသုံးချနိုင်ခြင်း အကျိုးရှိလေသည်။

ဝီထိသဘောတို့ကို သိနားလည်ခြင်းမရှိသူတို့အား အာရုံငါးပါးတို့ ဆိုင်ရာဒွါရတို့၌ ထိခိုက်လာ၍ ဝီထိစိတ်တို့ဖြစ်ပေါ်လာခြင်း ''စိတ္တနိယာမ'' သဘောကိုပင် ငါ၊ သူ၊ ယောက်ျားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ မိုးနတ်မင်း၊ တန်ခိုးရှင်စသူတို့၏ ဖန်ဆင်းမှုဟု အယူမှား၍ များစွာအကျိုးမဲ့လေသည်။

## မေ့ခိဋ္ဌာန်များ

၁။ဝီထိစိတ်မဖြစ်သော ဝီထိမှာ- အတိပရိတ္တာရုံဝီထိ။ အတိပရိတ္တာရုံဝီထိနှင့် အာဂန္တုကဘဝင်ဝီထိတို့ကို ဝီထိအတုဟု ခေါ်၏။

http://www.dhammadownload.com


၂။ဘုရားဂုဏ်ကို အာရုံပြု၍ ဗုဒ္ဓမြတ်စွယ်တော်အား ကိုယ်တိုင်ဖူးမြော်ခွင့်ရသူအား ဖြစ်ပေါ်လာသောစိတ်အစဉ်မှာ- အတီတဘဝင်၊ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက်စက္ခုဝိညာဏ်၊ ကုသလဝိပါက်သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက်သောမနဿ သန္တီရဏ၊ ဝုဋ္ဌော၊ မဟာကုသိုလ်ဇော(၈)ပါးတွင်တစ်ပါးပါး၊ ကုသလဝိပါက်တဒါရုံ (မဟာ ဝိပါက်စိတ်)များ ဖြစ်သည်။

၃။ညစဉ် TV.ကြည့်နေသူအား TV.အာရုံကို မျက်စိ(စက္ခုပသာဒရုပ်)ဖြင့် မြင်နိုင်/မမြင်နိုင်- စက္ခုပသာဒရုပ်၌မှီသော စက္ခုဝိညာဏ်စိတ်ဖြင့်သာ မြင်သိမှုဖြစ်၏။

♦♦♦♦♦

## မနောဒွါရ-ကာမဇောအပိုင်း

(ဘဝင်တံခါးမှ စိတ်အစဉ်ဝင်လာပုံများ)

မနောဒွါရ-ဟူသည်မှာ ဘဝင်စိတ်များပင် ဖြစ်၏။ အာရုံတည်းဟူသော ဧည့်သည် တို့၏တံခါးခေါက်သံကြောင့် ဘဝင်စိတ်တည်းဟူသော အိပ်ပျော်မှုမှ နိုးလာ၍ ဧည့်သည် တည်းဟူသောအာရုံများကို လက်ခံတွေ့ဆုံမှုကဲ့သို့ မနောဒွါရ၌ ထိုစိတ်အစဉ်များ ဖြစ်ပေါ်လာရသည်။

၁။မနောဒွါရ၌ '**ကာမဇော**'ဟူသည် အကုသိုလ်ဇော(၁၂)ပါး၊ကုသိုလ်ဇော (၈)ပါး၊ ကြိယာဇော(၉)ပါးအားဖြင့် (၂၉)ပါး ဖြစ်၏။

၂။ထင်လာနိုင်သောအာရုံများမှာ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်(ကာလသုံးပါး)ဖြစ်သော စိတ်၊စေတသိက်၊ရုပ်တရားများနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ပညတ်အာရုံများ ဖြစ်၏။

၃။ ကာမဇောအပိုင်း၌ အာရုံတို့ထင်လာပုံ 'ဝိသယပ္ပဝတ္တိ'မှာလည်း ထင်ရှားသောအာရုံ(ဝိဘူတာရုံ) နှင့် မထင်ရှားသောအာရုံ (အဝိဘူတာရုံ) (၂)မျိုး ဖြစ်၏။

### ဝိဘူတာရုံ-ကာမဇောစိတ်ဝီထိဖြစ်ပုံ

ထင်ရှားသောအာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာလတ်သော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

http://www.dhammadownload.com



### ဝိဘူတာရုံ-ကာမဇောဝီထိပုံစံ

| (ထင်ရှားသောအာရုံ၌ စိတ်ဖြစ်စဉ်) |
|---|
| န၊ ဒ၊ မ၊ ဇဇဇဇဇဇဇ၊ ဒဒ၊။ (ဘ) |

### အဝိဘူတာရုံ-ကာမဇောစိတ်ဝီထိဖြစ်ပုံ

မထင်ရှားသောအာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာလတ်သော် ‘ဘဝင် စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ် ဖြစ်၍ချုပ်ပြီးလျှင် ဘဝင်ဖြစ် ထိုက်သမျှ ဖြစ်၏။

### အဝိဘူတာရုံ-ကာမဇောဝီထိပုံစံ

| (မထင်ရှားသောအာရုံ၌ စိတ်ဖြစ်စဉ်) |
|---|
| န၊ ဒ၊ မ၊ ဇဇဇဇဇဇဇ၊ (ဘ)။ |

### ဝီထိစိတ်သရုပ်ထုတ်ပုံ

၁။ မနောဒွါရဝီထိ၌ ‘ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ’ ဟူသော ဘဝင်(၂)မျိုးနှင့် ‘မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ’ ဟူသော ဝီထိစိတ်(၃)မျိုးသာ ဖြစ်သည်။

၂။ ဝီထိစိတ်အကြိမ်အားဖြင့် မနောဒွါရာဝဇ္ဇန်း(၁)ကြိမ်၊ (၂)ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဖြစ်သည်။

၃။စိတ်သရုပ်အားဖြင့် မနောဒွါရာဝဇ္ဇန်းစိတ်(၁)ပါး၊ ကာမဇောစိတ်(၂၉)ပါး၊ တဒါရုံစိတ်(၁၁)ပါးအားဖြင့် ကာမစိတ်(၄၁)ပါးတို့ ဖြစ်သည်။

**မှတ်ချက်**။ ဒွေပဉ္စဝိညာဏ်(၁၀)နှင့် မနောဓာတ်(၃)ပါးတို့မပါ။

### လက်တွေ့အသုံးချပုံ

လွန်ခဲ့သော ညတုန်းက မိမိကြည့်ခဲ့ရသော ကိုရီးယားဇာတ်လမ်းတွဲကို ပြန်စဉ်းစားကြည့်၍ ထင်ရှားသော ပုံရိပ်ဇာတ်ကွက်တို့ကို သိရသောအခါ ‘ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ၊ဘဝင်’ ဟူသော ဝိဘူတာရုံဝီထိဖြစ်၏။

လွန်ခဲ့သော (၁၀)နှစ်ခန့်ကအဖြစ်အပျက်တို့ကို ပြန်စဉ်းစားကြည့်၍ မထင်ရှားသောအကြောင်းအရာတို့ကို သိရသောအခါ ‘ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ

http://www.dhammadownload.com


ဝဋ္ဋန်း၊ ဓော၊ ဘဝင်'ဟူသော အဝိဘူတာရုံဝီထိ ဖြစ်၏။

## ပဉ္စဒွါရဝီထိသို့ နောက်လိုက်ဝီထိဖြစ်ပုံများ

ကာမဇောအရာ၌ မနောဒွါရဝီထိသည် သီးသန့်-မနောဒွါရဝီထိနှင့် နောက်လိုက်-မနောဒွါရဝီထိဟု (၂)မျိုး ရှိ၏။ ထိုတွင် ပဉ္စာရုံထင်လာမှုကြောင့် ပဉ္စဒွါရဝီထိပြီးတိုင်း ပဉ္စဒွါရဝီထိသို့ အစဉ်လိုက်၍ဖြစ်သောဝီထိသည် နောက်လိုက်-မနောဒွါရဝီထိ မည်၏။ ပဉ္စဒွါရနောက်လိုက်မဟုတ်ဘဲ မနောဒွါရ၌ဖြစ်သောဝီထိသည် သီးသန့်-မနောဒွါရဝီထိ' မည်၏။

## 'နွား'ဟူသောအသံကြား၍ ဝီထိစိတ်ဖြစ်ပုံ

''နွား''ဟူသော အသံအာရုံကို နားဖြင့် ကြားလိုက်သောအခါ-

၁။ပစ္စုပ္ပန်အသံကို အာရုံပြု၍ အတိမဟန္တာရုံ-**သောတဒွါရဝီထိ**(၁)ခု ဖြစ်၏။

၂။ချုပ်သွားသော အတိတ်အာရုံ(အသံပရမတ်)ကို အာရုံပြု၍ နောက်လိုက် **'မနောဒွါရ'**ဝီထိ(၁)ခု ဖြစ်၏။

၃။နွားအသွင်၊နွားပုံစံ၊ နွားဒြပ်(အတ္ထပညတ်)တို့ကို အာရုံပြု၍ သီးသန့် **'မနောဒွါရ'** ဝီထိ(၁)ခု ဖြစ်၏။

၄။နွားအသွင်နွားပုံစံရှိသော နွားအမည်ဒြပ်(နာမပညတ်)တို့ကို အာရုံပြု၍ သီးသန့် **'မနောဒွါရ''**(၁)ဝီထိတို့ ဖြစ်၏။

<u>ရူပံ</u> ပဌမစိတ္တေန၊ <u>တီတံ</u> ဒုတိယစေတသာ။ (ပရမတ်-၂-ဝီထိ)
<u>နာမံ</u> တတိယစိတ္တေန၊ <u>အတ္ထံ</u> စတုတ္ထစေတသာ။(ပညတ်-၂-ဝီထိ)

(၁)ရူပံ-ပစ္စုပ္ပန်ရူပါရုံ(သဒ္ဒါရုံစသည်တို့)ကို။ ပဌမစိတ္တေန-ရှေးဦးစွာသော ပဉ္စဒွါရ-စက္ခုဝိညာဏဝီထိ(သောတဝိညာဏဝီထိစသည်တို့)စိတ်ဖြင့်။ (၂)တီတံ-အတိတ် ရူပါရုံ(စသည်)ကို။ ဒုတိယစေတသာ-နှစ်ခုမြောက် တဒနုဝတ္တက မနောဒွါရဝီထိစိတ်ဖြင့်။ (၃)နာမံ-နာမပညတ်ကို။ တတိယစိတ္တေန-သုံးခုမြောက် တဒနုဝတ္တက မနောဒွါရဝီထိဖြင့်။ (၄)အတ္ထံ-အနက်ဒြပ် အတ္ထပညတ်ကို။ စတုတ္ထစေတသာ- လေးခုမြောက် တဒနုဝတ္တက မနောဒွါရဝီထိဖြင့်။ ဇာနာတိ-သိလေ၏။ (မဏိသာရမဉ္ဇူဋီကာ)

http://www.dhammadownload.com



### အက္ခရာ(၂)လုံး(၃)လုံးစသည်တို့၌ ဝီထိဖြစ်ပုံ

''ဒါန''ဟူသော အက္ခရာ(၂)လုံးရှိ အသံကို ကြားရသောအခါ-

၁။'ဒါ'ဟူသော ပစ္စုပ္ပန်အသံကို အာရုံပြု၍ အတိမဟန္တာရုံ-သောတဒွါရ ဝီထိ(၁)ခု ဖြစ်၏။

၂။ချုပ်သွားသော အတိတ် 'ဒါ'ဟူသော အသံကို အာရုံပြု၍ နောက်လိုက် 'မနောဒွါရ'ဝီထိ(၁)ခု ဖြစ်၏။

၃။'န'ဟူသော ပစ္စုပ္ပန်အသံကို အာရုံပြု၍ အတိမဟန္တာရုံ-သောတဒွါရ ဝီထိ(၁)ခု ဖြစ်၏။

၄။ချုပ်သွားသော အတိတ် 'န'ဟူသော အသံကို အာရုံပြု၍ နောက်လိုက် 'မနောဒွါရ'ဝီထိ(၁)ခု ဖြစ်၏။

၅။ဒါန-ဟူသော အက္ခရာအစဉ်(၂)လုံးအပေါင်း (သမူဟနာမပညတ်)ကို အာရုံပြု၍ သီးသန့်'မနောဒွါရ'ဝီထိ(၁)ခု ဖြစ်၏။

၆။ အလှူဟူသော အသွင်၊ပုံစံ၊ဒြပ်(အတ္ထပညတ်)တို့ကို အာရုံပြု၍ သီးသန့် 'မနောဒွါရ' ဝီထိ(၁)ခု ဖြစ်၏။

၇။အလှူဟူသော အနက်အဓိပ္ပါယ်၊အမည်(နာမပညတ်)တို့ကို အာရုံပြု၍ သီးသန့် 'မနောဒွါရ''(၁)ဝီထိတို့ ဖြစ်၏။

### လက်တွေ့အသုံးချပုံ

နေ့စဉ် အာရုံ(၅)မျိုးတို့အား မြင်၊ကြား၊နံ၊စား၊ထိတွေ့ရခိုက်တွင် မြင်ဆဲ၊ကြားဆဲစသည်တို့တွင် ဝီထိစဉ်(၂)ခု ဖြစ်ခိုက်၌သာ ပရမတ်ကို အာရုံပြုမှု ဖြစ်၏။ အနည်းဆုံး (၄)ဝီထိ ပြီးဆုံးသည်နှင့် ပညတ်ကိုသာ အာရုံပြုမှုသာ ဖြစ်လေ၏။

ထို့ကြောင့် ဝိပဿနာအရာ၌ မြင်ဆဲအခိုက် ကြားဆဲအခိုက်တို့၌ ''ဒိဋ္ဌေ ဒိဋ္ဌမတ္တံ''နည်းကျ ရှုမှတ်ရခြင်း ဖြစ်သည်။

♦ ♦ ♦

http://www.dhammadownload.com



## မနောဒွါရ–အပ္ပနာဇောအပိုင်း

ကာမဇောအပိုင်း၌ ထင်ရှားသောအာရုံ၊မထင်ရှားသောအာရုံဟု (၂)မျိုးကွဲပြားသော်လည်း အပ္ပနာဇောအပိုင်း၌ ထင်ရှားသောအာရုံ(၁)မျိုးသာ ဖြစ်၏။ အပ္ပနာဇောဟူသည် ရူပ၊အရူပကုသိုလ်(၉)ပါး၊ ကြိယာ(၉)ပါး၊ လောကုတ္တရာစိတ်(၈)ပါးအားဖြင့် (၂၆)ပါး ဖြစ်၏။

### ရူပအပ္ပနာဇော–ဈာန်ဝီထိဖြစ်ပုံဆိုရိုး

ပထဝီကသိုဏ်းစသည်ကို စီးဖြန်းပါများ၍ ဈာန်ရလုနီးသောယောဂီအား ထိုပထဝီကသိုဏ်းစသောပညတ်အာရုံ တစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်(၂)ကြိမ်လှုပ်၍ပြတ်ပြီးလျှင် မနောဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်၏။

ထို့နောင် မဟာကုသိုလ်၊ သောမနဿ၊ ဉာဏသမ္ပယုတ် စိတ်(၂)ပါးတွင် တစ်ပါးပါးသည် (ဉာဏ်နုံ့သူအား) ပရိကံ၊ ဥပစာ၊အနုလုံ၊ဂေါတြဘုဟု (၄)ကြိမ်၊ (ဉာဏ်ထက်သူအား–ဥပစာ၊အနုလုံ၊ဂေါတြဘုဟု–၃–ကြိမ်)ဖြစ်၍ ချုပ်၏။

ထို့နောင် ရူပါဝစရပထမဈာန်ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် (၁)ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။(အရူပဈာန်ဝီထိလည်း တူ၏)

### ဈာန်ဝီထိပုံစံ

| | |
|---|---|
| (ဉာဏ်နုံ့သူ) | န၊ဒ၊မ၊ ပ၊ဥ၊နု၊ဂေါ၊ဈာန်၊(ဘဝင်) |
| (ဉာဏ်ထက်သူ) | န၊ဒ၊မ၊ ဥ၊နု၊ဂေါ၊ဈာန်၊(ဘဝင်) |

### သောတာပတ္တိမဂ်ဝီထိပုံစံ

| | |
|---|---|
| (ဉာဏ်နုံ့သူ) | န၊ဒ၊မ၊ ပ၊ဥ၊နု၊ဂေါ၊မဂ်၊ ဖိုလ်၊ဖိုလ်၊(ဘဝင်) |
| (ဉာဏ်ထက်သူ) | န၊ဒ၊မ၊ ဥ၊နု၊ဂေါ၊မဂ်၊ ဖိုလ်၊ဖိုလ်၊ဖိုလ်(ဘဝင်) |

မှတ်ချက်။ သကဒါဂါမိစသော အထက်မဂ်ဝီထိများ၌ ဂေါတြဘု(ဂေါ)နေရာတွင် ဝေါဒါန်(ဝေါ)ပြောင်း၍ မှတ်ပါ။

http://www.dhammadownload.com



## အထက်မဂ်(၃)ပါးဝီထိပုံစံ

| | |
|---|---|
| (ဉာဏ်နုံသူ) | န၊ဒ၊မ၊ ပ၊ဥ၊နု၊ဝေါ၊မဂ်၊ ဖိုလ်၊ဖိုလ်၊(ဘဝင်) |
| (ဉာဏ်ထက်သူ) | န၊ဒ၊မ၊ ဥ၊နု၊ဝေါ၊မဂ်၊ ဖိုလ်၊ဖိုလ်၊ဖိုလ်(ဘဝင်) |

ပရိကံစသည်သဘော

၁။ ပရိကံ-အပ္ပနာဇောဖြစ်ဖို့ရန် ပြုပြင်စီရင်တတ်သော မဟာကုသိုလ်စိတ်။

၂။ ဥပစာ- အပ္ပနာဇော၏ အနီးအပါး၌ ဖြစ်တတ်သော မဟာကုသိုလ်စိတ်။

၃။ အနုလုံ-အောက်ပရိကံဇော-အထက်အပ္ပနာဇောနှင့်လျော်စွာဖြစ်သောစိတ်။

၄။ ဂေါတြဘု-ကာမ(ပုထုဇဉ်)အနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်(အရိယာ)အနွယ်ကို ဖြစ်စေတတ်သော မဟာကုသိုလ်စိတ်။

♦♦♦

## တဒါရုံကျပုံအကြောင်း

တဒါရုံအတွက် အာရုံ(၃)မျိုး

၁။ ဣဋ္ဌာရုံ-အလိုရှိအပ်သော လှသောအဆင်း၊ ကောင်းသောအသံ၊ အနံ့၊ အရသာ၊ အတွေ့စသော နှစ်သက်ဖွယ်အာရုံမျိုးကို 'ဣဋ္ဌာရုံ'ခေါ်၏။

၂။ အနိဋ္ဌာရုံ-အလိုမရှိအပ်သော မလှသောအဆင်း၊မကောင်းသောအသံ၊အနံ့၊ အရသာ၊ အတွေ့စသော မနှစ်သက်ဖွယ်အာရုံမျိုးကို 'အနိဋ္ဌာရုံ'ခေါ်၏။

၃။ အတိဣဋ္ဌာရုံ-အလွန်အလိုရှိအပ်သော ဘုရား၊တရား၊သံဃာစသော အမြတ် အာရုံ၊ အလွန်နှစ်သက်ဖွယ် အကောင်းအာရုံမျိုးတို့ကို 'အတိဣဋ္ဌာရုံ'ခေါ်၏။

ထို(၃)မျိုးတို့တွင် အနိဋ္ဌာရုံကို တွေ့ကြုံရမှုသည် ရှေးအကုသိုလ်ကံကြောင့် ဖြစ်၍ ဣဋ္ဌာရုံနှင့်အတိဣဋ္ဌာရုံတို့ကို တွေ့ကြုံရမှုသည် ရှေးကုသိုလ်ကံကြောင့် ဖြစ်၏။

## အာရုံ(၃)မျိုးတို့၌ တဒါရုံ(ဝိပါက်စိတ်)ဖြစ်ပုံများ

| | |
|---|---|
| (ဝီထိပုံစံ) တီ၊န၊ဒ၊ ပ၊စ၊သံ၊ဏ၊ဝု၊ ဇဇဇဇဇဇဇ၊ | ဒါဒါ၊ (ဘဝင်) |

၁။ဣဋ္ဌာရုံအရာ၌ ကုသလဝိပါက်- ပဉ္စဝိညာဏ်စိတ်(၁)ပါး၊ သမ္ပဋိစ္ဆိုင်း စိတ်(၁)ပါး၊ (ဥပေက္ခာ)သန္တီရဏစိတ်(၁)ပါးနှင့် (ဆိုင်ရာဇောပြီးလျှင်) ကုသလဝိပါက်

http://www.dhammadownload.com



ဥပေက္ခာ-တဒါရုံစိတ်(၅-ပါးတွင်)(၁)ပါးတို့ ဖြစ်၏။

(ဝီထိပုံစံ) တီ၊န၊ဒ၊ ပ၊စ၊သံ၊ဏ၊ဝု၊ ဇဇဇဇဇဇဇ၊ ဒါဒါ၊ (ဘဝင်)

၂။အနိဋ္ဌာရုံအရာ၌ အကုသလဝိပါက်-ပဉ္စဝိညာဏ်စိတ်(၁)ပါး၊ သမ္ပဋိစ္ဆိုင်း စိတ်(၁)ပါး၊ (ဥပေက္ခာ)သန္တီရဏစိတ်(၁)ပါးနှင့် (ဆိုင်ရာဇောပြီးလျှင်) အကုသလ-ဝိပါက်ဥပေက္ခာ(သန္တီရဏ)တဒါရုံစိတ်(၁)ပါးတို့ ဖြစ်၏။

(ဝီထိပုံစံ) တီ၊န၊ဒ၊ ပ၊စ၊သံ၊ဏ၊ဝု၊ ဇဇဇဇဇဇဇ၊ ဒါဒါ၊ (ဘဝင်)

၃။အတိဣဋ္ဌာရုံအရာ၌ ကုသလဝိပါက-ပဉ္စဝိညာဏ်စိတ်(၁)ပါး၊ သမ္ပဋိစ္ဆိုင်း စိတ်(၁)ပါး၊ (သောမနဿ)သန္တီရဏစိတ်(၁)ပါးနှင့် (ဆိုင်ရာဇောပြီးလျှင်) ကုသလ ဝိပါက်- သောမနဿ-တဒါရုံစိတ်(၅-ပါးတွင်)(၁)ပါး ဖြစ်၏။

**မှတ်ချက်။** တဒါရုံသည် သန္တီရဏ(၃)နှင့်မဟာဝိပါက်(၈)အားဖြင့် (၁၁)ပါးရှိရာတွင် ဥပေက္ခာတဒါရုံ(မဟာဝိပါက်-၄၊ သန္တီရဏ-၂+၆)ပါးနှင့် သောမနဿတဒါရုံ (မဟာဝိပါက်-၄၊သန္တီရဏ-၁+၅)ပါးဟု ခွဲထားပါ။

### ဝိပါက်အမှန် ဇောအပြန်

၁။ဝိပါက်(တဒါရုံ)စိတ်တို့၌ အာရုံ(၃)မျိုးအားလျော်စွာ သောမနဿ၊ ဥပေက္ခာ ဝေဒနာယှဉ်ပုံ အမှန်မြဲသည်ကို 'ဝိပါက်အမှန်'ဟု ခေါ်သည်။

၂။ဇော(ကုသိုလ်/အကုသိုလ်)စိတ်တို့၌ အာရုံ(၃)မျိုးအားလျော်စွာ ဝေဒနာယှဉ်ပုံ အမှန်မမြဲသည်ကို 'ဇောအပြန်'ဟု ခေါ်သည်။

### ဝိပါက်လည်းအမှန် ဇောလည်းအမှန်ဖြစ်ပုံ

၁။ဘုရား၊ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ စိတ်ဖောက်ပြန်မှု'ဝိပလ္လာသတရား'မရှိ သောကြောင့် ဝိပါက်နှင့်ကြိယာဇောတို့သည် အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ အမှန်မြဲ သည်ကို 'ဝိပါက်လည်းအမှန် ဇောလည်းအမှန်'ဟု ခေါ်သည်။

### ဝိပါက်အမှန်ဖြစ်သော်လည်း ဇောအပြန်ဖြစ်ပုံ

ပုထုဇဉ်၊သေက္ခပုဂ္ဂိုလ်တို့အား သညာဝိပလ္လာသစသော ဖောက်လွဲဖောက်ပြန်မှု

http://www.dhammadownload.com


မကင်းသောကြောင့် ကုသိုလ်၊အကုသိုလ်ဇောတို့စောရာ၌ အတိဣဋ္ဌာရုံပင် ဖြစ်သော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ၊ အနိဋ္ဌာရုံအဖြစ် ယူ၍ ဥပေက္ခာဇော၊ ဒေါသဇောတို့ စောကုန်၏။

ဥပမာ- ဘုရားစသောအတိဣဋ္ဌာရုံ၌ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် အနိဋ္ဌာရုံအားဖြင့် ယူ၍ ဒေါသဇော။ သဒ္ဓါခေါင်းပါးသူတို့သည် ဣဋ္ဌမဇ္ဈတ္တာရုံအားဖြင့်ယူ၍ ဥပေက္ခာဇောတို့ ဖောက်ပြန်စွာ စောကုန်၏။

အနိဋ္ဌာရုံ၌သော်လည်း ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံအားဖြင့် ယူ၍ သောမနဿဇော၊ ဥပေက္ခာဇောတို့ စောကုန်၏။

ဥပမာ-မစင်၊ခွေးကောင်ပုပ်စသောအနိဋ္ဌာရုံ၌ နက်နဲသောသဘောရှိသူတို့သည် ဣဋ္ဌမဇ္ဈတ္တာရုံအားဖြင့် ယူ၍ ဥပေက္ခာဇော၊ ခွေး၀က်စသည်တို့သည် ဣဋ္ဌာရုံအားဖြင့် ယူ၍ သောမနဿဇောတို့ ဖောက်ပြန်စွာ စောကုန်၏။

ထိုသို့ အာရုံပင်မှန်သော်လည်း နှလုံးသွင်းအားလျော်စွာ ကုသိုလ်၊ အကုသိုလ်ဇောတို့၏ ဝေဒနာယှဉ်ပုံ အမှန်မပြခြင်း(ဖောက်ပြန်ခြင်း)ကို ဇောအပြန်ဟု ခေါ်သည်။

### ဇောနောက်၌ တဒါရုံကျပုံများ

၁။ ကာမဇော(၂၉)ပါးရှိရာတွင် ဥပေက္ခာ-မဟာကြိယာဇော(၄)ပါးနှင့် ဒေါသဇော(၂)ပါး၊ ပေါင်း (၆)ပါးနောက်တွင် ဥပေက္ခာတဒါရုံစိတ်(၆)ပါးတို့ ကျသည်။

၂။ သောမနဿ-မဟာကြိယာဇော(၄)ပါးနှင့် ဟသိတုပ္ပါဒ်ကြိယာဇော(၁)ပါး ပေါင်း(၅)ပါး နောက်တွင် သောမနဿတဒါရုံစိတ်(၅)ပါးတို့ ကျသည်။

၃။ ကျန်သော လောဘဇော(၈)၊မောဟဇော(၂)၊မဟာကုသိုလ်ဇော(၈)ပါး ပေါင်း (၁၈)ပါးနောက်တွင် တဒါရုံ(၁၁)ပါးတို့ လျော်သလို ကျသည်။

လင်္ကာ။ ဥပေက်ကြိယာ၊ ဒေါသ(၆)နောက်၊ တဒါ(၆)တည်း။ ကြိ-သော၊နောက်(၅)၊
ကြွင်းငြား(၁၈)၊ ဇောနောက်ဖြစ်သည်၊ (၁၁)တဒါရုံအပေါင်းတည်း။

### တဒါရုံကျနိုင်သည့်အင်္ဂါ(၃)ပါး

၁။ ဇောသည် ကာမဇောဖြစ်ရခြင်း၊

၂။ သတ္တဝါသည်လည်း ကာမသတ္တဝါဖြစ်ရခြင်း၊

၃။ အာရုံသည်လည်း ကာမအာရုံဖြစ်ရခြင်း(၃)ပါးကြောင့် တဒါရုံ ကျနိုင်၏။

http://www.dhammadownload.com



## လှပသောပန်းတစ်ပွင့်မြင်၍ တဒါရုံကျပုံ

အတီတဘဝင်၊ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒဟုဘဝင်(၃)ကြိမ်ဖြစ်ပြီးလျှင် ကုသလဝိ ပါက်ဖြစ်သော-စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ဝုဋ္ဌော၊ လောဘမူ သောမနဿဇော (၇)ကြိမ်၊ ကုသလဝိပါက်-သောမနဿသတဒါရုံ(၂)ကြိမ်ဖြစ်၍ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## အာရုံနှင့် ဇောနောင်+တဒါရုံကျပုံဇယား

| အာရုံ(၃)မျိုး | ကာမဇောများ(၂၉)ပါး | တဒါရုံ(၁၁)ပါး |
|---|---|---|
| အနိဋ္ဌာရုံ | မဟာကြိ-ဥပေက္ခာဇော(၄)နှင့်<br>ဒေါသဇော-၂ ပါးတို့နောင်<br>လောဘမူ(၈)မောဟ(၂)မဟာကု(၈) | အကုသလဝိပါက်-<br>ဥပေက္ခာ-<br>သန္တီရဏစိတ်(၁)ပါး |
| ဣဋ္ဌာရုံ | မဟာကြိ-ဥပေက္ခာဇော(၄)နှင့်<br>ဒေါသဇော-၂ ပါးတို့နောင်<br>လောဘမူ(၈)မောဟ(၂)မဟာကု(၈) | ကုသလဝိပါက်-ဥပေက္ခာ-<br>သန္တီရဏ(၁)ပါးနှင့်<br>မဟာဝိပါက် ဥပေက္ခာ(၄)ပါး |
| အတိဣဋ္ဌာရုံ | မဟာကြိ-သောမနဿဇော(၄)နှင့်<br>ဟသိတုပ္ပါဒ်ဇော-၁ ပါးတို့နောင်<br>လောဘမူ(၈)မောဟ(၂)မဟာကု(၈) | ကုသလဝိပါက်-သောမနဿ<br>သန္တီရဏ(၁)ပါးနှင့်<br>မဟာဝိပါက်သောမနဿ(၄)ပါး |

## အာဂန္တုက ဘဝင်စိတ်ဖြစ်ပုံ

သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်အား ဒေါသဇောအဆုံး၌ တဒါရုံ ဖြစ်ခွင့်မဖြစ်နိုင်ခဲ့လျှင် ဘဝင်ကျရလိမ့်မည်။ (ထိုဘဝင်သည် သောမနဿ ဘဝင်ဖြစ်က ဒေါသဇောနှင့်ဆန့်ကျင်၏။ ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် မသင့်လျော်)။

ထိုသို့ တဒါရုံလည်း ကျခွင့်မရ၊ ဘဝင်ကျဖို့လည်း အခက်ကြုံနေရာ၌ ရှေးက အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ 'ဥပေက္ခာ သန္တီရဏ' စိတ်သည် အာဂန္တုကဘဝင်ကိစ္စကို ဆောင်ရွက်လျက် ဖြစ်လာရသည်။ ထို့နောင်မှ မူလပဋိသန္ဓေစိတ်သည် ဘဝင်ကိစ္စကျ၍ ဖြစ်၏။

http://www.dhammadownload.com



## အာဂန္တုကဘဝင်ဝီထိပုံစံ

(တီ၊နေ၊ဒ၊ ပ၊စ၊သံ၊ဏ၊ဝု၊ ဇဇဇဇဇဇဇ၊ ဘ ဘ။ (တဒါရုံအစား)

မှတ်ချက်။ သောမနဿဖြင့်ပဋိသန္ဓေနေခဲ့သူ တိက္ခတို့အား ဘုရားအာရုံမြင်ရာ၌ ဒေါသဇော (၇)ကြိမ်၊ ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တုကဘဝင်(၁)ကြိမ်ဖြစ်ပြီးမှ မဟာဝိပါက် သောမနဿ(၄)ပါးတွင် တစ်ပါးပါးသည် ဘဝင်အဖြစ်(၁)ကြိမ်။

### အာဂန္တုကဘဝင်ကျနိုင်သည့်အင်္ဂါ(၃)ပါး

၁။ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊
၂။ ဒေါသဇောနောက်တွင် ဖြစ်ခြင်း၊
၃။ တဒါရုံမကျနိုင်ခြင်းတို့ ဖြစ်သည်။

♦♦♦

## ဇောဇောပုံများအကြောင်း

### (၁)ကြိမ်ဇောသောဇောများ

၁။အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာဝီထိ၌ မဟဂ္ဂုတ်ဈာန်ဇော၊ အဘိညာဏ်ဇော။ မဂ္ဂဝီထိ၌ မဂ်ဇော။ နိရောဓသမာပတ်မှထသောအခါ အနာဂါမ်အား အနာဂါမိဖိုလ်ဇော၊ ရဟန္တာအား အရဟတ္တဖိုလ်ဇောတို့သည် (၁)ကြိမ်သာ ဇော၏။

### (၂)ကြိမ်ဇောသောဇောများ

၂။နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာယတနကုသိုလ် ကြိယာ ဇောများနှင့် မဂ္ဂဝီထိ၌ မန္ဒပုဂ္ဂိုလ်အား မဂ်၏အခြားမဲ့ဖိုလ်ဇောတို့ (၂)ကြိမ် ဇော၏။

### (၃)ကြိမ်ဇောသောဇောများ

၃။မဂ္ဂဝီထိ၌ တိက္ခပုဂ္ဂိုလ်အား မဂ်ဇော(၁)ကြိမ်ဖြစ်ပြီးသည်၏ အခြားမဲ့၌ ဖိုလ်ဇောများ၊ ကာမာဝစရ ဥပစာရသမာဓိဇောများသည် (၃)ကြိမ် ဇော၏။

### (၄)ကြိမ်ဇောသောဇောများ

မြတ်စွာဘုရားရှင် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာပြရာအခါ ပစ္စဝေက္ခဏာ

http://www.dhammadownload.com



ဇောများ၊ ဥပစာရသမာဓိဇောများ (၄)ကြိမ် စော၏။

### (၅)ကြိမ်စောသောဇောများ

သေခါနီးအခါ၊ မိန်းမောတွေဝေသောအခါစသည်တို့၌ ကာမဇောများ၊ အဂ္ဂသာဝက၊မဟာသာဝကကြီးများ တန်ခိုးပြရာအခါ ပစ္စဝေက္ခဏာဇောများ (၅)ကြိမ် စော၏။

### (၆/၇)ကြိမ်စောသောဇောများ

ပကတိအခါ ကာမဇောများသည် (၆)ကြိမ်(၇)ကြိမ် စော၏။

### အကြိမ်များစွာစောသောဇောများ

ဈာနသမာပတ်ဝီထိ၊ ဖလသမာပတ်ဝီထိတို့၌ ဈာန်ဇော၊ဖိုလ်ဇောများ အကြိမ် များစွာ စော၏။

### နိရောဓသမာပတ်ဟူသည်

နိရောဓသမာပတ်ဟူသည် စိတ်၊စေတသိက်၊စိတ္တဇရုပ်တရားများ ချုပ်ငြိမ်းမှုသို့ ရောက်ခြင်းကို နိရောဓသမာပတ်ဟု ခေါ်၏။ နိရောဓသမာပတ်ဝင်စားနေစဉ် ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များသာ ကျန်ရှိ၏။

နိရောဓသမာပတ်ကို မဝင်စားခင်၌ နေဝသညာ၊ နာသညာယတန ကုသိုလ်၊ကြိယာဇော(၂)ကြိမ် ဖြစ်၏။ ဝင်စားပြီးချိန်၌ အနာဂါမ်အား အနာဂါမ်ဖိုလ်ဇော၊ ရဟန္တာအား ရဟန္တာဖိုလ်ဇောတို့ ဖြစ်သည်။ ထိုနိရောဓသမာပတ်ကို သမာပတ်နှင့် ပြည့်စုံသော အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်သည်။

### နိရောဓသမာပတ္တိဝီထိပုံစံ

| | |
|---|---|
| န၊ဒ၊မ၊ ပ၊ဥ၊နု၊ဂေါ၊ ပထမဈာန်(အကြိမ်များစွာ)ဘဝင်၊ | ဉာဏ်နိ့ |
| န၊ဒ၊မ၊ ဥ၊နု၊ဂေါ၊ ပထမဈာန်(အကြိမ်များစွာ) ဘဝင်၊ | ဉာဏ်ထက် |

http://www.dhammadownload.com


### သေသူနှင့် နိရောဓသမာပတ်ဝင်စားသူအထူး

သေသူတို့အား သင်္ခါရ(၃)ပါးလုံးလည်း မရှိ။ အသက်ဇီဝိတလည်း မရှိ။ ကမ္မဇတေဇောလည်းမရှိ။ ဣန္ဒြေတို့လည်း ပျက်စီး၏။

နိရောဓသမာပတ်ဝင်စားသူအား သင်္ခါရ(၃)ပါး မရှိသော်လည်း အသက်မသေ။ ကမ္မဇတေဇောမငြိမ်း။ ဣန္ဒြေတို့လည်း မပျက်စီးပါ။

♦ ♦ ♦

### ဓမ္မဝိဋ္ဌာန်များ

၁။မဂ်စိတ်ဖြစ်ကြား တစ်ဖွားဖွားဟူသည်မှန်/မမှန်- မဂ်စိတ်(၁)ကြိမ်သာဖြစ်။

၂။'အကုသိုလ်တစ်သက် မဂ်တစ်ချက်'စကား သင့်/မသင့်- မဂ်စိတ်သည် တစ်ကြိမ်တည်းဖြင့်ပင် ဆိုင်ရာကိလေသာကို အမြစ်ပြတ်ပယ်သတ်နိုင်၍ သင့်။

၃။မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်/မမြင်- မဂ်ရပြီးဖိုလ်ဇောများ ဆက်ကာဖြစ်သောကြောင့် နိဗ္ဗာန်မြင်မှု ဖြစ်၏။

၄။သတ္တဝါများ မသေခင်အချိန်နှင့် သေခါနီးအချိန်တို့ ဇောစိတ်ဖြစ်ပုံတူ/မတူ- မသေခင်၌ (၆)ကြိမ်/(၇)ကြိမ်၊ သေခါနီး၌(၅)ကြိမ်။

♦ ♦ ♦ ♦ ♦

### ပုဂ္ဂိုလ်အမျိုးအစားနှင့် ရသောစိတ်များအကြောင်း

#### ပုဂ္ဂိုလ်(၁၂)ယောက်

ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်။ အရိယာပုဂ္ဂိုလ်(၈)ယောက်၊ ပေါင်း (၁၂)ယောက် ဖြစ်၏။

၁။**ဒုဂ္ဂတိအဟိတ်**-အကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ်ဖြင့် (အပါယ်လေးဘုံ၌) ပဋိသန္ဓေတည်နေလျက် ဟိတ်မရှိသောပုထုဇဉ်။

၂။**သုဂတိအဟိတ်**-ကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ်ဖြင့် (လူဘုံ၊ စတုမဟာရာဇ်ဘုံတို့၌) ပဋိသန္ဓေတည်နေလျက် ဟိတ်မရှိသောပုထုဇဉ်။

၃။**ဒွိဟိတ်**-ဉာဏဝိပ္ပယုတ်၊ မဟာဝိပါက်စိတ်(၄)ပါးဖြင့် (ကာမသုဂတိဘုံ၌) ပဋိသန္ဓေတည်နေလျက် အလောဘ၊အဒေါသဟိတ်(၂)ပါးရှိသောပုထုဇဉ်။

http://www.dhammadownload.com


၄။တိဟိတ်-ဉာဏသမ္ပယုတ်၊ မဟာဝိပါက်စိတ်(၄)ပါး(မဟဂ္ဂုတ်ဝိပါက်-၉-ပါး)ဖြင့် (ကာမသုဂတိ၊ရူပ၊အရူပဘုံတို့၌) ပဋိသန္ဓေတည်နေလျက် အလောဘ၊ အဒေါသ၊ အမောဟဟိတ်(၃)ပါးရှိသောပုထုဇဉ်။

## တိဟိတ်ပုဂ္ဂိုလ်(၉)ယောက်

တိဟိတ်ပုထုဇဉ်နှင့်အရိယာပုဂ္ဂိုလ်(၈)ယောက်တို့သည် တိဟိတ်ပုဂ္ဂိုလ်မည်၏။

## သေက္ခနှင့် အသေက္ခ

၁။ သိက္ခာသုံးပါးကို ကျင့်ဆဲ (တိဟိတ်ပုထုဇဉ်နှင့်အောက်အရိယာ-၇-ယောက်)ပုဂ္ဂိုလ်တို့သည် သေက္ခ မည်၏။

၂။ သိက္ခာသုံးပါးကို ကျင့်ပြီး(ရဟန္တာ)ပုဂ္ဂိုလ်များသည် အသေက္ခ မည်၏။

မှတ်ချက်။ ပုထုဇဉ်(၄)ယောက်တွင် တိဟိတ်ပုဂ္ဂိုလ်သာ ကျင့်ကြံအားထုတ်သဖြင့် ဤဘဝ၌ ဈာန်၊မဂ်၊ဖိုလ်တို့ ရနိုင်သည်။ ကျန်ပုထုဇဉ်များ အပွနာဇောမဇောနိုင်။

## ပုဂ္ဂိုလ်(၁၂)ယောက်တို့၌ ဖြစ်နိုင်သောစိတ်များ

| | | |
|---|---|---|
| ဒုဂ္ဂတိအဟိတ် | အကု(၁၂)/ဟသိ-ကြဉ်အဟိတ်(၁၇)/မဟာကု(၈) | ၃၇ |
| သုဂတိအဟိတ်-ဒွိဟိတ်တူ | အကု(၁၂)/ဟသိ-ကြဉ်အဟိတ်(၁၇)/မဟာကု(၈)/ မဟာဝိပါက်ဉာဏဝိပ္ပယုတ်(၄) | ၄၁ |
| တိဟိတ် | အကု(၁၂)/ဟသိ-ကြဉ်အဟိတ်(၁၇)/မဟာကု(၈)/ မဟာဝိပါက်စိတ်(၈)/ (ဈာန်ရလျှင်-မဟဂ္ဂုတ်ဝိ+၉) | ၄၅ |
| သောတာပန် သကဒါဂါမ်တူ | ဒိဋ္ဌိ-ဝိစိကြဉ်အကု(၇)/ဟသိ-ကြဉ်အဟိတ်(၁၇)/မဟာကု(၈)/ မဟာဝိပါက်(၈)/ဆိုင်ရာမဂ်/ဖိုလ်(၁)(ဈာန်ရ-မဟဂ္ဂုတ်ဝိ+၉) | ၄၁ |
| အနာဂါမ် | ဒိဋ္ဌိ-ဝိစိ-ဒေါကြဉ်အကု(၅)ဟသိကြဉ်အဟိတ်(၁၇)မဟာကု(၈) မဟာဝိပါက်(၈)/အနာဂါမိမဂ်/ဖိုလ်(၁)(ဈာန်ရ-မဟဂ္ဂုတ်ဝိ+၉) | ၃၉ |
| ရဟန္တာ | အဟိတ်(၁၈)/ မဟာကြိ(၈)/ (တဒါရုံ)မဟာဝိပါက်(၈) အရဟတ္တဖိုလ်(၁) (ဈာန်ရ-မဟဂ္ဂုတ်ဝိ-၉) | ၃၅ |

http://www.dhammadownload.com



## သီးခြားရနိုင်သောစိတ်များ

၁။ဒိဋ္ဌိဂုတသမ္ပယုတ်စိတ်(၄)ပါး၊ ဝိစိကိစ္ဆာ(၁)ပါးတို့သည် အရိယာတို့၌မဖြစ်သဖြင့် ပုထုဇဉ်တို့သာ ရ၏။ လောကုတ္တရာစိတ်(၈)ပါးသည် အရိယာတို့၌သာဖြစ်၍ ပုထုဇဉ်တို့ မရနိုင်။

၂။အရဟတ္တဖိုလ်ကြဉ်လောကုတ္တရာစိတ်(၇)ပါးတို့သည် သေက္ခတို့သာ ရ၏။

၃။အာဝဇ္ဇန်းဒွေကြဉ် ကြိယာစိတ်(၁၈)ပါး၊ အရဟတ္တဖိုလ်စိတ်(၁)ပါးတို့သည် ရဟန္တာတို့၌သာ ဖြစ်၍၊ ပုထုဇဉ်၊သေက္ခတို့၌ မရနိုင်။ အကုသိုလ်ဓော(၁၂)၊ ကုသိုလ်(၂၁)တို့သည် ရဟန္တာတို့၌ မဖြစ်။ ပုထုဇဉ်သေက္ခတို့၌သာ ဖြစ်၏။

♦♦♦

## ဓမ္မဓိဋ္ဌာန်များ

၁။မျက်စိမြင်သော်လည်း ဉာဏ်အမြင် မရှိနိုင်သောပုဂ္ဂိုလ်များမှာ-ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ဒွိဟိတ်ပုဂ္ဂိုလ်များ။

၂။မျက်စိလည်းမြင် ဉာဏ်လည်းမြင်နိုင်သူများမှာ-တိဟိတ်ပုဂ္ဂိုလ်(၉)ယောက်။

၃။အဟိတ်လူစိတ်နှင့် တိရစ္ဆာန်စိတ်တို့ ကွာခြားမှုမှာ- အဟိတ်လူသား၌ စိတ်(၄၁)ပါးရ၍ တိရစ္ဆာန်များ၌ (ဒုဂ္ဂတိအဟိတ်)စိတ်(၃၇)ပါးသာ ရသည်။

၄။ကံကံ၏အကျိုးမရှိဟူသော အယူမှား သောတာပန်များမှာ ရှိ/မရှိ။ မရှိပါ။

၅။နှလုံးသားမှာ အစဉ်ထားဝရ အမုန်းမထား မေတ္တာပွားလေ့ရှိသူများမှာ- ဒေါသပယ်ပြီးကြသော အနာဂါမ်နှင့် ရဟန္တာများ။

၆။'တစ်ဘဝယ် နှစ်ခါမသေလို့ အမုန်တကယ် သေမှာမကြောက်'သူများမှာ- ဒေါသပယ်ပြီးသော အနာဂါမ်နှင့် ရဟန္တာများ။

၇။သေလည်းသေ ရှင်လည်းရှင်မည့်သူများ- ပုထုဇဉ်(၄)၊အောက်ဖလဋ္ဌာန်(၃)။

၈။သေလည်းမသေ ရှင်လည်းမရှင်သူများ-မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်။

၉။သေသာသေ မရှင်တော့မည့်သူများ- (ဘုရား)ရဟန္တာပုဂ္ဂိုလ်များ။

♦♦♦♦♦

http://www.dhammadownload.com


## ဘုံများနှင့် ရသောစိတ်များ

၁။ကာမ(၁၁)ဘုံတို့၌ မဟဂ္ဂုတ်ဝိပါက်(၉)ပါးကြဉ် ဝီထိစိတ်(၈၀)တို့ကိုရ၏။
မှတ်ချက်။ မဟဂ္ဂုတ်ဝိပါက်(၉)ပါးသည် ဝီထိဝိမုတ်စိတ်ဖြစ်၍ မရ။

၂။ရူပ(၁၅)ဘုံတို့၌ ဒေါသမူကြဉ်အကုသိုလ်(၁၀)ပါး၊ ဃာန၊ဇိဝှါ၊ကာယ ဝိညာဏ် ကြဉ်အဟိတ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်(၈)မဟာကြိယာ(၈)၊ မဟဂ္ဂုတ် ကုသိုလ်(၉) မဟဂ္ဂုတ်ကြိယာ(၉)လောကုတ္တရာစိတ်(၈)၊ ပေါင်း (၆၄)ပါး ရ၏။
မှတ်ချက်။ ဝီထိစိတ်(၈၀)တွင် ဒေါသ(၂)၊ဃာနစသည်(၆)၊မဟာဝိပါက်(၈)၊ ပေါင်း(၁၆)မရ။

၃။ အရူပ(၄)ဘုံတို့၌ ဒေါသကြဉ်အကုသိုလ်(၁၀)မနောဒွါရာဝဇ္ဇန်း၊ မဟာ ကုသိုလ် (၈)၊မဟာကြိယာ(၈)အရူပကုသိုလ်(၄)အရူပကြိယာ(၄)သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ်(၇)ပေါင်း (၄၂)ပါး ရ၏။

၄။ အသညသတ်ဘုံ၌ကား ရုပ်ဇီဝိတနဝက ကလာပ်သာရှိသောကြောင့် ဝီထိစိတ် လုံးဝမရ။

♦♦♦

## မေးမြန်းခွန်းများ

၁။ပဋိသန္ဓေစိတ်မရှိဘဲ ဘဝရပ်တည်နေသူများမှာ- အသညသတ်ဗြဟ္မာများ။
၂။နှလုံးသားမရှိသောသတ္တဝါများမှာ- အသညသတ်နှင့် အရူပဘုံသားများ။
၃။ရူပဗြဟ္မာကြီးများသည် စိတ်ဆိုးခြင်းရှိ/မရှိ- ဒေါသမရ၍ မရှိ။
၄။ဗြဟ္မာကြီးများ ပြုံးရယ်မှုပြု/မပြု-ရူပဘုံ၌ဟသိတုပ္ပါဒ်ရ၍ အရူပဘုံ၌ကား မရသောကြောင့် ရူပဗြဟ္မာကြီးများသာ ပြုံးရယ်မှုပြုသည်။
၅။အရူပဘုံ၌ ပုထုဇဉ်ဗြဟ္မာကြီး သောတာပန်ဖြစ်နိုင်/မဖြစ်နိုင်- အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရသောကြောင့် မဖြစ်နိုင်။
၆။စိတ်စွဲဆောင်ရာ ကိုယ်မပါနိုင်သောသတ္တဝါမှာ- အသညသတ်ဗြဟ္မာ။
၇။သတ္တဝါများသန္တာန်၌ စိတ်အစဉ်ဖြစ်နေပုံမှာ- အာရုံထင်မှုကြောင့် စက္ခု စသောဒွါရ(၆)ပါးမှ တစ်ဝီထိနှင့်တစ်ဝီထိကြား ဘဝင်ခြားလျက် ဆက်ကာဆက်ကာ ဖြစ်နေသည်။
၈။ဝီထိစိတ်မဖြစ်ရာအခါများမှာ-နိရောဓသမာပတ်ဝင်စားချိန်၊ ဘဝင်ကျချိန်။

http://www.dhammadownload.com


၉။သိစိတ်နှင့် မသိစိတ်ဟူသည်- ဝီထိစိတ်သည် သိစိတ်၊ ဘဝင်စိတ်သည် မသိစိတ်။

၁၀။ပဋိသန္ဓေနှင့် စုတိအကြား ဘဝတစ်ခုအတွင်း သင့်သန္တာန်တွင် ဖြစ်ပေါ်နေသောစိတ်များမှာ- ဒွါရ(၆)ပါးမှဖြစ်သော ဝီထိစိတ်နှင့် ဒွါရလွတ် ဘဝင်စိတ်များ။

**ဝီထိပိုင်းပြီး၏။**

♦♦♦♦♦

http://www.dhammadownload.com



# (၅)ဝီထိမုတ်ပိုင်း
(ဝီထိစိတ်မှလွတ်သောတရားများ)

## ဝီထိမုတ်တို့၏သဘော

ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စများကို ဆောင်ရွက်သော ဥပေက္ခာသန္တီရဏ(၂)ပါး၊ မဟာဝိပါက်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်(၉)ပါးတို့သည် ဝီထိစိတ်တို့တွင် မပါဝင်သော ကြောင့် 'ဝီထိမုတ်စိတ်'ဟု ခေါ်၏။

ထိုစိတ်(၁၉)ပါးတို့ကိုအကြောင်းပြု၍ ခန္ဓာငါးပါးတို့၏ ဖြစ်တည်ရာ-ဘုံ၊ ခန္ဓာငါးပါးတို့ စတင်မွေးဖွားမှု-ပဋိသန္ဓေ၊ ပြုလုပ်အားထုတ်မှု-ကံ၊ ဘဝတစ်ခု အဆုံးသတ်မှု-သေခြင်းတရားတို့ကို ပြဆိုရာအပိုင်းကို 'ဝီထိမုတ်ပိုင်း'(ဘုံပိုင်း)ဟု ခေါ်၏။

### စတုက္ကတရား(၄)မျိုး

| | |
|---|---|
| ၁။ ဘူမိ-စတုက္က | ဘုံ(၄)မျိုး- |
| ၂။ ပဋိသန္ဓိ-စတုက္က | ပဋိသန္ဓေ (၄)မျိုး |
| ၃။ ကမ္မ-စတုက္က | ကံတရား (၄)မျိုး |
| ၄။ မရဏုပ္ပတ္တိ-စတုက္က | သေခြင်းတရား(၄)မျိုး |

### ဘုံ(၄)မျိုးနှင့် (၃၁)ဘုံအကြောင်း

| | |
|---|---|
| (၁)အပါယ်(၄)ဘုံ | ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ်။ |
| (၂)ကာမသုဂတိ(၇)ဘုံ | လူ၊ပြည်၊စတုမဟာရာဇ်၊တာဝတိံသာ၊ယာမာ၊ တုသိတာ၊နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ |
| (၃)ရူပ(၁၆)ဘုံ- | ပထမစျာန်(၃)၊ ဒုတိယစျာန်(၃) တတိယစျာန်(၃)၊စတုတ္ထစျာန်(၇) |
| (၄)အရူပ(၄)ဘုံ | အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန |

မှတ်ချက်။ အပါယ်(၄)ဘုံနှင့် ကာမသုဂတိ(၇)ဘုံကို ကာမ(၁၁)ဘုံဟုလည်းကောင်း၊ ရူပ(၁၆)ဘုံနှင့် အရူပ(၄)ဘုံတို့ကို ဗြဟ္မာ့ဘုံ(၂၀)ဟုလည်းကောင်း ခေါ်၏။

http://www.dhammadownload.com


### ဘုံ(၄)မျိုးနှင့် ဖြစ်ရာပုဂ္ဂိုလ်များ

သတ္တဝါ(ခန္ဓာငါးပါး)တို့၏ ဖြစ်တည်ရာအရပ်တို့ကို(ဘူမိ)'ဘုံ'ဟု ခေါ်သည်။

၁။ချမ်းသာခြင်းကင်းသောသတ္တဝါတို့၏ ဖြစ်ရာအရပ်သည် အပါယ်ဘုံ မည်၏။

၂။ကာမတဏှာဖြင့် ကောင်းသူတို့၏ လားရောက်ရာအရပ်သည် ကာမသုဂတိဘုံ မည်၏။

၃။ရူပတဏှာဖြင့် ဖြစ်ရာသတ္တဝါတို့၏ လားရာအရပ်သည် ရူပဘုံ မည်၏။

၄။အရူပတဏှာဖြင့် ဖြစ်ရာသတ္တဝါတို့၏ လားရာအရပ်သည် အရူပဘုံမည်၏။

### ခန္ဓာအားဖြင့် (၃၁)ဘုံခွဲပုံ

၁။ ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့ကို ခန္ဓာငါးပါး ရှိသောကြောင့် ပဉ္စဝေါကာရ(၂၆)ဘုံ ခေါ်၏။

၂။ အရူပ(၄)ဘုံတို့ကို ခန္ဓာလေးပါးရှိသောကြောင့် စတုဝေါကာရဘုံ ခေါ်၏။

၃။ အသညသတ်ဘုံကို ခန္ဓာတစ်ပါးရှိသောကြောင့် ဧကဝေါကာရဘုံ ခေါ်၏။

### ဘုံတို့၏တည်ရာအရပ်များ

၁။ ကမ္ဘာမြေပြင်ပေါ်၌ လူအပါအဝင်၊ တိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ်တို့ တည် နေကြ၏။ ဘုံသီးခြားမရှိ၍ ခန္ဓာငါးပါးတို့၏ ဖြစ်ရာအရပ်ကိုပင် ဘုံဟု သတ်မှတ်၏။

### အသုရကာယ-'အသုရာအပေါင်း'

အသုရာတို့သည်(၁)ဝေပစိတ္တိနတ်အသုရာ၊ (၂)ဝိနိပါတိကအသုရာ၊ (၃)ဝေမာနိကအသုရာ၊ (၄)လောကန္တရိတ်အသုရာ၊(၅)ကာလကဥ္စကအသုရာဟု(၅)မျိုး ရှိ၏။ ဝေပစိတ္တိအသုရာတို့သည် တာဝတိံသာနတ်တို့နှင့် ဘုံတူ၏။ ထိုနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် 'အသုရာနတ်' ခေါ်၏။

၂။ ကမ္ဘာမြေအောက်၌ ယူဇနာ(၁၅၀၀၀)ဝေးကွာရာ အရပ်မှစ၍ သိဉ္ဇိုဝ်းငရဲ၊ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝ၊မဟာရောရုဝ၊တာပန၊ မဟာတာပန၊ အဝီစိ ဟူသော ငရဲကြီး(၈)ထပ်တို့သည် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ(၁၅၀၀၀)စီ ဝေးကွာလျက် တည်ရှိကြ၏။ (စုစုပေါင်း=ယူဇနာ ၁၂၀၀၀၀-)

http://www.dhammadownload.com



၃။ကမ္ဘာမြေပြင်အပေါ်၌ ယူဇနာ(၄၂၀၀၀)မြင့်သော ယုဂန္ဓိုရ်တောင်ထိပ်မှစ၍ မြေပြင်အထိ စတုမဟာရာဇ်နတ်ဘုံ တည်၏။

ယူဇနာ(၈၄၀၀၀)မြင့်သော မြင့်မိုရ်တောင်ထိပ်မှစ၍ စကြာဝဠာတိုင်းအထိ တာဝတိံသာနတ်ဘုံ တည်၏။

ယာမာ၊တုသိတာ၊နိမ္မာနရတိ၊ပရနိမ္မိတဝသဝတ္တီနတ်ပြည်တို့လည်း အထက်သို့ ယူဇနာ(၄၂၀၀၀)စီ မြင့်တက်ကုန်၏။

၄။နတ်ပြည်မှ ဗြဟ္မာ့ပြည်(၂၀)သို့ ယူဇနာ(၅၅၀၈၀၀၀)စီ မြင့်တက်၏။

**လင်္ကာ**။ သဏ္ဌိုဝ်း,ကာလ၊ သံဃာတနှင့် ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ်အဝီစိ။

သောင်းငါးထောင်စီ၊ သချာညီ၊ ရှစ်လီငရဲရွာ။

လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင်နတ်ခြောက်ရွာ။

ငါးသန်း-ငါးသိန်း၊ ရှစ်ထောင်ချိန်း၊ တွက်ကိန်းဗြဟ္မာ့ရွာ။

## ကမ္ဘာ့ပထဝီတည်နေပုံအကျဉ်း

ကမ္ဘာမြေကြီးသည် လူနတ်တို့နှင့်တကွ တော၊တောင်၊သမုဒ္ဒရာ၊ သီဒါခုနစ်တန်၊ အိုင်ခုနစ်ထွေ၊ တောင်ခုနစ်ထပ်၊ မြင်းမိုရ်တောင်တို့၏ တည်ရာဖြစ်၏။ ထိုကမ္ဘာမြေကို ရေအပြင်က အောက်မှခံ၏။ ထိုရေကို လေအပြင်က ထောက်ကန်ထား၏။ ထိုလေသည် အောက်-အဇဋာကာသ ကောင်းကင်ကြီး၌တည်၏။ တစ်စုံတစ်ရာ အခုအခံဟူ၍ မရှိပေ။

(၁)ကမ္ဘာမြေပြင်သည် ယူဇနာပေါင်း(၂၄၀၀၀၀)ထုရှိ၏။

(၂)ကမ္ဘာမြေကို ခုခံထားသော ရေပြင်သည် ယူဇနာ(၄၈၀၀၀၀)ထု ရှိ၏။

(၃)မြေနှင့်ရေကို ခုခံထားသော လေပြင် ယူဇနာ(၉၆၀၀၀၀)ထု ရှိ၏။

ရေပြင်၏အထက်တွင် သိလာပထဝီခေါ် ကျောက်ဖျာကြီးများ ဖုံးအုပ်တည်ရှိ၏။ (အောက်လေ+နံဘေးပတ်လည်လေ+ အထက်ကျောက်ဖျာ၊ ရေစစ်အတွင်းမှ ရေနှင့်တူ)

**လင်္ကာ**။ နှစ်သိန်းလေးသောင်း၊ အထုပေါင်း၊ တည်ရှောင်း ရေထက်-မြေ။

လေးသိန်းရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်း လေထက်-ရေ။

ကိုးသိန်းခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်း အောက်ခံ-လေ။

ကမ္ဘာ့ရေပေါ်၌တည်ရှိသော ကမ္ဘာ့မြေ(၂၄၀၀၀၀)အထုတွင် အောက်မှ သိလာပထဝီခေါ် ကျောက်မြေသည်(၁၂၀၀၀၀)ရှိ၍ အထက်၌ ပံသုပထဝီခေါ်ရွှံ့မြေသည်

http://www.dhammadownload.com



(၁၂၀၀၀၀)ထုရှိ၏။ ကျောက်မြေသည် ကျောက်ပြင်အဝိုင်းကြီးတွေပမာ ဖြစ်၏။

ယင်းကျောက် ခွက်ဝိုင်းကြီးကိုပင် စကြာဝဠာတစ်ခုဟု ခေါ်၏။ စကြာဝဠာတောင်ခေါ်သော ကမ္ဘာ့ လက်ရန်းကြီးများလည်း ပံသုပထဝီ၏ပတ်လည်မှ တက်၍ပေါ်ပေါက်၏။

မြင်းမိုရ်တောင်သည် ကျောက်ခွက်ဝိုင်းကြီး၏ အလယ်ဗဟိုတည့်တည့်မှ ပေါက်လာသဖြင့် ကမ္ဘာ့ချက်ကြီးဟု ခေါ်သည်။ စကြာဝဠာတောင်နှင့် မြင်းမိုရ်တောင်တို့အကြားတွင် ပံသုပထဝီ တည်ရှိလေသည်။

မြင်းမိုရ်တောင်သည် မြေပြင်မှ ယူဇနာ(၁၆၈၀၀၀)မြင့်တက်၏။ မြင်းမိုရ်တောင်ကြီးကို တံတိုင်းကြီးခုနစ်ထပ် ဝန်းရံရစ်ပတ်ထားသကဲ့သို့ တောင်ခုနစ်လုံးတို့သည် အစဉ်အတိုင်း ထက်ဝက်စီနိမ့်ရှိုင်းလျက် ပတ်လည်ခွေ တည်နေကုန်သဖြင့် မြင်းမိုရ် တောင်သို့ တက်နိုင်ရန် လှေခါးစောင်းတန်းကြီးများသဖွယ် တည်ရှိနေ၏။

ထိုတောင်ခုနစ်ထွေ၏အကြားအကြားတွင် အေးမြလှသည့် ရေတို့ဖြင့်ပြည့်သော သီဒါသမုဒ္ဒရာခုနစ်ခုတို့လည်း ရပ်ပတ်ခွေလျက် တည်နေကုန်၏။ တောင်ခုနစ်ထွေ၏အပြင်ဘက်၌လည်း မြင်းမိုရ်တောင်၏ လေးဘက်ဝန်းကျင် အရပ်လေးမျက်နှာတို့တွင် ကျွန်းကြီး(၄)ကျွန်းတို့ တည်ရှိနေလေသည်။

### ကျွန်းကြီး(၄)ကျွန်းနှင့် အသက်တမ်းများ

၁။မြင်းမိုရ်တောင်အရှေ့ဘက်တွင် အရှေ့ကျွန်း(ပုဗ္ဗဝိဒေဟ) နှစ်(၇၀၀)၊
၂။မြင်းမိုရ်တောင်အနောက်ဘက်တွင် အနောက်ကျွန်း(အပရဂေါယာန) နှစ်(၅၀၀)
၃။မြင်းမိုရ်တောင်အမြောက်ဘက်တွင် မြောက်ကျွန်း(ဥတ္တရကုရု)နှစ်(၁၀၀၀)
၄။မြင်းမိုရ်တောင် တောင်ဘက်တွင် တောင်ကျွန်း(ဇမ္ဗူဒီပါ)အမြဲမရှိ။

ဇမ္ဗူသပြေပင် အမှတ်ရှိရာ တောင်ကျွန်းကို ဟိမဝန္တာ၊ဂန္ဓမာဒန၊ကေလာသ၊ စိတ္တကူဋစသောတောင်ကြီးများ၊ ဂင်္ဂါ၊ယမုံနာ၊အသရဘူ၊အစရဝတီ၊မဟီဟူသော မြစ်ကြီး များ၊အနေတတ္တ၊ဆဒ္ဒန္တစသောအိုင်ကြီးများဖြင့် တန်ဆာဆင်ထား၏။ လင်္ကာဒီပ၊ နာဂဒီပစသော ကျွန်းငယ်များဖြင့် ဝန်းရံထား၏။ ဘုရားပစ္စေကဗုဒ္ဓါစသည်တို့ ဖြစ်ထွန်းရာ ကျွန်းမြတ်ပဒေသာဖြစ်သောကြောင့် 'ဇမ္ဗူဒီပါ၊ လက်ျာတောင်ကျွန်း၊ နိမိတ်ထွန်း' ဟု ဆိုပေသည်။

လင်္ကာ။ ရှေ့ ခုနှစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာတစ်ထောင်မြဲ။

http://www.dhammadownload.com



### ပုဂ္ဂိုလ်(၁၂)ယောက်နှင့် ဖြစ်ရာဘုံများ

၁။ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်များ- အပါယ်(၄)ဘုံ၌ ဖြစ်၏။

၂။ သုဂတိအဟိတ်ပုထုဇဉ်များ- ဝိနိပါတိကနတ်၊ လူဆွံ့လူအ၊ အသညသတ် ဗြဟ္မာတို့၌ ဖြစ်၏။

၃။ ဒွိဟိတ်ပုထုဇဉ်များ- လူနှင့် နတ်တို့၌ ဖြစ်၏။

၄။ တိဟိတ်ပုထုဇဉ်များ- လူနှင့် နတ်၊ ဗြဟ္မာတို့၌ ဖြစ်၏။

၅။ ပုထုဇဉ်တို့ ဖြစ်ရာဘုံများမှာ- အသညသတ်ဘုံနှင့် အပါယ်(၄)ဘုံ။

၆။ အရိယာများသာ ဖြစ်ရာဘုံများမှာ- သုဒ္ဓါဝါသ(၅)ဘုံ။

၇။ ပုထုဇဉ်၊အရိယာနှစ်မျိုးလုံးဖြစ်ရာဘုံများမှာ- ကာမသုဂတိ(၇)ဘုံ၊ အသညသတ်နှင့် သုဒ္ဓါဝါသတို့မှတစ်ပါး-ရူပ(၁၀)ဘုံ၊အရူပ(၄)ဘုံ၊ ပေါင်း (၂၁)ဘုံ။

၈။ သုဒ္ဓါဝါသဘုံ၌ ဖြစ်သောပုဂ္ဂိုလ်များမှာ- အနာဂါမ်နှင့် ရဟန္တာများဖြစ်၍ မဖြစ်သောပုဂ္ဂိုလ်များမှာ ပုထုဇဉ်နှင့် သောတာပန်၊သကဒါဂါမ်များ ဖြစ်၏။

၉။ အရိယာပုဂ္ဂိုလ်များ မဖြစ်ရာဘုံများမှာ- အပါယ်(၄)ဘုံနှင့် အသည သတ်ဘုံ၊ ပုထုဇဉ်များ မဖြစ်ရာဘုံများမှာ သုဒ္ဓါဝါသ(၅)ဘုံ။

လင်္ကာ။ ဒု-သု-ဒွိ-တိ၊ ရှစ်အရိ၊ မှတ်ဘိ ဆယ့်နှစ်ယောက်။

### ဘဝဂ်(၃)မျိုး

၁။ ဝေဟပ္ဖိုလ်ဘုံ -ပုထုဇဉ်တို့ရောက်ရာထိပ်ဆုံး ဘဝဂ်ဘုံ။(ဘဝ+အဂ္ဂ)

၂။ အကနိဋ္ဌာဘုံ- အရိယာသို့ရောက်ရာထိပ်ဆုံး ဘဝဂ်ဘုံ။

၃။ နေဝသညာနာသညာယတနဘုံ- အားလုံးရောက်ရာထိပ်ဆုံး ဘဝဂ်ဘုံ။

### ဓမ္မဝိဋ္ဌာန်များ

၁။ ချမ်းသာခြင်းကင်း၍ ဆင်းရဲခြင်းရှိနေသော အပါယ်ဘုံသားများအား ထာဝရဆင်းရဲ နေမှုဖြစ်ပါသလော?- ကုသလဝိပါက်များ ဖြစ်ခွင့်ရှိ၍ အနည်းငယ် ချမ်းသာမှုရှိ၏။

၂။ ငရဲသည် လူပြည်နှင့် သီးခြား တည်ရှိနေပါသလော- ရာဇဂြိုဟ်၏မနီးမဝေး တပေါဒါမြစ်တွင် တောင်အောက်နဂါးပြည်မှထွက်၍ တောင်ကြားမှ စီးသော ရေပူများရှိ၏။ လောဟကုမ္ဘီမည်သော ကြေးအရည်ပျော်နေသည့်ငရဲနှစ်ခုကြားမှ ဖြတ်ကျော်စီးဆင်းမှုကြောင့် ထိုရေတို့ ပူနေခြင်းဖြစ်၏ဟုဆိုသဖြင့် လူပြည်ပတ်ဝန်းကျင်တို့တွင်လည်း ငရဲတည်ရှိ၏။

၃။ တိရစ္ဆာန်ဟူသည်- မိုးကို ကျောပေး၍ ကန့်လန့်သွားခြင်းရှိသော၊ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ကျောပေး၍ ကန့်လန့်သွားသော၊ အိပ်၊စား၊ကာမ(၃)မျိုးနှင့် ပျော်နေသော သတ္တဝါဖြစ်၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ပဋိသန္ဓေ(၄)မျိုးအကြောင်း

| | |
|---|---|
| ၁။အပါယ်ပဋိသန္ဓေ (၁)ပါး | အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်(၁) (အပါယ်(၄)ဘုံသားတို့ပဋိသန္ဓေစိတ်) |
| ၂။ကာမသုဂတိပဋိသန္ဓေ (၉)ပါး | ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်(၁) မဟာဝိပါက်စိတ်(၈)ပါး (ကာမသုဂတိ(၇)ဘုံသားတို့ပဋိသန္ဓေစိတ်) |
| ၃။ရူပါဝစရပဋိသန္ဓေ (၆)ပါး | ရူပါဝစရဝိပါက်စိတ်(၅)ပါး ဇီဝိတနဝကကလာပ်ရုပ်(၁)ပါး (ရူပဗြဟ္မာ(၁၆)ဘုံသားတို့ပဋိသန္ဓေစိတ်) |
| ၄။ အရူပါဝစရပဋိသန္ဓေ (၄)ပါး | အရူပဝိပါက်စိတ်(၄)ပါး (အရူပဗြဟ္မာ(၄)ဘုံသားတို့ပဋိသန္ဓေစိတ်) |

**မှတ်ချက်**။ အပါယ်နှင့်ကာမသုဂတိနှစ်ခုပေါင်းလျှင် ကာမပဋိသန္ဓေစိတ်- ၁၀-ပါး ဖြစ်၏။ အသညသတ်ဗြဟ္မာများသည် ဇီဝိတနဝကကလာပ်ရုပ်ပဋိသန္ဓေဖြင့် တည်နေကြ၏။

### နာမ်ပဋိသန္ဓေနှင့် ပဋိသန္ဓေရုပ်အခွဲ

ဥပေက္ခာသန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ ရူပ၊အရူပဝိပါက်စိတ်(၉)ပါး၊ ပေါင်း(၁၉)ပါးတို့သည် (၃၁)ဘုံတို၌ သတ္တဝါအပေါင်းတို့အား ဘဝတစ်ခု၊ အစပြု၍ မွေးဖွားပေးမှုပဋိသန္ဓေကိစ္စ၊ ဘဝခန္ဓာဆက်လက်ဖြစ်ပေါ်နေနိုင်ရန် ဘဝင်စိတ်အစဉ်ဖြစ်မှုကိစ္စ၊ ဘဝတစ်ခုမှ ရွေ့လျောသေဆုံးမှုစုတိကိစ္စတို့ကို ဆောင်ရွက်ပေး၏။ ထိုပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်(၁၉)ပါးတို့သည် နာမ်ပဋိသန္ဓေတရားများ ဖြစ်၏။

အသညသတ်ဗြဟ္မာကြီးများအတွက် ဇီဝိတနဝကကလာပ်ရုပ်(၁)ပါးသည် ရုပ်ပဋိသန္ဓေတရား ဖြစ်၏။

### အဟိတ်ပဋိသန္ဓေများ

၁။ **အကုသလဝိပါက်-ဥပေက္ခာသန္တီရဏစိတ်-** အပါယ်(၄)ဘုံသားများ။

၂။ **ကုသလဝိပါက်-ဥပေက္ခာသန္တီရဏစိတ်-** ပဋိသန္ဓေအခါ၌ မျက်စိကန်းသူ နားပင်းသူ၊ ဆွံ့သူ၊ အ,သူ၊ ရူးသူ၊ မိန်းစွဲသူ၊ နပုံး၊ပဏ္ဍုတ်၊ဥဘတောဗျည်းရှိသူများနှင့်

http://www.dhammadownload.com



စတုမဟာရာဇ်ဘုံသား ဘုမ္မစိုးနတ်တို့ကို မှီ၍ရှင်သန်ရသော ဝိနိပါတိကအသုရာများ၊ လူ့ဘုံ၌ ဘီလူး၊သဘက်၊တစ္ဆေ၊ မြေဘုတ်၊အစိမ်းသရဲစသော နတ်ပြိတ္တာများ။

၃။ **ဓိဝိတနဝကကလာပ်ရုပ်ပဋိသန္ဓေ**- အသညသတ်ဗြဟ္မာကြီးများ။

## ဒွိဟိတ်၊တိဟိတ်ပဋိသန္ဓေတည်နေသူများ

၁။ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး- ဒွိဟိတ် လူနှင့် နတ်များ။

၂။ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ပါး- တိဟိတ်လူ၊နတ်၊ဗြဟ္မာများ။

## အသက်တမ်းမမြဲသောပုဂ္ဂိုလ်များ

၁။ အပါယ်ဘုံသားများ၊ လူသားများနှင့် ဝိနိပါတိကအသုရကာယ် (စတုမဟာ ရာဇ်နတ်မျိုးနွယ်)တို့အား ကံသာလျှင်ပဓာနဖြစ်သောကြောင့် အသက်တမ်း အမြဲမရှိပါ။

## နတ်တို့၏အသက်တမ်း

| နတ်ဘုံ | နတ်သက် | လူ့တွက်ကိန်းအသက် |
|---|---|---|
| စတုမဟာရာဇ် | နှစ်- ၅၀၀ | ၉၀၀၀၀၀၀(ကိုးသန်း) |
| တာဝတိံသာ | နှစ်- ၁၀၀၀ | ၃၆၀၀၀၀၀၀(၃-ကုဋေ-၆သန်း) |
| ယာမာ | နှစ်- ၂၀၀၀ | ၁၄၄၀၀၀၀၀၀(၁၄-ကုဋေ-၄သန်း) |
| တုသိတာ | နှစ်- ၄၀၀၀ | ၅၇၆၀၀၀၀၀၀(၅၇-ကုဋေ-၆သန်း) |
| နိမ္မာနရတိ | နှစ်- ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀(၂၃၀-ကုဋေ-၄သန်း) |
| ပရနိမ္မိတဝသဝတ္တီ | နှစ်-၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀(၉၂၁-ကုဋေ-၆သန်း) |

## နတ်သက်ကို လူ့သက်တမ်းဖြင့်တွက်ပုံ

နတ်တို့တွင် စတုမဟာရာဇ်နတ်(၁)ရက်သည် လူအနှစ်(၅၀) ရှည်ကြာ၏။ စတုမဟာရာဇ်နတ်(၁)လသည် (၅၀×၃၀) လူအနှစ်(၁၅၀၀) ဖြစ်၏။ စတုမဟာ ရာဇ်နတ် (၁)နှစ်သည် (၁၅၀၀×၁၂)လူအနှစ်(၁၈၀၀၀) ဖြစ်၏။ စတုမဟာရာဇ်နတ်နှစ် (၅၀၀)သည် (၅၀၀×၁၈၀၀၀) လူအနှစ်(၉၀၀၀၀၀၀) ဖြစ်၏။

တာဝတိံသာ(၁)ရက်သည် လူနှစ်(၁၀၀)၊ ယာမာ(၁)ရက်သည် လူနှစ်(၂၀၀)၊

http://www.dhammadownload.com


တုသိတာ(၁)ရက်သည် လူနှစ်(၄၀၀)၊ နိမ္မာနရတိ(၁)ရက်သည် လူနှစ်(၈၀၀)၊ ပရနိမ္မိတဝသဝတ္တိ(၁)ရက်သည် လူနှစ်(၁၆၀၀) ဖြစ်သည်။

ထို့ကြောင့် မာလာဘာရီနတ်သားနှင့်အတူ ပန်းခူးနေသောနတ်သမီးတစ်ပါးသည် စုတေ၍ လူပြည်၌ ကလေး(၄)ယောက်မွေးပြီး သေကာ နတ်ပြန်ဖြစ်ချိန်တွင် မာလာဘာရီနတ်သားမှာ ပန်းခူးနေတုန်းပင် ဖြစ်၏။

## ရူပ/အရူပဗြဟ္မာတို့၏အသက်တမ်းများ

| | | |
|---|---|---|
| ပထမဈာန်(၃)ဘုံ | ဗြဟ္မပါရိသဇ္ဇာဘုံ | အသင်္ချေယျကပ်(၃)ပုံ(၁)ပုံ |
| | ဗြဟ္မပုရောဟိတာဘုံ | အသင်္ချေယျကပ်ထက်ဝက် |
| | မဟာဗြဟ္မာဘုံ | အသင်္ချေယျ(၁)ကပ် |
| ဒုတိယဈာန်(၃)ဘုံ | ပရိတ္တာဘာဘုံ | မဟာကပ်(၂)ကပ် |
| | အပ္ပမာဏာဘာဘုံ | မဟာကပ်(၄)ကပ် |
| | အာဘဿရာဘာဘုံ | မဟာကပ်(၈)ကပ် |
| တတိယဈာန်(၃)ဘုံ | ပရိတ္တာသုဘာဘုံ | မဟာကပ်(၁၆)ကပ် |
| | အပ္ပမာဏာသုဘာဘုံ | မဟာကပ်(၃၂)ကပ် |
| | သုဘကိဏှာဘုံ | မဟာကပ်(၆၄)ကပ် |
| စတုတ္ထဈာန်(၇)ဘုံ | ဝေဟပ္ဖိုလ်ဘုံ | မဟာကပ်(၅၀၀)(၁)ကမ္ဘာ |
| | အသညသတ်ဘုံ | မဟာကပ်(၅၀၀)(၁)ကမ္ဘာ |
| | အဝိဟာဘုံ | မဟာကပ်(၁၀၀၀)(၂)ကမ္ဘာ |
| | အတပ္ပါဘုံ | မဟာကပ်(၂၀၀၀၀) |
| | သုဒဿာဘုံ | မဟာကပ်(၄၀၀၀၀) |
| | သုဒဿီဘုံ | မဟာကပ်(၈၀၀၀၀) |
| | အကနိဋ္ဌာဘုံ | မဟာကပ်(၁၆၀၀၀၀) |
| အရူပ(၄)ဘုံ | အာကာသာနဉ္စာယတန | မဟာကပ်(၂၀၀၀၀၀) |
| | ဝိညာဏဉ္စာယတန | မဟာကပ်(၄၀၀၀၀၀) |
| | အာကိဉ္စညာယတန | မဟာကပ်(၆၀၀၀၀၀) |
| | နေဝသညာနာသညာယတန | မဟာကပ်(၈၄၀၀၀၀) |

http://www.dhammadownload.com



## ကပ်(၃)မျိုးနှင့် မဟာကပ်(ကမ္ဘာ)တွက်ပုံ

၁။ **အာယုကပ်**- အသက်ရာတန်း၊ ထောင်တန်း၊ သောင်းတန်း၊ သိန်းတန်းဟု ကာလအားလျော်စွာ အသက်အပိုင်းအခြားသည် 'အာယုကပ်' မည်၏။

၂။ **အန္တရကပ်**- အသက်အသင်္ချေယျတန်းမှ တဖြည်းဖြည်းဆုတ်လာ၍၊ (၁၀)နှစ်တန်းတိုင်အောင်၊ (၁၀)နှစ်တန်းမှ တဖြည်းဖြည်းတိုးလာ၍ အသင်္ချေယျတန်း တိုင်အောင်သော ဆုတ်ကပ်နှင့်တက်ကပ်တစ်စုံသည် 'အန္တရကပ်' မည်၏။

၃။ ထိုအန္တရကပ်ပေါင်း (၆၄)ကပ်သည်ပင် 'အသင်္ချေယျကပ်' မည်၏။

၄။ အသင်္ချေယျကပ်(၄)ကပ်ကိုပင် 'မဟာကပ်တစ်ခု-တစ်ကမ္ဘာ' ဖြစ်၏။

## တစ်ဘဝတွင် တူမြဲတရား(၃)ပါး

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် တစ်ဘဝ၌ အဖြစ်တူကြသည်။

**တူပုံမှာ**- ပဋိသန္ဓေစိတ်က ဘုံအားဖြင့် ကာမဘုံ၊ အဗျာကတဇာတ်၊ သောမနဿသဟဂုတ်၊ဉာဏသမ္ပယုတ်၊ အသင်္ခါရိကဖြစ်အံ့။ ဘဝင်၊စိတ်တို့လည်း ထိုနည်းတူ ဖြစ်၏။

## ဓမ္မဝိဋ္ဌာန်များ

၁။ ယောကျ်ားဖြစ်ပါလျက် မိန်းမစိတ်ပေါက်နေသူ၏ ပဋိသန္ဓေနှင့် ဘဝင် စိတ်တို့မှာ-ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

၂။ ရုပ်တရားဖြင့် ပဋိသန္ဓေတည်နေနိုင်သောသတ္တဝါမှာ- အသညသတ်ပြဟ္မာ။

၃။ တရားထူးသိမြင်သွားကြသော တိဟိတ်လူသားတို့၏ ပဋိသန္ဓေစိတ်မှာ- မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်(၄)ပါးတွင် တစ်ပါးပါး။

၄။ ဘုရားအလောင်းမျောက်မင်း၏ ပဋိသန္ဓေစိတ်မှာ- အကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ်။

၅။ စာသင်မရအောင် ဉာဏ်ထိုင်းလွန်းနေသူ၏ပဋိသန္ဓေစိတ်မှာ- မဟာဝိပါက် ဉာဏဝိပ္ပယုတ်(၄)ပါးတွင် တစ်ပါးပါး။

၆။ မဟောသဓာပညာရှိသူ့ခမိန်၏ပဋိသန္ဓေမှာ- မဟာဝိပါက်ဉာဏသမ္ပယုတ်။

၇။ ဆင်အသက် အနှစ်(၆၀) မြင်းအသက်အနှစ်(၃၀)စကားသည် မှန်/မမှန်- အပါယ်လေးဘုံသားတို့မှာ အသက်တမ်းမမြဲပါ။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ကံ(၄)မျိုး၊ (၄)လီအကြောင်း

| | |
|---|---|
| ၁။ကိစ္စကံ- | လုပ်ငန်းဆောင်ရွက်သောစေတနာ(၄)မျိုး |
| ၂။ပါကဒါနပရိယာယကံ | အလှည့်ကျအကျိုးပေးသောစေတနာ(၄)မျိုး |
| ၃။ပါကကာလကံ- | အချိန်ကျအကျိုးပေးသောစေတနာ(၄)မျိုး |
| ၄။ပါကဌာနကံ- | နေရာကျအကျိုးပေးသောစေတနာ(၄)မျိုး |

**ကံ၏သဘော**

ကံဟူသည် 'ကမ္မ'ပါဠိမှဆင်းသက်၍ အမှု၊လုပ်ဆောင်ချက်ဟု အဓိပ္ပါယ် ရ၏။ တရားကိုယ်ကောက်သော် စေတသိက်(၅၂)လုံးထဲမှ စိတ်နှင့်ယှဉ်တွဲမှုပြုနေသော စေတနာ စေတသိက်ကို ယူရ၏။ ထို့ကြောင့် စိတ်ထဲမှ လှုံ့ဆော်မှုဟု ဆိုရသော (ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့၌ယှဉ်သော) စေတနာကိုပင် 'ကံ'ဟု ခေါ်၏။

ထိုကံ(သို့မဟုတ်)စေတနာသည် (၁)လုံးတည်းပင်ဖြစ်သော်လည်း လုပ်ငန်း ဆောင်ရွက်မှု၊ အလှည့်ကျအကျိုးပေးမှု၊ အချိန်ကျအကျိုးပေးမှု၊ နေရာကျအကျိုးပေးမှု ဟူသော အခြင်းအရာ(၄)မျိုး၊(၄)လီ ကွဲပြားသောကြောင့် ကံ(၁၆)မျိုး ဖြစ်၏။

သို့သော် မည်သည့်ကံပင်ဖြစ်စေ၊ တရားကိုယ်ကောက်ယူပါက စေတနာ စေတသိက်(၁)လုံးတည်းပင်ဖြစ်သဖြင့် မြတ်ဗုဒ္ဓက 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'ဟု ဟောတော်မူ၏။

**ကိစ္စကံ(၄)ပါး**

၁။ အကျိုးဝိပါက်များကို ကိုယ်တိုင်ဖြစ်စေသောကံ- ဇနကကံ။(အကျိုးပြု)

၂။ ကိုယ်တိုင်ကားအကျိုးမပေး၊ ဇနကကံ၏အကျိုးပေးကို ထောက်ပံ့ပေး သောကံ- ဥပတ္ထမ္ဘကကံ။(ထောက်ပံ့ပြု)

၃။ ဇနကကံ၏အကျိုးပေးခွင့်ကို မရလင့်အောင် ကပ်၍နှိပ်စက်တတ် သောကံ- ဥပပီဠကကံ။ (နှိပ်စက်ပြု)

၄။ ဇနကကံ၏အကျိုးပေးကို လုံးဝမဖြစ်ပေါ်လာအောင် သတ်ဖြတ်ပေး သောကံ -ဥပဃာတကကံ။ (သတ်မှုပြု)

ထိုကံ(၄)မျိုးသည် အကျိုးပေးခြင်းအမှုကိစ္စတို့ကို ကိုယ်စီကိုယ်စီ မပြတ်မကွက် ဆောင်ရွက်ပေးကြရသောကြောင့် 'ကိစ္စကံ' ဟု ခေါ်သည်။

http://www.dhammadownload.com



### လက်တွေ့အသုံးချပုံ

မွေးနေ့တွင် အလှူပြုမှုစေတနာသည် ထိုသူ့အတွက် အသက်ရှည်အောင်၊ မိတ်ဆွေကောင်းတွေရလာအောင်၊ လူချစ်လူခင်ပေါများအောင် လက်ငင်းအကျိုးကို ဖြစ်စေ၏။ နောင်တွင် လက်ဆောင်ပေးခြင်း၊ မေတ္တာဖြင့် ပြောဆိုဆက်ဆံခြင်းစသော ကုသိုလ်စေတနာတို့က ထိုကံအား ထောက်ပံ့မှုပြုပေးသည်။

ထိုကုသိုလ်ကံနှင့်ဆန့်ကျင်သော တစ်ခြားအကုသိုလ်စေတနာတို့က အထက်တွင် ပြုခဲ့သောကုသိုလ်ကံ၏ အကျိုးပေးခွင့်မရလင့်အောင် တားစီးခြင်း၊ နှောက်ယှက်ဖျက်ဆီးခြင်းတို့ကို ပြု၏။ ထိုနည်းဖြင့်ပင် သတ္တဝါတို့အား မွေးရှင်သေ ဘဝကြီးတို့ကိုလည်းကောင်း၊ လူကောင်း၊လူဆိုး၊ ဆရာဝန်၊ဆိုက္ကားသမားစသော ဘဝငယ်တို့ကိုလည်းကောင်း ဖြစ်စေခြင်း၊ အကျိုးပေးခြင်းတို့ကို ပြု၏။

သူ့အသက်သတ်ခြင်းစသော အကုသိုလ်စေတနာ တစ်ခုသည်လည်း ထိုသတ္တဝါအား အသက်တိုခြင်း၊အံ့နာများခြင်း၊ လူမုန်းခံရခြင်းစသောအကျိုးတို့ကို ဖြစ်စေသည်။ သဘောတူတစ်ခြားအကုသိုလ် စေတနာတို့ကလည်း ထိုကံအထမြောက်အောင် ထောက်ပံ့ သမ္မကူညီပြုကြလေသည်။ သို့သော် အကုသိုလ်ကံနှင့်ဆန့်ကျင်သော တစ်ခြားကုသိုလ် စေတနာများစွာကို ပြုလုပ်အားထုတ်သူတို့အား အထက်ပါ အကုသိုလ်ကံအကျိုးပေးခွင့် မရလင့်အောင် ဘဝကြီး၊ဘဝငယ်အသွယ်သွယ်၌ နှောက်ယှက်တားမြစ်မှုတို့ကို ပြု၏။

အချုပ်အားဖြင့် ဇနကကံနှင့် ဥပတ္ထမ္ဘကကံ(၂)မျိုးသည် ကုသိုလ်၊အကုသိုလ် အကျိုးတို့အတွက် 'အပြုကံ' မည်၏။ ဥပပီဠကကံနှင့် ဥပဃာတကကံ(၂)မျိုး (ဥပစ္ဆေဒကကံ)သည် အထက်ပါကံအကျိုးတို့ကို တားဆီးသောကြောင့် 'အဖျက်ကံ' များ ဖြစ်၏။

### ပါကဒါနပရိယာယကံ(၄)ပါး

၁။ ကံတစ်ပါးက ဝင်မတားနိုင်အောင် အကျိုးပေးကြီးလေးသောကံ- ဂရုကကံ။

၂။ သေခါနီးအချိန်၌ ပြုလုပ်အားထုတ်အပ်သောကံ- အာသန္နကံ။

၃။ နေ့စဉ်မပြတ် လေ့ကျက်အားထုတ်အပ်သောကံ- အာစိဏ္ဏကံ။

၄။ သာမန် ပြုလုပ်ကာမျှ အားထုတ်ခဲ့သောကံ- ကဋတ္တာကံ။

ဂရုကကံဟူသည် ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်-စေတနာ(၉)ပါး၊

http://www.dhammadownload.com


အကုသိုလ်အရာ၌ မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒကဟူသော ပဉ္စာနန္တရိယကံ (၅)ပါးနှင့် အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူသော နိယတမိစ္ဆာဒိဋ္ဌိ(၃)ပါး၊ စေတနာပေါင်း(၁၆)ပါး ဖြစ်၏။

ထိုကံစေတနာ(၁၆)ပါးတို့သည် ကံတစ်ပါးပါးက ဝင်ရောက်တားဆီးမှုမပြုနိုင်ဘဲ သေသည်၏အခြားမဲ့၌ ပဋိသန္ဓေအကျိုးပေးမြဲခြင်းကို ကြီးလေးသည်ဟု ဆို၏။

ဂရုကံစသည်(၄)ပါးတွင် သေသည်၏အခြားမဲ့တွင် ဂရုကံသည် ဦးစွာအကျိုးပေး ခွင့်ကိုရ၏၊ ဂရုကကံမရှိလျှင် အာသန္နကံ ဒုတိယ၊ အာစိဏ္ဏကံ တတိယ၊ ကဋတ္တာကံ စတုတ္ထ၊ ဤသို့ အလှည့်ကျ အကျိုးပေးခွင့်ရခြင်းကို ပါကဒါနပရိယာယကံ (၄)မျိုးဟု ခေါ်သည်။

## လက်တွေ့အသုံးချပုံ

ရှင်ဒေဝဒတ်သည် ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြု၍၊သံဃာကိုသင်းခွဲခြင်းတို့ကြောင့် မြေမျိုခံရလျက် ငရဲသို့ကျခြင်း၊ အဇာတသတ်သည် ဖခင်ကိုသတ်မိသဖြင့် သံဃာယတနာတင် ကုသိုလ်များဆောင်ရွက်သော်လည်း သေသောအခါငရဲသို့ ရောက်ခြင်း၊ အရှင်မဟာမောဂ္ဂလာန်သည် မိခင်ကို ရိုက်နှက်ခဲ့မှုကြောင့် ခိုးသားတို့ ရိုက်နှက်မှု ကိုခံရခြင်းစသည်တို့သည် အကုသိုလ်ဂရုကံ အကျိုးပေးခြင်းတို့ဖြစ်၏။

ဈာန်ရပုဂ္ဂိုလ်တို့သည် ဈာန်မလျှော့ဘဲ သေသွားပါက ဗြဟ္မာ့ပြည်သို့ ကိန်းသေရောက်ရခြင်း၊ မဂ်ဖိုလ်ရသူတို့သည် သေသောအခါ ဂတိမြဲခြင်းစသည်တို့သည် ကုသိုလ် ဂရုကံအကျိုးပေးခြင်းတို့ ဖြစ်၏။ လူတစ်ယောက်သည် ကောင်းသည့်ဘက်တွင် ကုသိုလ်ဂရုကကံ တစ်မျိုးမျိုးကို ပြုလုပ်အားထုတ်ထားနိုင်လျှင် သံသရာအရေးတွင် စိတ်အေးရတော့၏။

## သေခါနီးမှာ အရေးပါပုံ

ထိုဂရုကံမရှိသူတို့အား သေခါနီးတွင် အားထုတ်အပ်သောကံကို အားကိုးအားထားပြုရ၏။ အရှင်သောဏမထေရ်၏ ဖခင်မုဆိုးကြီးသည် တစ်သက်လုံး မုဆိုးဘဝဖြင့် အသက်မွေးလာသဖြင့် သေခါနီးတွင် ငရဲနိမိတ်များ ထင်လာခဲ့၏။ သားဖြစ်သူမထေရ်က ပန်းမွှေ့ရာကို ခင်းကျင်း၍ မြတ်စွာဘုရားအား ရည်မှန်းလှူဒါန်းစေသဖြင့် တာဝတိံသာနတ်ပြည်နိမိတ်များ ပြန်ထင်နိုင်ခဲ့သည်။

http://www.dhammadownload.com



ထို့ပြင် ကဿပဘုရားလက်ထက်က မထေရ်ကြီးတစ်ပါးသည် ဂင်္ဂါမြစ်ကမ်း၌ လှေဖြင့် ကြွလာရာ ပိန်းမြက်တစ်ပင်ကို ဆွဲကိုင်မိသဖြင့် ပိန်းမြက်ပြတ်သွား၏။ သေခါနီး၌ ထိုဝိနည်းအာပတ်အသေးလေးကို စိတ်စွဲ၍ နောင်တပူပန်စိတ်ဖြစ်သဖြင့် ဧရကပတ္တနဂါးမင်း ဖြစ်ရလေသည်။

ထို့အတူ တမ္ဗဒါဌိကမည်သော သူသတ်သမားကြီးသည်လည်း နှစ်ပေါင်းများစွာ ပါဏာတိပါတကံများကို ပြုလုပ်ခဲ့သော်လည်း သေခါနီးတွင် အရှင်သာရိပုတ္တရာဟူသော ကလျာဏမိတ္တကြောင့် ကုသိုလ်ကံဇောစောခွင့်ရကာ နတ်ပြည်ရောက်ရသည်။ သီရိဓမ္မာမင်းကြီးသည်လည်း သေခါနီးတွင် အောက်မေ့အပ်သော အကုသိုလ်စေတနာ ကြောင့် အပါယ်ဘုံသို့ ရောက်ရကြောင်း ဆိုသည်။

ထို့ကြောင့် တစ်သက်တာကာလပတ်လုံး ကုသိုလ်အာစိဏ္ဏကံများရှိနေပါသော်လည်း သုဂတိဘဝကောင်းသို့ ရောက်ဖို့ရန် စိတ်မချရသေး။ အကုသိုလ်အာစိဏ္ဏကံများ အားထုတ်ထားမှုရှိနေသော်လည်း သုဂတိဘဝကောင်းသို့ ရောက်နိုင်ကြောင်းကို သတိပြု၍ သေခါနီးကာလတွင် အာစိဏ္ဏကံကုသိုလ်ထက် ကလျာဏမိတ္တနှင့် ယောနိသော မနသိကာရဟူသော အကြောင်းနှစ်မျိုးတို့လည်း ပြည့်စုံနေဖို့ လိုပေသည်။

ဥပမာ- နွားခြံသို့ဝင်သော နွားအပေါင်းတွင် နောက်ကျသဖြင့် ခြံဝ၌သာ အိပ်နေရသောနွားကြီးသည် နံနက်တွင် ခြံပြင်သို့ ထွက်သည်ရှိသော် အားသန်သော နွားများ ခြံထဲတွင် ရှိနေသော်လည်း ခြံဝနှင့် အလွန်နီးသည့် အတွက်ကြောင့် ဦးစွာထွက်ရသည် နှင့်တူ၏ဟု ဋီကာကျော်ကျမ်း၌ ဆိုသည်။

အထက်ပါကံများ ထူးခြားစွာ မရှိသူတို့မှာကား နေ့စဉ်၊လစဉ်၊နှစ်စဉ် ပြုနေကျမြဲ ဖြစ်သော အကုသိုလ်ကံ၊ကုသိုလ် အာစိဏ္ဏကံတို့က ဝင်၍ အကျိုးပေး၏။

### ပါကကာလကံ(၄)ပါး

၁။မျက်မှောက်ဘဝ၌ အကျိုးပေးသော ပထမဇောစေတနာ-ဒိဋ္ဌဓမ္မဝေဒနီယကံ။

၂။ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ-ဥပပဇ္ဇဝေဒနီယကံ။

၃။တတိယဘဝမှစ၍ အကျိုးပေးသော အလယ်ဇော(၅)ချက် စေတနာ-အပရာ ပရိယဝေဒနီယကံ။

၄။အထက်ပါအချိန်(၃)မျိုးဖြင့်အကျိုးပေးခွင့်မရသောစေတနာ- အဟောသိကံ။

http://www.dhammadownload.com


ကောင်းမှုမကောင်းမှု ကံတစ်ခုခုကို ပြုလုပ်အားထုတ်ရာတွင် ဇော(၇)ချက် ပါဝင်သဖြင့် စေတနာ(၇)လွှာ ဖြာထွက်လာသည်။

လုပ်ဆောင်ချက်နောက်၌ သက်ရောက်မှု ရောက်ရှိသောအနေဖြင့် စေတနာ တစ်လွှာတိုင်းက သက်ဆိုင်ရာအချိန်၌ အချိန်ကျလျှင် အကျိုးတစ်မျိုးမျိုး ဝင်ပေးရမှုကို **'ပါကကာလကံ'** (၄)မျိုးဟု ဆိုလိုသည်။

## လက်တွေ့အသုံးချပုံ

ကံတစ်ခုကို အားထုတ်ပြုလုပ်ရာတွင် ထိုကံစေတနာသည် တစ်ကြိမ်တည်းဖြင့် ပျက်သုဉ်းမသွားဘဲ (ဇဇဇဇဇဇဇ-၇)ကြိမ်တိုင်တိုင် ဖြစ်၍ ပျက်သဖြင့် ဇောစေတနာဟု ခေါ်၏။

ထိုတွင် ပထမဆုံး(ဇ)ဇောစေတနာသည် အာသေဝနသတ္တိကို မရ၊ အစဆုံး ဖြစ်၍ အားနည်းသဖြင့် လက်ငင်း ချက်ချင်း အကျိုးပေး၏။ နောက်ဆုံးသတ္တမ(ဇ) စေတနာသည် အာသေဝနသတ္တိကိုရသော်လည်း နောက်ဆုံးဇောအရှိန် သေရာတွင်ဖြစ်၍ အားအလယ်လတ်ရှိသဖြင့် ဒုတိယဘဝတွင် အကျိုးပေး၏။ အလယ်(ဇဇဇဇဇ)စေတနာ (၅)ချက်သည် အာသေဝနသတ္တိကို အပြည့်အဝရကုန်၍ အလွန်အားရှိလှသောကြောင့် တတိယဘဝမှစ၍ ရဟန္တာမဖြစ်မီအထိ အကျိုးပေးနိုင်၏။

## ဒိဋ္ဌဓမ္မ-လက်ငင်းအကျိုးရပုံများ

ဘုရားလက်ထက်တွင် ကာကဝလိယဇနီးမောင်နှံ၊ ကလာဗုမင်း၊ စိဉ္စမာဏ ဝိကာ စသည်တို့သည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ထင်ထင်ရှားရှား အကျိုးပေးမှုတို့ ဖြစ်၏၊ မထင် မရှားအကျိုးပေးတို့သည်ကား ထို့ထက်ပို၍ များစွာပင် ရှိ၏။

သူတော်ကောင်းတရားကို နေ့ညမခြား ပွားများအားထုတ်နေသူတို့အား သူတော် ကောင်းတို့သာခုခေါ်ခံရခြင်း၊ အန္တရာယ်ကင်းခြင်း၊ ကိုယ်စိတ်ချမ်းသာမှုကို ရခြင်း၊ လူချစ်လူခင်ပေါခြင်း၊ လူအများအလယ်တွင် ပွဲလယ်တင့်တယ်ခြင်း စသည် တို့သည် ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးတို့ ဖြစ်၏။

အကုသိုလ်ဒုစရိုက်လုပ်ငန်းတို့ကို ပြုလုပ်သဖြင့် သူတော်ကောင်းတို့ ပြစ်တင် ရှုတ်ချခံရခြင်း၊ မင်းပြစ်မင်းဒဏ်ခံရခြင်း၊ ကိုယ်စိတ်ပင်ပန်းဆင်းရဲခြင်း စသည်တို့သည် အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးတို့ ဖြစ်၏။

http://www.dhammadownload.com



**ဥပပဇ္ဇဝေဒနီယကံ**အကျိုးသည်ကား ဘုရားလက်ထက်တွင် ဖားနတ်သား၊ မဋ္ဌကုဏ္ဍလီသူဌေးသား၊ မလိကာဒေဝီ၊ ဗိမ္ဗိသာရမင်း၊ ဝိသာခါ၊ အနာထပိဏ်၊ အဇာတသတ်မင်းစသည်များစွာပင်ရှိ၏။ အကုသိုလ်အရာ အနန္တရိယကံများနှင့် ကုသိုလ်အရာ မဟဂ္ဂုတ်ကံများသည်လည်း ဥပပဇ္ဇဝေဒနီယကံမျိုးတို့ပင် ဖြစ်၏။

**အပရာပရိယဝေဒနီယကံ**အစုသည်ကား ဘဝများစွာ အနမတဂ္ဂသံသရာ၌ပင် အခွင့်ရသည့်အားလျော်စွာ ဝင်ရောက်အကျိုးပေးနိုင်လေ၏။

**အဟောသိကံဖြစ်ပုံမှာ**- ပထမဇောစေတနာတို့သည် ပစ္စုပ္ပန်ဘဝ၌ အကြောင်းအခွင့်မသင့်၍ အကျိုးပေးခွင့်ကို အကယ်မရခဲ့အံ့။ အကျိုးပေးဆိတ်သုဉ်းမှုသည် အဟောသိကံ ဖြစ်၏။ သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ အခွင့်မသင့်၍ အကျိုးပေးခွင့်ကိုမရအံ့၊ အလယ်ဇောစေတနာတို့သည် ဘဝတစ်ခုခု၌ အကျိုးပေးခွင့်ကို မရခဲ့အံ့၊ အဟောသိကံ ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်တို့အား အတိတ်ကံစေတနာများစွာ ရှိပါသော်လည်း အရဟတ္တမဂ်ဖြင့် အကျိုးပေးကို ဖြတ်ဆီးအပ်သည်အဖြစ်ကြောင့် အဟောသိကံ ဖြစ်၏။

### ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုး

အကျိုးပေးသည်ဟု ဆိုရာ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုး(၂)မျိုးရှိရာတွင် ကံစေတနာတစ်ခုသည် ပဋိသန္ဓေအကျိုးကို (၁)ကြိမ်သာပေးနိုင်၏။ (၂)ကြိမ်မပေးနိုင်။ ပဝတ္တိအကျိုးကိုကား ဘဝများစွာတို့၌ အကြိမ်ကြိမ်ပေးနိုင်၏။ ဇဋိလသူဌေးသားအား ဘဝပေါင်း(၁၄)ဘဝတိုင်တိုင် ရေမျှောခံရမှုသည် ပဝတ္တိအကျိုးပေး ဖြစ်၏။

### ပါကဌာနကံ(၄)ပါး

၁။ အပါယ်လေးဘုံ၌ အကျိုးပေးသောစေတနာ-**အကုသိုလ်ကံ**။

၂။ ကာမသုဂတိ(၇)ဘုံ၌ အကျိုးပေးသောစေတနာ- **ကာမာဝစရကုသိုလ်ကံ**။

၃။ ရူပ(၁၆)ဘုံ၌ အကျိုးပေးသောစေတနာ- **ရူပါဝစရကုသိုလ်ကံ**။

၄။ အရူပ(၄)ဘုံ၌ အကျိုးပေးသောစေတနာ- **အရူပါဝစရကုသိုလ်ကံ**။

### လက်တွေ့အသုံးချပုံ

ထိုကံစေတနာ(၄)မျိုးတွင် အကုသိုလ်စိတ်၌ယှဉ်သော စေတနာသည် အပါယ် (၄)ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်၏။ တစ်ခြားဘုံတို့၌ ဝင်မပေး။

http://www.dhammadownload.com



ကာမကုသိုလ် စေတနာသည် ကာမသုဂတိ(၇)ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်၏။ တစ်ခြားဘုံတို့၌ ဝင်မပေး။ ထို့အတူ ရူပကုသိုလ်ကံက ရူပဗြဟ္မာဘုံ၊ အရူပကုသိုလ်ကံက အရူပဘုံတို့၌ သာ ပဋိသန္ဓေအကျိုးပေးနိုင်၍ အခြားဘုံတို့၌ စည်းမဲ့ကမ်းမဲ့ အကျိုးမပေးနိုင်ဘဲ နေရာကျ အကျိုးပေးခြင်းသည် ပါကဋ္ဌာနကံ(၄)မျိုး ဖြစ်၏။

♦♦♦

## အကုသိုလ်ကံ(၃)မျိုးနှင့် (၁၀)ပါး

အကုသိုလ်စိတ်(၁၂)ပါးတို့သည် ကိုယ်,နှုတ်,စိတ်ဟူသော ကံဖြစ်ကြောင်း တရား 'ကမ္မဒွါရ'သုံးပါး၏အစွမ်းဖြင့် (၃)မျိုး ကွဲပြား၏။

### အကုသိုလ်ကံ(၃)မျိုး

| | |
|---|---|
| (၁)ကာယကံ-အကုသိုလ် | ကိုယ်ဖြင့်ပြုသောမကောင်းမှု၊ |
| (၂)ဝစီကံ-အကုသိုလ် | နှုတ်ဖြင့်ပြောသောမကောင်းမှု၊ |
| (၃)မနောကံ-အကုသိုလ် | စိတ်ဖြင့်ကြံသောမကောင်းမှု၊ |

### ကာယကံ-အကုသိုလ်(၃)ပါး

| | |
|---|---|
| (၁)ပါဏာတိပါတကံ | သူ့အသက်သတ်မှု။ |
| (၂)အဒိန္နာဒါနကံ | သူ့ဥစ္စာယူမှု။ |
| (၃)ကာမေသုမိစ္ဆာစာရကံ | ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု။ |

ထို(၃)မျိုးသည် ကာယဝိညတ်ခေါ် ကာယဒွါရ၌ အဖြစ်များသော အပြစ်တရား ဖြစ်သောကြောင့် 'ကာယကံ-အကုသိုလ်' ခေါ်၏။

ကာယ(၃)မျိုးနှင့် ယူရမည့်ကာယ

(၁)သသမ္ဘာရ ကာယ- ဆံပင်စသော(၃၂)ခုတို့၏တည်ရာကိုယ်။

(၂)ပသာဒ ကာယ- ကာယဝိညာဏ်စိတ်၏ မှီရာကိုယ်။

(၃)စောပန ကာယ-ကိုယ်ခန္ဓာ၏လှုပ်ရှားမှုအမူအရာဟူသော ကာယဝိညတ်။

http://www.dhammadownload.com


ထိုကာယ(၃)မျိုးတွင် ဤ၌ စောပနကာယကိုသာ ယူရမည်။

ထိုစောပနကာယခေါ် ကာယဝိညတ်ကိုပင် ပါဏာတိပါတစသောကံတို့၏ ဖြစ်ရာ အပေါက်ဝဖြစ်သောကြောင့် 'ကာယဒွါရ'ဟုခေါ်၏။

ကာယဒွါရ၌ အဖြစ်များသောကြောင့် 'ကာယကံ'ဆိုပေ၏။ ထိုကာယကံတို့သည် ရံခါ ဝစီဒွါရတို့၌လည်း ဖြစ်တတ်ကုန်၏။ ဥပမာ- သူတစ်ပါးကို သတ်ခိုင်းစေမှု၊ ခိုးခိုင်းစေမှု၊ အဓမ္မပြုခိုင်းစေမှုတို့၌ ဝစီဒွါရတို့တွင် ဖြစ်ကြရ၏။

မှတ်ချက်။ကာမေသုမိစ္ဆာစာရကံ၌ သေရည်/အရက်သောက်စားမှုပေါင်းမှု 'သုရာမေရယကံ' ကိုလည်း ရသာရုံ၌ သာယာမှုသဘောတူသောကြောင့် သွင်းယူရ၏။

## ဝစီကံ-အကုသိုလ်(၄)မျိုး

| | |
|---|---|
| (၁)မုသာဝါဒကံ- | လိမ်ညာပြောမှု။ |
| (၂)ပိသုဏာဝါစာကံ- | ကုန်းတိုက်ပြောမှု။ |
| (၃)ဖရုသဝါစာကံ- | ကြမ်းတမ်းစွာပြောမှု။ |
| (၄)သမ္ဖပ္ပလာပကံ- | တရားမဲ့စကားပြောမှု။ |

ထို(၄)မျိုးသည် ဝစီဝိညတ်ခေါ် ဝစီဒွါရ၌ အဖြစ်များသော အပြစ်တရား ဖြစ်သောကြောင့် 'ဝစီကံ-အကုသိုလ်' ခေါ်၏။

**ဝါစာ(၄)မျိုးနှင့် ယူရမည့်ဝါစာ**

**(၁)သဒ္ဒ ဝါစာ-** ပြောဆိုသမျှစကားသံ။

**(၂)ဝိရတီ ဝါစာ-** ဝစီဒုစရိုက်မှရှောင်ပြောမှုစကားသံ။

**(၃)စေတနာ ဝါစာ-**ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာ။

**(၄)စောပန ဝါစာ-** စကား၌ပါသော မိမိအလိုကို သူတစ်ပါးတို့သိစေနိုင်သော အမူအရာထူးဟူသော ဝစီဝိညတ်။ ထို(၄)မျိုးတွင် ဤ၌ စောပနဝါစာကိုသာ ယူရမည်။

ထိုစောပနဝါစာခေါ် ဝစီဝိညတ်ကိုပင် မုသာဝါဒစသောကံတို့၏ ဖြစ်ရာ အပေါက်ဝဖြစ်သောကြောင့် 'ဝစီဒွါရ'ဟု ခေါ်၏။

ဝစီဒွါရ၌ အဖြစ်များသောကြောင့် 'ဝစီကံ'ဆိုပေ၏။ ထိုဝစီကံတို့သည် ရံခါ ကာယဒွါရတို့၌လည်း ဖြစ်တတ်ကုန်၏။ ဥပမာ-ဦးခေါင်း၊လက်တို့ဖြင့် လှုပ်ခါ၍

http://www.dhammadownload.com



လိမ်ညာမှု စသည်တို့၌ ကာယဒွါရတွင် ဖြစ်ကြရ၏။
မှတ်ချက်။ ဝစီနှင့် ဝါစာတို့သည် သဒ္ဒါသာကွဲ၍ အဓိပ္ပါယ်တူ၏။

## မနောကံ-အကုသိုလ်(၃)မျိုး

| | |
|---|---|
| (၁)အဘိဇ္ဈာကံ- | သူ့ဥစ္စာကို မတရားကြံစည်မှု။ |
| (၂)ဗျာပါဒကံ- | သူတစ်ပါးကို သေကြေပျက်စီးဖို့ကြံမှု။ |
| (၃)မိစ္ဆာဒိဋ္ဌိကံ- | ဖောက်လွဲဖောက်ပြန် အမှားယူဆတွေးကြံမှု၊ |

ထို(၃)မျိုးသည် မနောဒွါရ-စိတ်၌သာ အဖြစ်များသော အပြစ်တရား ဖြစ်သောကြောင့် 'မနောကံ-အကုသိုလ်' ခေါ်၏။

ဤနေရာ၌ မနောဟူသည် ကုသိုလ်ဇော၊ အကုသိုလ်ဇောစိတ်အစဉ် ဖြစ်၏။ ထိုမနောကိုပင် ကံတို့၏ဖြစ်ရာအပေါက်လမ်း ဖြစ်သောကြောင့် 'မနောဒွါရ'ဟုခေါ်၏။

မနောကံတို့သည် ကိုယ်နှင့်၊နှုတ်အမူအရာတို့ကို မလှုပ်ရှားစေဘဲ (ဝိညတ်ကင်း၍) မနောဒွါရ၌သာ အဖြစ်များ၏။ ရံခါ ကိုယ်နှင့်နှုတ်အမူအရာတို့ကို လှုပ်ရှားစေ၍ (ဝိညတ်နှင့်တကွ) ကာယဒွါရ၊ဝစီဒွါရတို့၌လည်း ဖြစ်တတ်ကုန်၏။

လင်္ကာ။ သက်သတ်-ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။
လိမ်လည်-ကုန်းချော၊ နှုတ်ကြမ်းပြော၊ ဖျင်းသော ဝစီကံ။
သူ့ဟာရလို၊ သေစေလိုငြား၊ အယူမှား၊ သုံးပါးမနောကံ။

မှတ်ချက်။အထက်ပါအကုသိုလ်ကံ(၁၀)မျိုးကို အကုသိုလ်ကံမြောက်ကြောင်းဖြစ်သောကြောင့် 'အကုသိုလ်ကမ္မပထ'တရားဟုလည်းကောင်း၊ မကောင်းသော အမူအကျင့်များဖြစ်သောကြောင့် 'ဒုစရိုက်တရား'ဟုလည်းကောင်း ခေါ်၏။

### ဒုစရိုက်(၁၀)ပါး၏ မူလတရားများ

ဒုစရိုက်(၁၀)ပါးတို့တွင် ကာယဒုစရိုက်(၃)ပါးနှင့် ဝစီဒုစရိုက်(၄)ပါးတို့၏ တရားကိုယ်မှာ- စိတ်နှင့်ယှဉ်ဖြစ်သော 'စေတနာ'စေတသိက်ပင် ဖြစ်၏။ မနောကံ(၃)ပါး၏တရားကိုယ်မှာ-စေတနာနှင့်ယှဉ်သော လောဘ၊ဒေါသ၊ဒိဋ္ဌိတို့ ဖြစ်၏။

၁။ပါဏာတိပါတ၊ဖရုသဝါစာ၊ဗျာပါဒ(၃)ပါးသည် 'ဒေါသမူလ' ရှိ၏။
၂။ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊မိစ္ဆာဒိဋ္ဌိ(၃)ပါးသည် 'လောဘမူလ' ရှိ၏။
၃။အဒိန္နာဒါန၊မုသာဝါဒ၊ပိသုဏဝါစာ၊သမ္ဖပ္ပလာပ(၄)ပါးသည် 'လောဘ၊

http://www.dhammadownload.com


ဒေါသမူလ’ တို့ ရှိကုန်၏။ မောဟသည် ဒုစရိုက်(၁၀)ပါးလုံး၏ မူလ ဖြစ်၏။
လက်ာ။ ပါဏာ-ဖရု၊ ဗျာပါစု၊ ဒေါဒု အရင်းခံ။
ကာမေ-မိစ္ဆာ၊ အဘိဇ္ဈာ၊ လောဘာ အရင်းခံ။
အဒိန်-မုသာ၊ ပိ-သမ္ဖာ၊ လောဘာ-ဒေါရင်းခံ။

## ကံနှင့် ကမ္မပထဆုံးဖြတ်ပုံ

အကြောင်းကံတို့သည် စင်စစ်ကေန် ပဋိသန္ဓေအကျိုးကို ပေးနိုင်ကုန်၏။ ထိုကံတို့ကို ကမ္မပထမြောက်၏ဟုလည်းကောင်း၊ အကြောင်းကံတို့သည် အနေကန္တိက ဖြစ်၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်။ ထိုကံတို့သည် ဒုစရိုက်သာဖြစ်၍ ကမ္မပထ မမြောက်ဟုလည်းကောင်း မှတ်ရပေမည်။

ဥပမာ- ပါဏာတိပါတ၌ သူတစ်ပါးသတ္တဝါကို သတ်လိုစိတ်ဖြင့်သတ်၍ သေမှသာ ကမ္မပထမြောက်၏။ မသေခဲ့သော်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုသတ်သော်လည်း ကောင်း ကမ္မပထမမြောက်။ ဒုစရိုက်ကံသာ ဖြစ်၏။

အဒိန္နာဒါန၌ သူတစ်ပါးဥစ္စာဖြစ်၍ ခိုးလိုစိတ်ဖြင့် ခိုးယူမှသာ ကမ္မပထ မြောက်၏။ ကိုယ့်ဥစ္စာဖြစ်သော်၊ စိတ်မပါဘဲ မှားယူမိသော် ကမ္မပထမမြောက်။

## စေတနာ(၃)တန် ကံမည်ပုံ

ဒုစရိုက်(၁၀)ပါးတို့ကို မပြုမီရှေးအဖို့၌ ဖြစ်သောစေတနာသည် ပုဗ္ဗစေတနာ မည်၏၊ ပြုပြီးနောက်အဖို့၌ဖြစ်သောစေတနာသည် အပရစေတနာ မည်၏။ ပြုနေဆဲ အခိုက်၌ဖြစ်သောစေတနာသည် မုဉ္စစေတနာ မည်၏။ ထိုစေတနာ(၃)မျိုးတို့တွင် ပုဗ္ဗစေတနာနှင့် အပရစေတနာတို့သည် ပဋိသန္ဓေအကျိုးကို ကေန်မပေးနိုင်။ မုဉ္စစေတနာ သည်သာ ပဋိသန္ဓေအကျိုးကို ကေန်ပေး၍ ကမ္မပထမြောက်၏။

## ဒုစရိုက်(၄၀)/(၃၀)ဖြစ်ပုံ

ဒုစရိုက်(၁၀)ပါးတွင် တစ်ပါးပါး၌

(၁)ကိုယ်တိုင်ပြုလုပ်ခြင်း-သာဟတ္ထိက ဒုစရိုက်၊

(၂)သူတစ်ပါးကို ပြုစေခြင်း-အာဏတ္တိကဒုစရိုက်၊

(၃)သူတစ်ပါးပြုသည်ကို ချီးမွမ်းထောမနာခြင်း-ထောမနာဒုစရိုက်၊

(၄)သူတစ်ပါးပြုသည်ကို စိတ်တူမျှခြင်း-သမာဆန္ဒ ဒုစရိုက်ဟု (၄)ပါးစီ ရှိသောကြောင့် (၄×၁၀) ဒုစရိုက်ပေါင်း (၄၀) ဖြစ်၏။

http://www.dhammadownload.com



ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ(၃)ပါးစီရှိသောကြောင့် (၃×၁၀) ဒုစရိုက်(၃၀) ဖြစ်၏။

လင်္ကာ။ ကိုယ်တိုင်,တိုက်တွန်း၊ ချီးမွမ်း,စိတ်တူ၊ ပြန့်ပွားမှု၊ မှတ်ယူလေးဆယ်ကံ။

### ဒုစရိုက်(၁၀၀)ဖြစ်ပုံ

'ပါဏာတိပါတော ပါဏာတိပါတဿ ။ ပ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော' ဟု ဘုရားရှင်ဟောတော်မူသောကြောင့် (၁)သူ့အသက်ကိုသတ်လို၍ သတ်ခြင်း၊ (၂)ခိုးလို၍သတ်ခြင်း၊ (၃)အဓမ္မပြုလို၍သတ်ခြင်းစသည်ဖြင့် ဒုစရိုက် (၁)ပါး၌ (၁၀)ပါးစီဖြစ်၍ (၁၀×၁၀) ဒုစရိုက်ပေါင်း(၁၀၀) ဖြစ်၏။

## ကာမကုသိုလ်ကံ(၃)မျိုးနှင့်(၁၀)မျိုး

မဟာကုသိုလ်စိတ်(၈)ပါးတို့သည် ကိုယ်,နှုတ်,စိတ်ဟူသော ကံဖြစ်ကြောင်း တရား 'ကမ္မဒွါရ'(၃)ပါး၏ အစွမ်းဖြင့် (၃)မျိုး ကွဲပြား၏။

(၁)ကာယကံ-ကုသိုလ်၊ (ကိုယ်ဖြင့်ပြုသောကောင်းမှု)

(၂)ဝစီကံ-ကုသိုလ်၊ (နှုတ်ဖြင့်ပြောသောကောင်းမှု)

(၃)မနောကံ-ကုသိုလ်၊ (စိတ်ဖြင့်ကြံသောကောင်းမှု)

## ကာယကံ-ကုသိုလ်(၃)မျိုး

| | |
|---|---|
| (၁)ပါဏာတိပါတဝိရတီကံ | သူ့သက်သတ်မှုမှရှောင်၍ ပြုမှု။ |
| (၂)အဒိန္နာဒါနဝိရတီကံ- | သူ့ဉစ္စာယူမှုမှ ရှောင်၍ ပြုမှု။ |
| (၃)ကာမေသုမိစ္ဆာစာရဝိရတီ | ကာမဂုဏ်တို့၌မှားယွင်းစွာကျင့်မှုမှ ရှောင်မှု။ |

## ဝစီကံ-ကုသိုလ်(၄)မျိုး

| | |
|---|---|
| (၁)မုသာဝါဒဝိရတီကံ- | လိမ်ညာပြောမှုမှ ရှောင်၍ ပြောမှု။ |
| (၂)ပိသုဏဝါစာဝိရတီကံ- | ကုန်းတိုက်ပြောမှုမှ ရှောင်၍ ပြောမှု။ |
| (၃)ဖရုသဝါစာဝိရတီကံ- | ကြမ်းတမ်းစွာပြောမှုမှ ရှောင်၍ ပြောမှု။ |
| (၄)သမ္ဖပ္ပလာပဝိရတီကံ- | တရားမဲ့စကားပြောမှုမှ ရှောင်၍ ပြောမှု။ |

မှတ်ချက်။ အထက်ပါကာယကံ(၃)ပါးနှင့် ဝစီကံ(၄)ပါးတို့ကို လုံခြုံအောင် စောင့်စည်းမှုသည်ပင် 'ငါးပါးသီလ' ဟု ခေါ်၏။

http://www.dhammadownload.com


## မနောကံ-ကုသိုလ်(၃)မျိုး

| | |
|---|---|
| (၁)အနဘိဇ္ဈာကံ | သူ့ဥစ္စာကို မတရားကြံစည်မှု မဟုတ်သောအကြံ။ |
| (၂)အဗျာပါဒကံ | သူတစ်ပါးကို သေကြေပျက်စီးဖို့ မဟုတ်သောအကြံ။ |
| (၃)သမ္မာဒိဋ္ဌိကံ | မှန်သော အယူအဆကို ယုံကြည်လက်ခံသောအကြံ။ |

မှတ်ချက်။ အထက်ပါ ကုသိုလ်ကံ(၁၀)မျိုးကို ကုသိုလ်ကံမြောက်ကြောင်းဖြစ်သောကြောင့် 'ကုသိုလ်ကမ္မပထ'တရားဟုလည်းကောင်း၊ ကောင်းသော အမူအကျင့်ဖြစ်သောကြောင့် 'သုစရိုက်တရား'ဟုလည်းကောင်း ခေါ်၏။

## ပုညကြိယာဝတ္ထု(၁၀)ပါး

(ကုသိုလ်အမှု၏တည်ရာတရားများ)

| | |
|---|---|
| ၁။ ဒါန- | ပေးကမ်းလှူဒါန်း-စွန့်လွှတ်မှု။ |
| ၂။ သီလ- | ကိုယ်ဖြင့် နှုတ်ဖြင့် စောင့်စည်းမှု။ |
| ၃။ ဘာဝနာ- | စိတ်ဖြင့် (ကောင်းမှုတရား များလာအောင်) ပွားမှု။ |
| ၄။ အပစာယန- | ဂုဏ်/အသက် ကြီးသူတို့ကို ရိုသေမှု။ |
| ၅။ ဝေယျာဝစ္စ- | ကုသိုလ်ရေးတို့၌ ဝိုင်းဝန်းဆောင်ရွက်ပေးမှု။ |
| ၆။ ပတ္တိဒါန- | မိမိရသော ကုသိုလ်အမှုကို အမျှပေးဝေမှု။ |
| ၇။ပတ္တာနုမောဒန | သူတစ်ပါးပြုသော ကုသိုလ်အမှုကို သာဓုခေါ်မှု။ |
| ၈။ ဓမ္မဿဝန- | တရားစကား နာကြား/သင်ယူမှု။ |
| ၉။ ဓမ္မဒေသနာ- | လာဘ်မျှော်လင့်မှုမပြုဘဲ တရားစကား ဟောပြ/ပို့ချမှု။ |
| ၁၀။ဒိဋ္ဌုဇုကမ္မ- | အယူကို ဖြောင့်မှန်စွာပြုမှု။ |

မှတ်ချက်။ အထက်ပါ(၁၀)မျိုးတို့ကို ကုသိုလ်စေတနာအမှုတို့၏ ဖြစ်ပေါ်ရာအကြောင်းတရားများဖြစ်သောကြောင့် ပုညကြိယာဝတ္ထုတရားဟု ခေါ်၏။

### ဒါန-သီလ-ဘာဝနာ

ပုညကြိယာဝတ္ထု(၁၀)ပါးတို့ကို လိုရင်းချုပ်သော် ဒါန၊သီလ၊ဘာဝနာ(၃)ပါးသာ ဖြစ်၏။

(၁)ပတ္တိဒါန၊ပတ္တာနုမောဒနတို့ကို ဒါနနှင့်သဘောတူ၍ ဒါန၌ သွင်းယူရ၏။

http://www.dhammadownload.com


(၂)အပစာယန၊ဝေယျာဝစ္စတို့ကို သီလနှင့်သဘောတူ၍ သီလ၌ သွင်းယူရ၏။

(၃)ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မတို့ကို ဘာဝနာနှင့် သဘောတူ၍ ဘာဝနာ၌ သွင်းယူရ၏။

လင်္ကာ။ ပတ္တာ-ပတ္တိ၊ သွင်းဘိဒါနာ၊ ပစာ-ဝေယျ၊ သွင်းထသီလာ။
ဓမ္မနှစ်ခု၊ ဒိဋ္ဌိဇုမှာ၊ ဤသုံးပါး၊ သွင်းပြားဘာဝနာ။

## ဒါနကုသိုလ်(၁)ခု၏ စေတနာ(၃)မျိုး

၁။ ဒါနစေတနာတစ်ခု၌ အလှူခံ၏လက်သို့ 'ဤဝတ္ထုကို ပေးလှူပါ၏'ဟု စွန့်လွှတ်လှူဒါန်းဆဲအချိန်၌ ဖြစ်သောစေတနာသည် ပုဗ္ဗစေတနာ မည်၏။

၂။ မလှူခင်နေ့ရက်တို့တွင် 'ဤဝတ္ထုကို ပေးလှူပါအံ့'ဟု ကြံတင်တွေးကြံနေချိန်တို့၌ ဖြစ်သောစေတနာသည် မုဉ္စစေတနာ မည်၏။

၃။ လှူပြီးနေ့ရက်တို့တွင် 'ဤဝတ္ထုကို ပေးလှူခဲ့၏'ဟု အဖန်ဖန်အထပ်ထပ် ဆင်ခြင်အောက်မေ့ချိန်တို့၌ ဖြစ်သောစေတနာသည် အပရစေတနာ မည်၏။

တခြားသော ကုသိုလ်မှုတို့၌လည်း စေတနာ(၃)တန်ဖြစ်ပုံကို သိအပ်၏။

## ဒါနစေတနာ၏ တန်ဖိုး(၃)မျိုး

၁။ ယုတ်ညံ့သော 'ဆန္ဒ၊စိတ္တ၊ဝီရိယ၊ပညာ'တို့ဖြင့် စီရင်အပ်သော အညံ့စား အလှူဝတ္ထုသည် ဟီန-ဒါနကုသိုလ် မည်၏။

၂။ အလတ်စားဖြစ်သော 'ဆန္ဒ၊စိတ္တ၊ဝီရိယ၊ပညာ'တို့ဖြင့် စီရင်အပ်သော အလတ်စားအလှူဝတ္ထုသည် မဇ္ဈိမ-ဒါနကုသိုလ် မည်၏။

၃။အမြတ်စားဖြစ်သော'ဆန္ဒ၊စိတ္တ၊ဝီရိယ၊ပညာ'တို့ဖြင့် စီရင်အပ်သော အမြတ်စား အလှူဝတ္ထုသည် ပဏီတ-ဒါနကုသိုလ် မည်၏။

ထို့အတူ အခြားသောကုသိုလ်မှုတို့၌လည်း တန်ဖိုး(၃)မျိုးဖြစ်ပုံကို သိအပ်၏။

## သမ္မာဒိဋ္ဌိ(၇၂)ပါးစီဖြစ်ပုံ

ပုညကြိယာဝတ္ထု(၁)ပါးစီ၌ ဒါနမယ၊ သီလမယ၊ ဘာဝနာမယဟု(၃)ပါး ဖြစ်၏။ ကာယကံ၊ ဝစီကံ၊မနောကံ(၃)ပါးဖြင့် မြှောက်ပွားလျှင် ကံ(၉)ပါး ဖြစ်၏။ ကံ(၁)ပါးလျှင် မဟာကုသိုလ်စေတနာ(၈)ပါးဖြင့် မြှောက်ပွားပါက (၈×၉) (၇၂)ပါး

http://www.dhammadownload.com



သော သမ္မာဒိဋ္ဌိဉာဏ် ဖြစ်သည်။

## ကုသိုလ်ကံ(၄၀/၃၀)ဖြစ်ပွားပုံ

ပုညကြိယာဝတ္ထု(၁၀)ပါးအားလည်းကောင်း-
၁။ကိုယ်တိုင်ပြုခြင်း-**သာဟတ္ထိက**၊
၂။တိုက်တွန်းနှိုးဆော်ခြင်း-**အာဏတ္တိက**၊
၃။ချီးမွမ်းခြင်း-**ထောမနာ**၊
၄။စိတ်တူဖြစ်ခြင်း-**သမာနုမောဒနာ**(၄)ပါးတို့ဖြင့် မြောက်ပွားပါက ကံ(၄၀) ဖြစ်၏။
ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ(၃)တန်နှင့် မြောက်ပွားပါက ကံ(၃၀)ဖြစ်၏။
**လင်္ကာ**။ ကိုယ်တိုင်-တိုက်တွန်း၊ ချီးမွမ်း-စိတ်တူ၊ ပြန့်ပွားမှု၊ မှတ်ယူ(၄၀)ကံ။
ပုဗ္ဗ-မုဉ္စ၊ အပရ၊ ပွားက(၃၀)ကံ။

## ကုသိုလ်ဆိုတာ စေတနာ

ကာမကုသိုလ်တရားတို့သည် ကံအားဖြင့် ကာယကံ၊ဝစီကံ၊မနောကံ(၃)ပါး၊ အကျဉ်းအားဖြင့် သုစရိုက်တရား(၁၀)ပါး၊ အမှုအရာအားဖြင့် ပုညကြိယာဝတ္ထု (၁၀)ပါး စသည်ကွဲပြားသော်လည်း အဘိဓမ္မာနည်းဖြင့် တရားကိုယ်ကောက်ပါက မဟာကုသိုလ် စိတ်(၈)ပါး၌ ယှဉ်သော စေတနာ(၈)မျိုးပင် ဖြစ်၏။

## ရူပကုသိုလ်ကံ(၅)ပါး

ရူပကုသိုလ်စေတနာသည် ကံအားဖြင့် မနောကံ(၁)မျိုးတည်း ဖြစ်၏။ အမှုအရာ အားဖြင့် ဘာဝနာကုသိုလ်(၁)မျိုးသာ ဖြစ်၏။ အပ္ပနာဟူသော ဈာန်သို့ ရောက်၏။ ဈာန်အင်္ဂါတို့၏ယှဉ်ပုံ အားဖြင့် (၅)မျိုးပြားသောကြောင့် ရူပကုသိုလ်စေတနာ(၅)ပါးဖြစ်၏။

## အရူပကုသိုလ်ကံ(၄)ပါး

အရူပကုသိုလ်စေတနာသည်လည်း ကံအားဖြင့် မနောကံ(၁)မျိုးတည်း ဖြစ်၏။ အမှုအရာအားဖြင့် ဘာဝနာကုသိုလ်(၁)မျိုးသာ ဖြစ်၏။ အပ္ပနာဟူသော ဈာန်သို့ ရောက်၏။အာရုံအားဖြင့် (၄)မျိုးပြားသောကြောင့် အရူပကုသိုလ်စေတနာ(၄)ပါးဖြစ်၏။

http://www.dhammadownload.com



## ကာမကံ(၂၀)၏ အကျိုးတရားများ

| ကာမကံ(၂၀) | အကျိုးပေးချိန် | အကျိုးပေးရာဘုံ |
|---|---|---|
| ဥဒ္ဓစ္စကြဉ်-အကု(၁၁)ပါး | ပဋိသန္ဓေ | အပါယ်(၄)ဘုံ |
| အကုသိုလ်-(၁၂)ပါး | ပဝတ္တိ | ကာမ(၁၁)အသဉ်ကြဉ်ရူပ(၁၅) |
| မဟာကုသိုလ်-(၈) | ပဋိသန္ဓေ | ကာမသုဂတိ(၇)ဘုံ |
| မဟာကုသိုလ်-(၈) | ပဝတ္တိ | ကာမ(၁၁)အသဉ်ကြဉ်ရူပ(၁၅) |

၁။ ဥဒ္ဓစ္စကြဉ်အကုသိုလ်ကံ(၁၁)ပါးသည် အပါယ်(၄)ဘုံ၌ ပဋိသန္ဓေအကျိုးပေး၏။ (ပဋိသန္ဓေအကျိုးပေးခြင်းဟူသည် အပါယ်ပဋိသန္ဓေဖြစ်သော-အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ကို ဇနကသတ္တိဖြင့် ဖြစ်စေမှုတည်း။)

၂။အကုသိုလ်ကံ(၁၂)ပါးလုံးသည် ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့၌ ကုသလဝိပါက်(၇)ပါးကို အကျိုးပေး၏။ ဇနကသတ္တိဖြင့် ဖြစ်စေ၏။

၁။ကာမကုသိုလ်(၈)ပါးသည် ကာမသုဂတိ(၇)ဘုံ၌ ကုသလဝိပါက်-ဥပေက္ခာ သန္တီရဏ(၁)ပါး၊မဟာဝိပါက်(၈)ပါးဟူသော ပဋိသန္ဓေအကျိုးကို ပေး၏။

၂။ကာမကုသိုလ်(၈)ပါးသည် ကာမသုဂတိ(၇)ဘုံ၌ မဟာဝိပါက်(၈)ပါး ဟူသော ပဝတ္တိအကျိုးနှင့် အသညသတ်ကြဉ်ရူပ(၁၅)ဘုံ၌ အဟိတ်ကုသလ-ဝိပါက်(၈)ပါး(တွင်ဃာန၊ဇိဝှါ၊ကာယကြဉ်ကျန်-၅-ပါး)ဟူသော ပဝတ္တိအကျိုးကို ပေး၏။

## စေတနာ(၄)မျိုးနှင့် အကျိုးပေးအထူး

| ကုသိုလ်(၄)မျိုး | ရသောစိတ် | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | ဉာဏ်သံကု(၄)ပါး ကုသိုလ်ခြံရံ | ဉာဏသမ္ပယုတ် ဝိပါက်စိတ်(၄)ပါး | မဟာဝိ(၈)+ အဟိတ်ကုဝိ(၈)ပါး |
| တိဟိတ်ဩမက | ဉာဏ်သံကု(၄)ပါး အကုသိုလ်ခြံရံ | ဉာဏဝိပ္ပယုတ် မဟာဝိပါက်(၄)ပါး | ဉာဝိပ်-ဝိပါက်(၄)+ အဟိတ်ကုဝိ(၈)ပါး |
| ဒွိဟိတ်ဥက္ကဋ္ဌ | ဉာဝိပ်ကု(၄)ပါး ကုသိုလ်ခြံရံ | | ဉာဝိပ်-ဝိပါက်(၄)+ အဟိတ်ကုဝိ(၈)ပါး |
| ဒွိဟိတ်ဩမက | ဉာဝိပ်ကု(၄)ပါး အကုသိုလ်ခြံရံ | အဟိတ်ကု-ဝိပါက် ဥပေက္ခာသန္တီရဏ(၁) | အဟိတ်ကုသလ- ဝိပါက်စိတ်(၈)ပါး |

http://www.dhammadownload.com



မှတ်ချက်။ တိဟိတ်(ဟိတ်-၃-ပါး)ဉာဏ်ယှဉ်။ဥက္ကဋ္ဌ(အမြတ်စား)ကုသိုလ်ခြံရံ။
ဒွိဟိတ်(ဟိတ်-၂-ပါး)ယှဉ်မယှဉ်။ ဩမက(အညံ့စား)အကုသိုလ်ခြံရံ။
လင်္ကာ။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ်ကုသိုလ်ခေါ်။
ကုသိုလ်ပြုစဉ်၊ ကံကျိုးမမြင်သိ၊ ဉာဏ်မယှဉ်ဘိ၊ဒွိဟိတ်ကုသိုလ်ခေါ်။
ရှေ့နောက်နှစ်တန်၊ ကုခြံရံ၊ အမှန်ဥက္ကဋ္ဌ။
ရှေ့နောက်နှစ်တန်၊ အကုခြံရံ၊ အမှန်ဩမက။

## ရူပကုသိုလ်ကံအကျိုးပေးပုံများ

### အယုတ်၊အလတ်၊အမြတ်

ဈာန်နှင့်ယှဉ်ဘက်ဖြစ်သော ဆန္ဒ၊စိတ္တ၊ဝီရိယ၊ဝီမံသတရား(၄)ပါးတို့တွင် တစ်ပါး ပါးသည် အဓိပတိထိုက်မြဲ ဖြစ်၏။ ထိုအဓိပတိတရားသည် အညံ့စားဖြစ်လျှင် 'ပရိတ္တ'၊အလတ်စားဖြစ်လျှင်'မဇ္ဈိမ'၊အမြတ်စားဖြစ်လျှင်'ပဏီတ'ဟု ဈာန်ကို ခွဲခြား၏။

### ကံနှင့်ဝိပါက် တွဲစပ်ပုံ

၁။ပထမဈာန်ကုသိုလ်ကံသည် ပရိတ္တ/မဇ္ဈိမ/ပဏီတ-အစဉ်အတိုင်း ပထမဈာန် (၃)ဘုံ။

၂။ဒုဈာန်/တဈာန်-ကံသည် ပရိတ္တ/မဇ္ဈိမ/ပဏီတ-အစဉ်အတိုင်း ဒုတိယဈာန်(၃)ဘုံ။
၃။စတုတ္ထဈာန်-ကံသည် ပရိတ္တ/မဇ္ဈိမ/ပဏီတ-အစဉ်အတိုင်း ပထမဈာန်(၃)ဘုံ။
၄။ပဉ္စမဈာန်-ကံသည် (အဘိညာဏ်အဖြစ်မရောက်လျှင်) ဝေဟပ္ဖိုလ်ဘုံ။
ပဉ္စမဈာန်-ကံသည်(သညာဝိရာဂဘာဝနာဖြစ်အောင်ပွားလျှင်) အသညသတ်ဘုံ။
ပဉ္စမဈာန်-ကံသည် (အနာဂါမ်ဖြစ်လျှင်-ဣန္ဒြေ(၅)ပါးအတိုင်း) သုဒ္ဓါဝါသ(၅)ဘုံ။

## အရူပကုသိုလ်ကံအကျိုးပေးပုံ

အရူပကုသိုလ်ကံ(၄)ပါးတွင် အစဉ်အတိုင်းပင် အာကာသာနဉ္စာယတနကုသိုလ်ကံသည် အာကာသာနဉ္စာယတနဝိပါက်-ပဋိသန္ဓေကို ဖြစ်စေ၏။ (အာကာသာနဉ္စာယတနဘုံ၌ ဖြစ်၏ဟု သိပါလေ။)

http://www.dhammadownload.com



## ဓမ္မဝိဥ္ဆာန်များ

၁။ ရုပဘုံသား ဗြဟ္မာကြီးများ မွေးနေ့လုပ် အလှူပေးခြင်းရှိ/မရှိ။ မရှိပါ။(မနောကံ)

၂။ အကုသိုလ်စေတနာဖြစ်ပါလျက် အပါယ်မကျနိုင်သောအကုသိုလ်မျိုးမှာ-ဥဒ္ဓစ္စ စေတနာကံ။

၃။ အကုသိုလ်ဝိပါက် နောက်ပိုးတက်နိုင်ခွင့်ရှိသောဘုံများမှာ- ပဋိသန္ဓေအခါ အပါယ်(၄)ဘုံ၊ပဝတ္တိအခါ ကာမ(၁၁)ဘုံနှင့် ရူပ(၁၅)ဘုံ။

၄။ လူသားတစ်ယောက် ပြုသမျှကုသလ၏ အကျိုးဝိပါက် ရနိုင်သမျှမှာ- (ပဋိသန္ဓေအခါ)ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေတည်နေစေခြင်း။ (ပဝတ္တိအခါ)ကာမ(၁၁)၊ ရူပ(၁၅)ဘုံတို့၌ မဟာဝိပါက်(၈)၊ အဟိတ်ကုသလဝိပါက်(၈)တို့ကို ဖြစ်စေ၏။

၅။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်စေတနာ၏ အကျိုးပေးနိုင်သောစိတ်နှင့်ဘုံမှာ- မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ပါးနှင့် ကာမသုဂတိ(၇)ဘုံ။

၆။ လူလောက၌ ဆွံ့အထိုင်းမှိုင်းနေသော လူစဉ်မမီ လူသားတစ်ယောက်၏ အတိတ်ကံမှာ-ဒွိဟိတ်ဩမကဖြစ်သော မဟာကုသိုလ်-ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး။

၇။ လူသားချင်းတူပါလျက် (က)သာသနာ့အာဇာနည် ဖြစ်ရသူ၊ (ခ)ယခုဘဝ မင်္ဂဖိုလ် မရသူ၊ (ဂ)မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့နေသူတို့ အကြောင်းတရားကွာဟချက်များမှာ- (က)တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ။ (ခ)တိဟိတ်ဩမကနှင့်ဒွိဟိတ်ဥက္ကဋ္ဌကံ(ဂ)ဒွိဟိတ်ဩမကကံ။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## သေခြင်း(၄)မျိုးအကြောင်း

| | |
|---|---|
| ၁။အာယုက္ခယ မရဏ | အသက်တမ်းကုန်၍ သေရခြင်း၊ |
| ၂။ကမ္မက္ခယ မရဏ | ကံစွမ်းကုန်၍ သေရခြင်း၊ |
| ၃။ဥဘယက္ခယမရဏ | အသက်၊ကံနှစ်မျိုးကုန်၍ သေရခြင်း၊ |
| ၄။ဥပစ္ဆေဒက မရဏ | ကပ်၍ဖြတ်သောကံကြောင့် သေရခြင်း၊ |

### သေခြင်း(၄)မျိုး၏ဥပမာ

ထွန်းငြိထားသော ဆီမီးတိုင်သည် (၁)မီးစာကုန်၍လည်း ငြိမ်း၏၊(၂)ဆီကုန်၍လည်း ငြိမ်း၏။ (၃)နှစ်မျိုးလုံးကုန်၍လည်း ငြိမ်း၏။ (၄) ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့်လည်း ငြိမ်းတတ်၏။ ထို့အတူ သတ္တဝါတို့သည် အကြောင်း(၄)ပါးတစ်ပါးပါးကြောင့် သေကြရကုန်၏။

### ကာလမရဏနှင့်အကာလမရဏ

သေခြင်း(၄)မျိုးရှိရာတွင် အသက်ကုန်၍သေခြင်း၊ ကံကုန်၍သေခြင်း၊ အသက်ကံနှစ်ပါးကုန်၍သေခြင်း(၃)မျိုးသည် 'ကာလမရဏ'မည်၏။ ကပ်၍ဖြတ်တတ်သောကံ ကြောင့်သေခြင်းသည် 'အကာလမရဏ' မည်၏။

### ဥပစ္ဆေဒကမရဏ၏သဘော

ဥပ-ကပ်၍၊ ဆေဒက-ဖြတ်စီးတတ်သောကံကြောင့် မရဏ-သေရမှုသည် ဥပစ္ဆေဒကမရဏ မည်၏။ ထိုသေခြင်းမှာ အသက်တမ်းလည်း ကျန်ရှိသေး၏၊ ကံစွမ်းလည်း ကျန်ရှိသေး၏။ အတိတ်ကပြုခဲ့သော ဥပဃာတကံက ဝင်ရောက်အကျိုးပေးမှုကြောင့်လည်းကောင်း၊ ဤဘဝ၌ ပြုအပ်သော ဥပဃာတကံတို့က ဝင်ရောက်အကျိုးပေးသောကြောင့်လည်းကောင်း အနာဆိုး,ရောဂါဆိုး,မြွေဆိုး,ရေ၊မီး၊မင်း၊ခိုးသူ၊မုန်းသူ၊မြေမျို၊မိုးကြိုးထိ၊ကားမှောက်၊လေယဉ်ပျက်၊ဆူနာမီ၊ငလျင်ဒဏ်စသည်များစွာတို့ဖြင့် သေရမှုများ ဖြစ်၏။

### အကာလမရဏနှင့်သေပုံများ

အသက်တမ်းလည်း မကုန်မီ၊ ကံစွမ်းလည်း ရှိနေပါလျက် သေချိန်မရောက်ဘဲ အသက်ပျောက်၍ သေရသူတို့မှာ (၁)ဝိသမ ပရိဟာရဇ- ဆင်ခြင်းစဉ်းစားတတ်သော

http://www.dhammadownload.com


နိသမ္ဘကာရီဉာဏ်မှ ကင်းမှုကြောင့်လည်းကောင်း၊ (၂) ဩပက္ကမိက-မိမိ၊ သူတစ်ပါးတို့၏ မတော်မတရား ပြုလုပ်အားထုတ်မှုကြောင့်လည်းကောင်း ဖြစ်၏။

(၁) မိမိနှင့် မသင့်လျော်သောခရီးသို့ သွားခြင်း၊ မိမိနှင့် မတည့်သောအစားအစာတို့ကို စားခြင်း၊ မိမိနှင့် ဆန့်ကျင်ဘက် ရာသီဥတုရှိသော နေရာဌာနတို့၌ နေထိုင်ခြင်း၊ မိမိ မတတ်ကျွမ်းသော စက်မှု၊လက်မှုပညာစသည်တို့ကို ပြုလုပ်ခြင်း၊ မိမိကိုယ်ကို မိမိတိုက်တွန်းမှုကြောင့် မလုပ်သင့်သောအမှုတို့ကို လုပ်မိခြင်း၊ လုပ်သင့်သောအလုပ်တို့ကို မလုပ်ဖြစ်ခြင်း၊ လုပ်သဖြင့် ချုတ်ချော်တိမ်းပါး မှောက်ခုံဖြစ်ခြင်းစသည်ကြောင့် သေရခြင်းတို့မှာ ဆင်ခြင်စဉ်းစားမှု ဉာဏ်မှကင်း၍ ဖြစ်၏။

(၂) တန်ခိုးကြီးသောနတ်တို့ အမျက်ထွက်သည်ရှိသော် အင်္ဂတိုင်း၊ မဂဓတိုင်း၊ မဇ္ဈိမတိုင်းစသည်တို့သည် ပျက်စီးကုန်၏။ ဝေသာလီပြည်သည် ကပ်ကြီးသုံးပါးကြောင့် ပျက်စီး၏။ သုဝဏ္ဏဘုမ္မိတိုင်း၌ နတ်တို့အမျက်ထွက် သဖြင့် သူရဲ၊သူဘက်၊ ဘီလူးတို့ကို လွှတ်ကုန်၍ လူတို့ကို စားစေ၏။ မိမိ၌လည်းကောင်း၊ သူတစ်ပါးတို့၌လည်းကောင်း မတော်မတရားသော လောဘ၊ဒေါသ၊မောဟတရားတို့ လွှမ်းမိုးခံရသည်ရှိသော် သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ဒုဗ္ဘိက္ခန္တရကပ်(၃)ပါးတို့ ဆိုက်ရောက်သဖြင့် သေရခြင်းတို့မှာ မတော် မတရား ပြုလုပ်အားထုတ်မှုကြောင့် ဖြစ်၏။

ထို့ကြောင့် သေမှုမှန်သမျှသည် ကံကြောင့်သာ ဖြစ်၏။ ကံကုန်လျှင် နေချင်၍ မရ။ သေကြရ၏ဟု ကံကိုချည်းသာ ရိုးမယ်မဖွဲ့သင့်ရာ။ 'အသက်ကို ဉာဏ်စောင့်' ဟူသည့်စကားအတိုင်း အတိတ်ကံကို ပစ္စုပ္ပန်ဉာဏ်ပညာဖြင့် စောင့်ရှောက်မှု ပြုသင့်လေသည်။ ကံကိုချည်းသာ အားကိုးပါလျှင် ပုဗ္ဗကတဟေတုက ဒိဋ္ဌိလည်း ဖြစ်ချေ၏။

### ဥပစ္ဆေဒကမရဏဖြင့် မသေနိုင်သူများမှာ

(၁)ငရဲသူ၊ငရဲသားများ၊ မြောက်ကျွန်းသူများ၊ အချို့သောနတ်များ ဖြစ်၏။

### သေခါနီးထင်လာမည့် အာရုံ(၃)မျိုး

သေခြင်း(၄)မျိုးတွင် တစ်မျိုးမျိုးကြောင့် သေရမည့်သတ္တဝါအား သေခါနီးအခါ၌ ဒွါရ(၆)ပါး၊တစ်ပါးပါးတွင် ထင်လာနိုင်သောအာရုံနိမိတ်များမှာ-

(၁)နောက်ဘဝပဋိသန္ဓေအကျိုးပေးမည့် ကုသိုလ်၊ အကုသိုလ်အာရုံ 'ကံနိမိတ်'

(၂)ထိုကံပြုစဉ်အခါ၌တွေ့ကြုံခဲ့ရသမျှသောအာရုံ 'ကမ္မနိမိတ်'၊

(၃)ထိုကံအကျိုးပေးရာ ဘုံဌာနအာရုံ 'ဂတိနိမိတ်' တို့ ဖြစ်၏။

http://www.dhammadownload.com



**ကမ္မနိမိတ်ဟူသည်-** ကံပြုစဉ်အခါက ကံနှင့်တိုက်ရိုက် ဆက်စပ်သော ကံပြီးမြောက်ရန် အခြံအရံအဆောက်အဦဖြစ်သော တုတ်၊လှံ၊လေး၊မြား၊ ကျောင်းကန် ဘုရား၊စေတီ၊ဆွမ်း၊သင်္ကန်း၊ပန်းမာန်စသည် အာရုံ(၆)ပါး ဖြစ်၏။

**ဂတိနိမိတ်ဟူသည်-** တမလွန်ဘဝတွင် ဖြစ်လတ္တံ့သော တိုက်ရိုက်အသုံး အဆောင်ဖြစ်သော အမိဝမ်းရေ၊ ငရဲအိုး၊ ခွေးနက်ကြီး၊ ငရဲမီးလျှံ၊ နတ်သမီးနတ်သား၊ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်စသည်များ ဖြစ်၏။

## သေခါနီးစိတ်အစဉ်ဖြစ်ပုံ

စုတေတော့မည်သတ္တဝါတို့အား တမလွန်ဘဝအတွက် ပဋိသန္ဓေအကျိုး ပေးမည့် ကံအစွမ်းကြောင့် ကံ၊ကမ္မ၊ဂတိနိမိတ်(၃)ပါးတွင် တစ်ပါးပါးထင်ပြီးနောက် ထိုထင်လာ သောအာရုံကိုပင် အာရုံပြု၍ အကျိုးပေးမည့်ကံအားလျော်စွာ သန့်စင်ကြည် လင်သော ကုသိုလ်စိတ်အစဉ်ဖြစ်စေ၊ ညစ်နွမ်းသောအကုသိုလ်စိတ်အစဉ်ဖြစ်စေ၊ ရောက်ရမည့် ဘဝသစ်၌ညွတ်ကိုင်းလျက် အဆက်မပြတ်ထပ်ကာထပ်ကာ ဖြစ်နေ၏။

## မရဏာသန္နဝီထိ(၄)မျိုး

သေဖို့ရန် အလွန်နီးကပ် နေချိန်၌ (၆)ဒွါရ၌ ဖြစ်ပေါ်လာသော ဇောစိတ် အစဉ်'မရဏာသန္နဝီထိ'သည် အောက်ပါအတိုင်း (၄)မျိုး ရှိ၏။

၁။ဇောနောက်တွင် စုတိစိတ်ကျသော ဝီထိစိတ်။
၂။တဒါရုံနောက်တွင် စုတိစိတ်ကျသော ဝီထိစိတ်။
၃။ဇောဘဝင်နောက်တွင် စုတိစိတ်ကျသော ဝီထိစိတ်။
၄။တဒါရုံဘဝင်နောက်တွင် စုတိစိတ်ကျသော ဝီထိစိတ်။

## ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းပုံဝီထိ

| ဘဝဟောင်းမရဏာသန္နဝီထိ | ဘဝသစ်ပဋိသန္ဓေနှင့်ဘဝနိကန္တိလောဘဇော |
|---|---|
| န၊ဒ၊ မ၊ ဇဇဇဇဇ-စုတိ။ | ပဋိ၊ဘ(၁၅/၁၆) မ၊ဇဇဇဇဇဇဇ၊ဘ။ |
| န၊ဒ၊ မ၊ ဇဇဇဇဇ၊ ဒါဒါ-စုတိ။ | ပဋိ၊ဘ(၁၅/၁၆) မ၊ဇဇဇဇဇဇဇ၊ဘ။ |
| န၊ဒ၊ မ၊ ဇဇဇဇဇ၊ဘ-စုတိ။ | ပဋိ၊ဘ(၁၅/၁၆) မ၊ဇဇဇဇဇဇဇ၊ဘ။ |
| န၊ဒ၊ မ၊ ဇဇဇဇဇ၊ဒါဒါ၊ဘ-စုတိ။ | ပဋိ၊ဘ(၁၅/၁၆) မ၊ဇဇဇဇဇဇဇ၊ဘ။ |

http://www.dhammadownload.com



## စုတိစိတ်ဖြစ်ပေါ်ပုံ

သေဖို့ရန် အလွန်နီးကပ်နေသောသတ္တဝါတို့အား မရဏာသန္နဝီထိ၏အဆုံး၌ဖြစ်စေ၊ မရဏာသန္နဝီထိနောင် ဘဝင်အဆုံး၌ဖြစ်စေ၊ ရွေ့လျောခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန် ဘဝ၏အဆုံးဖြစ်သောစိတ် ဖြစ်သည်ကိုပင် စုတေသည်၊သေသည်ဟု ခေါ်၏။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

စုတိစိတ်ချုပ်ပြီးနောက်၌ ကာလမခြားဘဲ (၆-ဒွါရ၌ဖြစ်သော) မရဏာသန္နဇော ဝီထိသည်ယူခဲ့သောအာရုံကိုပင် အာရုံပြု၍၊ ဟဒယဝတ္ထုရုပ်ကို မှီ/မမှီလျက်၊ အဝိဇ္ဇာ ခြံရံ၍ တဏှာအကြောင်းခံသည့် ကုသိုလ်ကံ၊အကုသိုလ်ကံသင်္ခါရတို့က ဖြစ်စေသောကြောင့်၊ ဖဿ၊ဝေဒနာစသော ယှဉ်ဖက်တရားတို့၏ခေါင်းဆောင်ဖြစ်လျက်၊ ရှေ့ဘဝ ဟောင်းနှင့် နောက်ဘဝသစ်ကို တစ်ဆက်တည်းကဲ့သို့ ဆက်စပ်သည်၏ အစွမ်းဖြင့် ဖြစ်သော'ပဋိသန္ဓေ'စိတ်သည် ဘဝသစ်၌ ဖြစ်ပေါ်လာသည်။ (ပဋိသန္ဓေစိတ်+ စေတသိက်+ရုပ်)

## ပဋိသန္ဓေစိတ်၏အာရုံ

မရဏာသန္နဇောဝီထိသည် အဟုန်နည်းသည်၏အဖြစ်ကြောင့် (၅)ကြိမ်သာ စောသဖြင့် ပစ္စုပ္ပန်အာရုံ(ကမ္မနိမိတ်၊ဂတိနိမိတ်)တို့ ထင်ရှားရှိနေစဉ်မှာပင် စုတေခဲ့၍လျှင် ဘဝင်နှင့်ပဋိသန္ဓေစိတ်တို့လည်း ယင်းအာရုံကိုပင် အာရုံပြုကြရ၏။ ထို့ကြောင့်····

(က)ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သော (ပစ္စုပ္ပန်၊အတိတ်)ကမ္မနိမိတ်နှင့် ဂတိနိမိတ်အာရုံများ။

(ခ)မနောဒွါရိကမရဏာသန္နဇောသည်ယူအပ်သော (အတိတ်ဓမ္မာရုံ)ကံအာရုံ၊

| နိမိတ်(၃) | ဒွါရ(၆) | ကာလ(၃) | အာရုံ(၆) |
|---|---|---|---|
| ကံနိမိတ် | မနောဒွါရ | အတိတ် | ဓမ္မာရုံ |
| ကမ္မနိမိတ် | ဆဒွါရ | ပစ္စုပ္ပန်၊အတိတ် | အာရုံ(၆)ပါး |
| ဂတိနိမိတ် | မနောဒွါရ(၆)ဒွါရ | ပစ္စုပ္ပန် | ရူပါရုံ/(၆)အာရုံ |

http://www.dhammadownload.com



## သေပြီးနောက် ရောက်ရမည့်ဘုံဘဝများ

| စုတိစိတ်(၂၀)နောင် | ဖြစ်မည့်ပဋိသန္ဓေ(၂၀) | ရောက်မည့်ဘုံ(၃၁) |
|---|---|---|
| ကာမအဟိတ်(၂)+ ဒွိဟိတ်(၄)နောင် | ကာမပဋိသန္ဓေ(၁၀) | ကာမ(၁၁)ဘုံ |
| ကာမတိဟိတ်(၄)နောင် | ပဋိသန္ဓေ(၂၀) | (၃၁)ဘုံ |
| ရူပစုတိ(၄)နောင် | အဟိတ်ပဋိ(၃)ကြဉ်(၁၇) | အပါယ်/အသညိကြဉ်(၂၆) |
| အသညသတ်(၁)နောင် | ကာမတိ/ဒွိဟိတ်-ပဋိ(၈) | ကာမ(၁၁)ဘုံ |
| အရူပစုတိ(၄)နောင် | အရူပပဋိ/ကာမတိ-ပဋိ(၈) | အထက်အရူပဘုံနှင့် ကာမသုဂတိ(၇) |

၁။ ကာမအဟိတ်စုတိ(၂)ပါးနှင့် ဒွိဟိတ်စုတိ(၄)ပါးတို့နောင် ကာမပဋိသန္ဓေ(၁၀)ပါး ဖြစ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်(၂)မျိုးတို့သည် ကာမ(၁၁)ဘုံတို့၌ ရောက်ရှိနိုင်၏။

၂။ အဟိတ်ပဋိသန္ဓေ(၃)ပါးမှာ- သုဂတိအဟိတ်၊ဒုဂ္ဂတိအဟိတ်နှင့် အသညသတ်သုဂတိအဟိတ်(ရုပ်ပဋိသန္ဓေ)တို့ ဖြစ်၏။

၃။ ကာမတိဟိတ်စုတိ(၄)ပါးနောင် ပဋိသန္ဓေ(၂၀)လုံးဖြစ်နိုင်သဖြင့် ထိုတိဟိတ် လူနတ်ပုဂ္ဂိုလ်တို့သေလျှင် ဘုံ(၃၁)ဘုံလုံးတို့၌ မိမိကံအားလျော်စွာ ရောက်ရှိနိုင်၏။

### ဘဝင်စိတ်အစဉ်ဖြစ်နေပုံ

ဘဝတစ်ခု၌ အစပြုမွေးဖွားပေးသော ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက်တွင် ထိုပဋိသန္ဓေ၏အာရုံကိုပင် အာရုံယူလျက် ထိုပဋိသန္ဓေကိစ္စကိုဆောင်ရွက်သောစိတ်သည်ပင် ဘဝ၏ဖြစ်ကြောင်းဘဝင်စိတ်အစဉ်တို့သည် ဝီထိစိတ်မဖြစ်သော အခါတိုင်း စုတိစိတ်ဖြစ်သည့်တိုင်အောင် မြစ်ရေအသွင်သွင် စီးဆင်းနေဘိသကဲ့သို့ မပြတ်မစဲ ဖြစ်နေ၏။

### သံသရာလည်ပုံနှင့်ပြတ်ပုံ

ဘဝတစ်ခု၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့ချုပ်ပြတ်ပြီးနောက် အသစ်အသစ်သောပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်တို့သည် ရထားဘီးလည်နေသကဲ့သို့ ရဟန္တာမဖြစ်သေးသမျှ ကာလပတ်လုံး အစဉ်အတိုင်းသာ ဆက်ကာဆက်ကာ လည်၍ ဖြစ်နေ

http://www.dhammadownload.com



သည်ကို သံသရာလည်သည်ဟု ခေါ်၏။

ပညာရှိတိဟိတ်ပုဂ္ဂိုလ်တို့သည် သီလ၊သမာဓိ၊ပညာတို့ကို ဖြည့်ကျင့်လျက် ဝဋ်တရားတို့၌ ဝိပဿနာဉာဏ်ဖြင့် ထင်စွာသိမြင်အောင် အားထုတ်သည်ရှိသော် ရွေ့လျောစုတေခြင်းမရှိသော နိဗ္ဗာန်၊မဂ်၊ဖိုလ်ကို မျက်မှောက်ပြုသဖြင့် တဏှာနှောင်ကြိုးကို အကြွင်းမဲ့ဖြတ်တောက်ကာ ဝဋ်ခပ်သိမ်းတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရပေ၏။

♦ ♦ ♦ ♦ ♦

ဝီထိမုတ်ပိုင်းပြီး၏။